ဗြိတိသျှတို့၏ လေကြောင်းတိုက်ပွဲ
နှင့်
ဆင်ဖြူရှင်လက်ထက်
မြန်မာတို့၏ မျိုးချစ်စစ်ပွဲ

နိုင်းယဉ်ချက်

ဒေါက်တာသိန်းထွန်း

ဗြိတိသျှတို့၏
လေကြောင်းတိုက်ပွဲ
နှင့်
ဆင်ဖြူရှင်လက်ထက်
မြန်မာတို့၏ မျိုးချစ်စစ်ပွဲ
နိုင်းယှဉ်ချက်

ဒေါက်တာသိန်းထွန်း

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်သူ

ဦးဇော်မြင့်ထွန်း (အေဇော်ပုံနှိပ်တိုက်-၀၀၂၄၁)
အမှတ် (၁၁၈)၊ ၄-လမ်း၊
ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးဇော်မြင့်ထွန်း (အေဇော်စာပေ) (၀၁၆၉၉)
အမှတ် (၂၁၉)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အကြိမ်

၂၀၁၇-ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၂၅၀၀ ကျပ်

အုပ်ရေ

၅၀၀ အုပ်

ဖြန့်ချိရေး

အေဇော်စာပေအိမ်
အမှတ် (၂၁၉/ခ)၊ ၃၆-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ၀၉ ၇၃၀၇၀၂၁၆

မာတိကာ

အပိုင်း (၁) ဆင်ဖြူရှင်လက်ထက်မြန်မာတို့၏ မျိုးချစ်စစ်ပွဲ ၁

နိဒါန်း

အခန်း (၁) ပွဲဦးထွက်မုန်တိုင်း၌ ဂျာမနီနှင့် ဗြိတိန်နာဇီတို့၏
လျှပ်တစ်ပြက်ထိုးစစ် ၄
- ဒန်ကာ့ကမ်းခြေအရောက် ဆုတ်ခွာရေး ၂၃
- ဗြိတိသျှတို့၏ ဒန်ကာ့ကယ်တင်ရေး ၃၂

အခန်း (၂) ဗြိတိန်နိုင်ငံလေကြောင်းစစ်ပွဲ ၄၁
- ဗြိတိသျှလေတပ်၏ ပွဲဦးထွက်အားနည်းချက် ၄၅
- ဗြိတိသျှတို့၏ ကုသိုလ်ကံ ၄၈
- ဗြိတိသျှတို့၏ အသက်ရှူပေါက် ၅၁
- ဦးကျိုးသွားသော နာဇီလေတပ် ၅၂

အခန်း (၃) မြန်မာတို့ ဂုဏ်ရောင်ပြောင်ခဲ့သော သမိုင်းကဏ္ဍ ၅၅
- မြန်မာတို့ ကဏ္ဍ၏ နောက်ခံသမိုင်း ၅၈
- ပထမတရုတ်မြန်မာစစ်ပွဲ ၆၁
- ဒုတိယတရုတ်မြန်မာစစ်ပွဲ ၇၀
- ရှင်ဖြူရှင်၏ သူရသတ္တိနှင့် မြန်မာတို့၏ အင်အား ၈၃
- တတိယတရုတ်မြန်မာစစ်ပွဲ ၉၀
- စတုတ္ထတရုတ်မြန်မာစစ်ပွဲ ၁၀၅
- တရုတ်တို့က ပြေငြိမ်းရန်ကမ်းလှမ်းရခြင်း ၁၁၅
- သမိုင်းဝင်တရုတ်မှတ်တမ်းများတွင်
ဖော်ပြသော မြန်မာတို့၏ စစ်ဆင်မှုများ ၁၂၂
- ဆင်ဖြူရှင်များ၏ ဇာတိမာန် ၁၂၉

အခန်း (၄) ဗြိတိသျှတို့၏ ပြောင်မြောက်မှုနှင့်
မြန်မာတို့၏ ပြောင်မြောက်မှု ၁၃၁

အပိုင်း (၂)အောင်မြင်မှုများ၏ နောက်ဆက်တွဲဖြစ်စဉ်များ
နိဒါန်း
မြန်မာ့နန်းမြေရောက် ယိုးဒယား၊
ဇင်းမယ်နှင့် လာအိုမင်းမျိုးနွယ်များ ၁၄၁
အခန်း (၁) တောင်ငူခေတ်ယိုးဒယားမင်းမျိုးနွယ်များ ၁၄၄
(ဘုရင့်နောင်လက်ထက်)
- ယိုးဒယားဘုရင် ဗြဟ္မာဓိရာဇာ၏ ပရိယာယ် ၁၄၈
- ဘုရင့်နောင်မင်းကြီး၏ ဒုတိယအောင်မြင်မှု ၁၅၀
- ဘုရင့်နောင်၏ ယိုးဒယားသူမိဖုရားငယ်များ ၁၅၂
- ဘုရင့်နောင်မင်းကြီးလက်ထက် ယိုးဒယားမိဖုရား ၁၅၅
အခန်း (၂) ဇင်းမယ်မင်းမျိုးနွယ်များ (ဘုရင့်နောင်လက်ထက်) ၁၅၈
- ဘုရင့်နောင်မင်းကြီး၏ ဇင်းမယ်သူမောင်းမများ ၁၆၀
အခန်း (၃) လင်းဇင်း (လာအို) မင်းမျိုးနွယ်များ
(ဘုရင့်နောင်လက်ထက်) ၁၆၁
- ဘုရင့်နောင်မင်းကြီး၏ လာအိုသူမောင်းမများ ၁၆၃
အခန်း (၄) ယိုးဒယား၊ ဇင်းမယ်နှင့် လာအိုမင်းမျိုးနွယ်များ
(ငါးဆူဒါယကာ နန္ဒဘုရင့်လက်ထက်) ၁၆၄
အခန်း (၅) ကုန်းဘောင်ခေတ် ယိုးဒယားမင်းမျိုးနွယ်များ
(ဆင်ဖြူရှင်လက်ထက်) ၁၆၅

ကျမ်းကိုးစာရင်း ၁၇၃

စာရေးသူ၏ အမှာ

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမဏီ၏ နာဇီအာဏာရှင် 'ဟစ်တလာ' သည် မိမိသိမ်းပိုက်ထားသော ပြင်သစ်ပြည်မှ အင်္ဂလိပ်ရေလက်ကြားကို ကူး၍ ဗြိတိန်နိုင်ငံကို သိမ်းပိုက်ရန်အတွက် လေကြောင်းစစ်ပွဲကို စတင်ခဲ့သည်။ သူ၏ ရေတပ်နှင့် ကြည်းတပ်များ ရေလက်ကြားကို မကူးမီတွင် ဗြိတိသျှလေတပ်ကို ရက်တိုတိုနှင့် ချေမှုန်းထားရမည်ဖြစ်သည်။ ဗြိတိသျှလေတပ်ကို ချေမှုန်းမထားပါက ရေလက်ကြားကို ကူးနေသည့် သူ၏တပ်များသည် လေကြောင်းမှ ဗြိတိသျှတို့၏ တိုက်ခိုက်ခြင်းကို ခံရမည်ဖြစ်သည်။

ဟစ်တလာ၏ ဗြိတိန်နိုင်ငံ လေကြောင်းစစ်ပွဲ စတင်သောအခါက ဗြိတိန်နိုင်ငံ၏ တိုက်လေယာဉ်နှင့် လေသူရဲ (fighter pilot) ဦးရေသည် နာဇီတို့၏ ထက်ဝက်မျှသာ ရှိခဲ့သည်။ သို့သော် ဗြိတိသျှလူငယ်တို့သည် အရေးပေါ်ရက်တို့ လေသူရဲသင်တန်းကို တက်ရောက်ကာ တိုင်းပြည်အတွက် အသက်ကိုစွန့်၍ နှစ်လအတွင်း နာဇီလေတပ် ဦးကျိုးသွားအောင် တိုက်နိုင်ခဲ့သည်။ ဗြိတိသျှသုတေသီတို့က နောင်အခါတွင် ဤနှစ်လမျှသော သမိုင်းကာလကို ဗြိတိန်နိုင်ငံ၏ ပြောင်မြောက်ဆုံးသော သမိုင်းကာလ (Britain's finest hour) ဟု အမည်ပေး၍ သမိုင်းကို ပြုစုကြသည်။

မြန်မာတို့သည်လည်း ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက်က မိမိတို့ထက် အဆပေါင်းများစွာ အင်အားကြီးမားသည့် စစ်တပ်ကြီးဖြင့် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ရန် လေးနှစ်အတွင်း လေးကြိမ်တိုင်တိုင် ကျူးကျော်ဝင်ရောက်လာသည့် တရုတ်တပ်ကြီးကို လေးကြိမ်တိုင်တိုင်ပင် ပြတ်ပြတ်သားသား တိုက်ခိုက်တွန်းလှန်နိုင်ခဲ့သည်။ မြန်မာတို့အား နှိမ်ချသော လေသံကို သူ၏ 'မူ' အဖြစ် လက်ကိုင်ထား၍ မြန်မာ့သမိုင်းကို ပြုစုသည့် အင်္ဂလိပ်သမိုင်းဆရာ 'ဟာဗီ' (Harvey) ကိုယ်တိုင်ကပင်လျှင် ဆင်ဖြူရှင်မင်းလက်ထက်က မြန်မာတို့၏ စွမ်းဆောင်မှုကို 'မြန်မာတို့၏ ပြောင်မြောက်သော သမိုင်းကာလ' ဟု ထုတ်ဖော်ရေးသားခဲ့ရသည်။

ဤစာအုပ်တွင် 'မြန်မာတို့ ပြောင်မြောက်ခဲ့သော သမိုင်းကာလ' နှင့် 'ဗြိတိသျှတို့ ပြောင်မြောက်ခဲ့သော သမိုင်းကာလ' ဤသမိုင်းကာလနှစ်မျိုးကို နှိုင်းယှဉ်၍ တင်ပြထားပါသည်။ သူ့ခေတ်နှင့်သူ ခေတ်ကာလ၏ အခြေအနေများကို ထည့်သွင်းစဉ်းစား၍ မည်သည့်ကာလက မည်သည့်ကာလထက် ပိုမိုပြောင်မြောက်ခဲ့သည်ကို စာရှုသူများက အဆုံးအဖြတ်ပေးရန်ပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ပြုစုရာတွင် အဓိကထား၍ ကိုးကားရသည်များမှာ 'မှန်နန်းရာဇဝင်တော်ကြီး' နှင့် 'ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး' ပင်ဖြစ်ပါသည်။ သို့သော် ထို ရာဇဝင်တော်ကြီးတို့တွင် မပါရှိသည့် သက်ဆိုင်ရာ သမိုင်းဖြစ်စဉ်များကိုလည်း တတ်အားသ၍ ပြည့်စုံအောင် ဤစာအုပ်တွင် ထည့်သွင်းထားပါသည်။ ၄င်းတို့မှာ ဟာဗီ (Harvey) ၏ 'History of Burma' ၊ ဆရာကြီး ဒေါက်တာထင်အောင် Maung Htin Aung ၏ 'A History of Burma' ၊ ပါမောက္ခ လုစ် (G.H. Luce) ၏ 'တရုတ်တို့၏ ၁၈ ရာစုနှစ် မြန်မာပြည်တွင်း ကျူးကျော်မှုစစ်ပွဲများ' စာတမ်း (Chinese Invasions of Burma in the Eighteemth Century) အပြင် ဟာဗီ၏ စာအုပ်တွင် တွေ့ရသည့် သမိုင်းဝင် တရုတ်နန်းစဉ်မှတ်တမ်းများပင် ဖြစ်ပါသည်။

၁၉၆၂ ခုနှစ်များမှစ၍ မျက်မှောက်ခေတ်အထိ ကာလများတွင် မြန်မာပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းများ မည်ကဲ့သို့သော အခြေအနေတွင် ရှိသည်မှာ သူသူငါငါ လူတကာ သိပြီးသော အကြောင်းအရာများပင် ဖြစ်ပါသည်။ ထိုခေတ်ကာလများအတွင်း၌ ကြီးပြင်းခဲ့ရသော မြန်မာလူငယ်များသည် ဤစာအုပ်ကို ဖတ်ပြီးနောက် တစ်ချိန်က မြန်မာတို့၏ စွမ်းအားနှင့် အရှေ့တောင်အာရှတွင် တစ်ချိန်က လူတကာနှင့် ရင်ဘောင်တန်းနိုင်ခဲ့သော မြန်မာတို့၏ ဂုဏ်ရည်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရသကဲ့သို့ နှလုံးသွင်းမိလျှင် ဤစာအုပ်ကို ရေးရကျိုးနပ်ပေပြီဟု စာရေးသူ ဝမ်းမြောက်ရပါတော့မည်။

ဒေါက်တာ သိန်းထွန်း

အောက်တိုဘာလ (၃) ရက်၊ ၂၀၁၆ ခု

အပိုင်း (၁)

ဗြိတိသျှတို့၏ ဝေဟင်မှ ဗျတ္တိနှင့် မြန်မာတို့၏ မြေပြင်မှ သတ္တိ

(ဗြိတိသျှတို့၏ လေကြောင်းတိုက်ပွဲနှင့် ဆင်ဖြူရှင်လက်ထက် မြန်မာတို့၏ မျိုးချစ်စစ်ပွဲ)

နိဒါန်း

အကြောင်းအရာတစ်ခု သို့မဟုတ် လူတစ်ယောက် သို့မဟုတ် လူမျိုးတစ်မျိုး ကောင်းသည်၊ ဆိုးသည်၊ တော်သည်၊ ညံ့သည်စသည်ဖြင့် သမိုင်းသုတေသီများက မှတ်ချက်ပေး၍ သမိုင်းကို ပြုစုလေ့ရှိကြပါသည်။ သမိုင်းဆရာများက ဤကဲ့သို့ မှတ်ချက်ပေးကြရာတွင် ကောင်းမွန်မှု၊ ညံ့ဖျင်းမှု စသည်တို့ကို သိပ္ပံပညာရပ်များတွင် ပညာရှင်များ လုပ်ဆောင်လေ့ရှိသကဲ့သို့ ကိန်းဂဏန်းအရေအတွက်ဖြင့် တိတိကျကျ ဖော်ပြရန် ဥပမာ-ပြဒါးတိုင် thermometer/barometer ကဲ့သို့ စံပြုပစ္စည်း ကိရိယာများ သမိုင်းပညာရပ်တွင် မရှိပါ။

ထို့ကြောင့် လူမျိုးတစ်မျိုး ကောင်းသည်၊ ဆိုးသည်၊ တော်သည်၊ ညံ့သည် စသည်ဖြင့် သမိုင်းဆရာများ မှတ်ချက်ပေးရာတွင် ၄င်းတို့ပေးသော မှတ်ချက်များ ထိရောက်စေရန် အဓိပ္ပာယ်ရှိသည်ထက် ရှိစေရန် အားထားရသော အရာမှာ နှိုင်းယှဉ်မှုသာ ဖြစ်ပါသည်။ ဤစာအုပ်၏ အပိုင်း (၁)တွင် ဆင်ဖြူရှင်မင်းလက်ထက်က မြန်မာတို့ ဂုဏ်ရောင်ပြောင်ခဲ့သော သမိုင်းကဏ္ဍတစ်ခုကို တင်ပြပါမည်။ ဗြိတိသျှသုတေသီများက ဗြိတိန်နိုင်ငံ၏ သမိုင်းတွင် အပြောင်မြောက်ဆုံးသော သမိုင်းကဏ္ဍတစ်ခုဟု သတ်မှတ်ထားသည့် ဖြစ်ရပ်တစ်ခုနှင့် နှိုင်းယှဉ်၍ မြန်မာတို့၏ ဂုဏ်ရောင်ပြောင်ခဲ့သော ထိုသမိုင်းကဏ္ဍကို အပိုင်း (၁)တွင် ရှေးဦးစွာ တင်ပြပါမည်။

ပြည်သူတို့၏ တစ်ခဲနက်အားပေးမှုနှင့် ဟစ်တလာ

အပိုင်း (၁) အခန်း (၁)

ပွဲဦးထွက်စစ်မှန်တိုင်း၌ ဂျာမဏီနှင့် ဗြိတိန်

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက နာဇီအာဏာရှင် ဟစ်တလာ၏ စစ်ယန္တရားသည် ၁၉၄၀ ပြည့်နှစ်တွင် လျှပ်တစ်ပြက်ထိုးစစ်ဖြင့် (မေလ ၁၀ ရက်နေ့မှ ဇွန်လ ၂၂ ရက်နေ့အထိ၊ တစ်လခွဲမျှသော ကာလအတွင်း) ဘယ်လ်ဂျီယန်နှင့် ဟော်လန်နိုင်ငံများကို အောင်နိုင်၍ ဂျာမဏီပြည်၏ အနောက်ပိုင်းရှိ အနောက်ဥရောပတစ်လွှားကို ပြင်သစ်ပြည်အထိ တိုက်ခိုက်သိမ်းပိုက်ထားနိုင်ခဲ့သည်။ စစ်သွေးကြွနေသော အာဏာရှင် ဟစ်တလာသည် မိမိသိမ်းပိုက်ထားသော ပြင်သစ်ပြည်မှတစ်ဆင့် အင်္ဂလိပ်ရေလက်ကြားကို ကူး၍ အင်္ဂလန်ကို သိမ်းယူရန် ထိုးစစ်ကို (Seelowe-Operation Sea Lion) ပင်လယ်ခြင်္သေ့ စစ်ဆင်ရေးအမည်ဖြင့် စစ်ဆင်ရေးစီမံကိန်းကို အပူတပြင်း ရေးဆွဲတော့သည်။

ထိုစစ်ဆင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို စတင်ရန်ဖြစ်သော ညွှန်ကြားချက်ကို စစ်ရေးညွှန်ကြားချက် အမှတ် (၁၆) အဖြစ် ဘာလင်စစ်ဌာနချုပ်မှ ဂူလိုင်လ (၁၆) ရက်နေ့တွင် ထုတ်ပြန်၍ နာဇီစစ်သေနာပတိများထံသို့ ပေးပို့ခဲ့သည်။ အနောက်ဥရောပတစ်လွှားကို အုံ့ဩလောက်အောင် တိုတောင်းသည့် တစ်လခွဲမျှသော ကာလအတွင်း၌ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သဖြင့် ဗြိတိန်တစ်နိုင်လုံးကိုလည်း အလွယ်တကူပင် အောင်နိုင်လိမ့်မည်ဟု တွက်ဆခဲ့သည်။

နာဇီတို့၏ လျှပ်တစ်ပြက်ထိုးစစ် (Blitzkrieg)

ပထမကမ္ဘာစစ်အတွင်းက အနောက်ဥရောပ စစ်မြေပြင်တွင် ဗြိတိန်နှင့် ပြင်သစ်တို့အပါအဝင်ဖြစ်သော မဟာမိတ်တပ်များနှင့် ဂျာမန်တပ်များ သေရေးရှင်ရေး စစ်ပွဲကြီး ဆင်နွှဲကြသောအခါက နှစ်ဦးနှစ်ဖက်လုံးတွင် အသက်ပေါင်း ထောင်သောင်းချီ၍ ဆုံးရှုံးပြီးနောက် လေးနှစ် (၁၉၁၄-၁၉၁၈) ကြာပြီးမှ မဟာမိတ်တို့ အောင်နိုင်သဖြင့် စစ်ပွဲကြီးပြီးခဲ့သည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီး၏ ပွဲဦးထွက် ၁၉၃၉ ခုနှစ်တွင် နာဇီဂျာမန်တပ်များက ပိုလန်ပြည်အနောက်ပိုင်းကို ဝင်ရောက်သိမ်းပိုက်သဖြင့် ဗြိတိန်နိုင်ငံက နာဇီဂျာမဏီကို တိုက်ရန် စစ်ကြေညာသောအခါတွင် အနောက်ဥရောပ စစ်မြေပြင်မှ မဟာမိတ်နှင့် ဂျာမန်တို့၏ စစ်ပွဲကြီးသည်လည်း



ပြင်သစ်ပြည်အရှေ့ပိုင်း မဟာမိတ်တို့
ခံစစ်နှင့် ဂျာမန်တို့၏ ထိုးစစ်



ပြင်သစ်တို့ ခံစစ်လိုင်းကို ထိုးဖောက်လာသော ဂျာမန်စစ်ဦးများ

နှစ်ရှည်လများ ကြာလိမ့်မည်ဟု ကမ္ဘာနိုင်ငံအသီးသီးက ခန့်မှန်းခဲ့သည်။ ထို့ကြောင့် နာဇီဂျာမန်တပ်များက အနောက်ဥရောပ တစ်လွှားကို တစ်လခွဲမျှသော ကာလအတွင်း၌ တိုက်ခိုက်သိမ်းပိုက်သောအခါတွင် တစ်ကမ္ဘာလုံးက အံ့သြ၍ မဆုံးနိုင်အောင်ဖြစ်ခဲ့သည်။ ထို့ကြောင့် နာဇီဂျာမန်တပ်များက အဘယ်ကြောင့် ဤကဲ့သို့သော လျှပ်တစ်ပြက် အောင်ပွဲရအောင် တိုက်နိုင်ခဲ့သည်ကို အကျဉ်းချုပ်၍ တင်ပြပါမည်။

၁။ စနစ်ကျသော နာဇီတို့၏ ကြည်းတပ်ဖွဲ့စည်းမှု

နာဇီတို့၏ စစ်ဆင်ရေးတွင် ကြည်းတပ်များကို ဖွဲ့စည်းမှုတွင် ဌာနချုပ်မှ ဦးစီးချုပ်သည် မိမိ၏ လက်အောက်မှ စစ်မြေပြင်သေနာပတိတို့ကို တိုက်ရိုက်ဆက်သွယ်၍ လိုအပ်သောအမိန့်ကို ပေး၍ အလျင်အမြန် ညွှန်ကြားနိုင်သော ဖွဲ့စည်းမှုရှိသည်။ သို့သော် ဗြိတိသျှ၊ ပြင်သစ်၊ ဘယ်လ်ဂျီယန်နှင့် ဟော်လန်တို့၏ မဟာမိတ်ကြည်းတပ်များ ဖွဲ့စည်းမှုမှာ အထက်အောက် အဆင့်ဆင့် ဆက်သွယ်မှု ရှုပ်ထွေးသည့်၊ ကြန့်ကြာသည့် ရှေးဟောင်းကြိုးနီစနစ်ကြီး ဖြစ်နေသည်။ ပေးထားသော ဇယား (၁) ကို ကြည့်ပါ။


THE GERMAN ORDER OF BATTLE
MAY 10, 1940
Supreme Head of the Armed Forces
ADOLF HITLER
German High Command (O.K.W.)
Chief:
COLONEL-GENERAL WILHELM KEITEL
General Staff (W.F.A.)
Chief:
MAJOR-GENERAL ALFRED JODL
Army High Command (O.K.H.)
Commander-in-Chief:
COLONEL-GENERAL WALTER VON BRAUCHITSCH
Chief-of-Staff:
GENERAL FRANZ HALDER
Army Group North or "B"
COLONEL-GENERAL
FEDOR VON BOCK
29 Divisions, inc. 3 Panzer
18th Army
GENERAL
GEORG VON KÜCHLER
6th Army
GENERAL
WALTER VON REICHENAU
Army Group South or "A"
COLONEL-GENERAL
GERD VON RUNDSTEDT
45 Divisions, inc. 7 Panzer
4th Army
GENERAL
GÜNTHER VON KLUGE
12th Army
GENERAL SIGMUND LIST
16th Army
GENERAL ERNST BUSCH
Panzergruppe Kleist
GENERAL
EWALD VON KLEIST
Army Group "C"
COLONEL-GENERAL
WILHELM VON LEEB
19 Divisions
1st Army
GENERAL
ERWIN VON WITZLEBEN
7th Army
GENERAL
FRIEDRICH DOLLMANN
Ersatzheer (reserves)
GENERAL
FRIEDRICH FROMM
THE ALLIED ORDER OF BATTLE
MAY 10, 1940
High Command
G.H.Q. Land Forces
GENERAL JOSEPH DOUMENC
Supreme Commander
GENERAL MAURICE GAMELIN
North-East Front
GENERAL JOSEPH GEORGES
Other Fronts, Overseas Forces and other Metropolitan Forces
1st Army Group
GENERAL GASTON BILLOTTE
42 Divisions
inc. 3 light mechanised
2nd Army Group
GENERAL GASTON PRETELAT
29 Divisions
3rd Army Group
GENERAL BESSON
7 Divisions
General Reserve
18 Divisions inc. 3 armoured
7th Army
GENERAL
HENRI GIRAUD
B.E.F.
GENERAL
LORD GORT
1st Army
GENERAL
GEORGES BLANCHARD
9th ARMY
GENERAL
ANDRE CORAP
2nd Army
GENERAL
CHARLES HUNTZIGER

ပေးသား (၁)

၂။ နာဇီသံချပ်ကာတပ်များ၏ စနစ်ကျသော ဖွဲ့စည်းမှု

နာဇီသံချပ်ကာ ဒီဝီဇံတပ်မတိုင်းတွင် မိမိတို့ကိုယ်ပိုင် အင်ဂျင်နီယာတပ်ဖွဲ့၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေး တပ်ဖွဲ့၊ မော်တော်ယာဉ်တပ်ဖွဲ့၊ ဆေးတပ်ဖွဲ့ စသည်တို့ ပါဝင်သည်။ ထို့ကြောင့် နာဇီသံချပ်ကာ တပ်မတိုင်းသည် အခြားတပ်မများ၏ အကူအညီကို မလိုအပ်ဘဲ လွတ်လပ်သော တပ်ဖွဲ့များအဖြစ် လှုပ်ရှားနိုင်သည်။ အောင်မြင်လျှင် အောင်မြင်သလို ရှေ့သို့ထိုးဖောက်၍ ချီတက် တိုက်ခိုက်နိုင်သည်။ ဥပမာအားဖြင့် ချီတက်ရာ လမ်းခုလတ်တွင် ပျက်စီးနေသော တံတားကိုတွေ့လျှင် မိမိတို့၏ အင်ဂျင်နီယာတပ်နှင့် ချက်ချင်းပြင်ဆင်၍ ထိုးစစ်ကို အဆက်မပြတ်အောင် ထိန်းထားနိုင်သည်။ သို့သော် မဟာမိတ်တို့၏ သံချပ်ကာတပ်ဖွဲ့များတွင် ဤကဲ့သို့ လွတ်လပ်စွာ လှုပ်ရှားတိုက်ခိုက်နိုင်သော ဖွဲ့စည်းမှုမရှိပါ။ ဥပမာအားဖြင့် နာဇီသံချပ်ကာကား တပ်စုများတွင် မာတ်ဆီကို လူတစ်ဦးချင်း တစ်ပိုင်တစ်နိုင် သယ်နိုင်သော ပုံးများတွင် ထည့်၍ သယ်ယူကာ ထပ်ချပ်မကွာ လိုက်ပါလာသော သုံးတန်ကားများရှိနေသည်။ ထို့ကြောင့် သံကြိပ်ကာ ကားတစ်စင်း မာတ်ဆီကုန်လျှင် တပ်စုနှင့် အတူ လိုက်ပါလာသော ကားများက ချက်ချင်းလာ၍ ဆီဖြည့်ပေးနိုင်သည်။ သို့သော် မဟာမိတ်တပ်များတွင်မူ သံချပ်ကာ ကားတစ်စင်း မာတ်ဆီကုန်လျှင် ဆီဖြည့်ရန် ဆီတင် တင့်ကားကြီးကို စောင့်ရသည်။



ပြင်သစ်တို့၏ Char de Manoeuvre B1 အကြီးစားသံချပ်ကာကားများ

ပြင်သစ်တို့၏ ဆောမ်မူအာ အက်စ် (၃၅) အလတ်စား သံချပ်ကာကားများ
(သံချပ်ကာကား အရေအတွက်အရ မဟာမိတ်အင်အားနှင့်
ဂျာမန်တို့အင်အားမှာ ညီမျှနေသော်လည်း ဂျာမန်တို့၏ ခေတ်မီတောင့်တင်းသော
သံချပ်ကာကားအရေအတွက်မှာ မဟာမိတ်တို့ထက် သာလွန်နေခဲ့သည်)

ပြင်သစ်တို့၏ သံချပ်ကာကား အသေးစားများ



ဂျာမန်တို့၏ Pzkw III Ausfurung E အလတ်စားနှင့် ပြိတိသျှတို့၏
Mark II (Matilda) အကြီးစားတင့်ကားများ



ဆုတ်ခွာသွားသော ပြင်သစ်တို့ မိုင်းခွဲဖျက်ဆီးခဲ့သော တံတားဘေးတွင် ဂျာမန်သံချပ်ကာကားတပ်မ၏
အင်ဂျင်နီယာများ တံတားအသစ်ခင်းနေစဉ်

၃။ နာဇီလေတပ်၏ အင်အားသာမှု

စစ်ပွဲစတင်ချိန်ဖြစ်သော မေလ (၁၀) ရက်နေ့က ဂျာမန်လေတပ်တွင် ရှေ့တန်းစစ်မျက်နှာ၌ လေယာဉ်အမျိုးအစားပေါင်းစုံ စုစုပေါင်း (၃၆၃၄) စင်းရှိခဲ့သည်။ ၄င်းတို့အနက် (၁၅၆၂) စင်းမှာ ဗုံးကြဲလေယာဉ်များ ဖြစ်၍ (၁၀၁၆) စင်းမှာ တိုက်လေယာဉ်များ ဖြစ်သည်။ သို့သော် မေလ (၁၀) ရက်နေ့က ပြင်သစ်ပြည် အရှေ့မြောက်ပိုင်း စစ်မျက်နှာ၌ မဟာမိတ်တို့၏ လေတပ်တွင် လေယာဉ်အမျိုးအစား ပေါင်းစုံ စုစုပေါင်း (၈၀၀) ပတ်ဝန်းကျင်တွင်သာ ရှိခဲ့သည်။ ၄င်းတို့အနက် (၄၂၈) စင်းမှာ ပြင်သစ်တို့၏ မော်ရိန်းဆော်လ် နီယာနှင့် ကားတစ်ဟော့အမျိုးအစား တိုက်လေယာဉ်များဖြစ်၍ အစင်း (၁၃၀) မှာ ဗြိတိသျှလေတပ်မှ စစ်ကူပို့ထားသော တိုက်လေယာဉ်များဖြစ်ပြီး အစင်း (၁၆၀) မှာ ခေတ်မမီတော့သော ဗြိတိသျှဗုံးကြဲလေယာဉ်များ ဖြစ်သည်။ အစင်း (၆၀) မှာ ဗြိတိသျှကင်းထောက်လေယာဉ်များ ဖြစ်သည်။ အစင်း (၅၀) မှာ ခေတ်မီသော ဘယ်ဂျီယန်တိုက်လေယာဉ်များဖြစ်သည်။ သို့သော် ဟော်လန်ပြည်တွင်ကား ပြောပလောက်သော လေတပ်အင်အား မရှိခဲ့ပါ။ ထို့ကြောင့် ဤအရေအတွက်များကို ကြည့်လျှင် ပွဲဦးထွက်၌ ဂျာမန်လေတပ်၏ အပြတ်အသတ် အင်အားသာမှုကို သိနိုင်ပါသည်။



ပြင်သစ်တို့၏ Dewoitine 520 တစ်ယောက်ထိုင် တိုက်လေယာဉ်



ပြင်သစ်တို့၏ Maurane-Soulnier 406 တစ်ယောက်ထိုင် တိုက်လေယာဉ်

ဂျာမန်တို့၏ Junkers Ju 88-A1 စိုက်ဆင်း ဗုံးကြဲလေယာဉ်

ဂျာမန်တို့၏ Messerschmitt B1 109E-3 တစ်ယောက်ထိုင်
တိုက်လေယာဉ်

ဂျာမန်တို့ ပုံးကြဲလေယာဉ်ကို ဆီဖြည့်နေစဉ်

၄။ ကြည်းတပ်အင်အားနှင့် စစ်သည်တို့၏ အရည်အသွေး

စစ်ကြီးဖြစ်ပွားခါစက မဟာမိတ်နှင့် ဂျာမန်တို့၏ မြေပြင်စစ်သည်အင်အားမှာ ညီမျှနေသည်ဟုဆိုနိုင်သည်။ မဟာမိတ်တို့ဘက်တွင် ဟော်လန်ပြည်မှ ဒတ်ချ်လူမျိုးတို့၏ ဒီဝိဇံ (Division) တပ်မ (၉)တပ်၊ ဘယ်လ်ဂျီယန်ဒီဝိဇံတပ်မ (၂၂)တပ်၊ ဗြိတိသျှတို့ စစ်ကူပို့ထားသည့် ဒီဝိဇံတပ်မ (၁၀)တပ်နှင့် ပြင်သစ်ဒီဝိဇံတပ်မ (၉၄)တပ်၊ စုစုပေါင်း မဟာမိတ် ဒီဝိဇံတပ်မပေါင်း (၁၃၅) တပ် ရှိခဲ့သည်။ ဂျာမန်တို့၏ စုစုပေါင်းကြည်းတပ်အင်အားမှာ ဒီဝိဇံတပ်မ စုစုပေါင်း (၁၃၆) တပ်ဖြစ် သည်။ (ဤအရေအတွက်များကို Orbis, World War II Magazine; (Ed.) Eddy Bauer and Peter Young, 1957: Chapter 16, page 208 မှ ရယူပါသည်။)

ထို့ကြောင့် စစ်ပွဲစခါစက နှစ်ဦးနှစ်ဖက် ကြည်းတပ်အင်အားမှာ ညီမျှနေသည်ဟု ဆိုနိုင်သည်။ သို့သော် မဟာမိတ်တို့ဘက်မှ အဓိကအင်အားဖြစ်သော ပြင်သစ်တပ်မ (၉၄) တပ်တွင် ထက်ဝက်ခန့်သာ ထာဝရအမာခံ စစ်သားများဖြစ်၍ ကျန်ထက်ဝက်ခန့်မှာ အရေးပေါ်ခေါ်ယူဖွဲ့စည်းသော အရန်တပ်သားများဖြစ်သည်။ သို့သော် ဂျာမန်စစ်သားအများစုမှာ အသေအချာလေ့ကျင့်ထားသော အမာခံထာဝရစစ်သားများဖြစ်သည့် ပြင်သစ်ပိုလန်စစ်မျက်နှာတွင် ပါဝင်ခဲ့သဖြင့် စစ်ရည်ဝနေသော စစ်သားများဖြစ်သည်။

ဤအရေအတွက်များနှင့် အခြေအနေများကို သုံးသပ်ကြည့်ပါက တစ်လခွဲမျှသော အချိန်ပိုင်းအတွင်း၌ နာဇီတပ်များက ပြင်သစ်ပြည်တိုင်အောင် အနောက်ဥရောပ အနောက်တစ်လွှားကို သိမ်းပိုက်ထားနိုင်ခဲ့သည်မှာ အံ့သြစရာမဟုတ်တော့ပါ။



ဂျာမန်တို့တောင်ဘက်နှင့် အနောက်ဘက်မှ လှည့်၍ မဟာမိတ် ပြိတိသျှနှင့် ပြင်သစ်တပ်များကို ဝိုင်းညှပ်သော လမ်းကြောင်းများ

ဒန်ကာ့ (Dunkirk) ကမ်းခြေအရောက်ဆုတ်ခွာရေး

မေလ (၂၈)ရက်နေ့၌ ဘယ်လ်ဂျီယန်တပ်များ မတတ်သာသဖြင့် လက်နက်ချလိုက်ရသည့် နောက်ပိုင်းတွင်ကား မဟာမိတ်တပ်များအဖို့ အခြေမပျက်ဆုတ်ခွာရန်သာ ကြိုးစားရတော့သည်။ ဘယ်လ်ဂျီယန်တပ်များ လက်နက်ချလိုက်သော အခါတွင် ပြင်သစ်ပြည်တွင်းမှ လီလေးမြို့နယ်၏ စစ်မျက်နှာတစ်ခုလုံးတွင် (မြေပုံအမှတ် (၁)ကို ကြည့်ပါ) ခုခံနေသော ပြင်သစ်တို့၏ အမှတ် (၁) တပ်မဟာ (1st Army) ၏ ဝဲယာတောင်ပံ နှစ်ဘက်လုံးသည် ဟင်းလင်းပွင့်သွားတော့သည်။

ထိုအခြေအနေတွင် လီလေးနယ်၏ အနောက်တောင်ဘက် လက်ယာတောင်ပံဖြစ်သော ပြင်သစ်တို့၏ လာဘက်ဆီး (La Bassee) မြို့အထိ ဝင်ရောက်ထားပြီးဖြစ်သည့် ဂျာမန် ဗိုလ်ချုပ်ဟော့သ် (Hoth) ၏ သံချပ်ကာကားတပ်သည် လီလေးနယ်၏ အရှေ့မြောက်ဘက် မင်နင် (Menin) နယ်ရှိ လီလေးစစ်မျက်နှာ၏ လက်ဝဲတောင်ပံတွင် ခုခံနေသော ပြင်သစ်ဗိုလ်ချုပ် ရိုက်ချင်နိုး (Reichenou) ၏ တပ်များနှင့် (၂၅)မိုင်သာ ဝေးတော့သည်။



ဒန်ကာ့ကမ်းခြေသဲသောင်ပြင်ကြီးပေါ်တွင် သဘော်များပေါ်သို့တက်ရန်
စုဝေးနေကြသော မဟာမိတ်ဗြိတိသျှတပ်သားများ



မဟာမိတ် ပြိတိသျှနှင့် ပြင်သစ်တို့ ဒန်ကာ့သို့ဆုတ်ခွာနေသော လမ်းကြောင်းကို ပိတ်ဆို့ရန် ကြိုးပမ်းနေသည့် ဂျာမန်ထိုးစစ်

မိမိတို့ အင်အားသာသည့် အခြေအနေကို သဘောပေါက်ထားသည့်အတိုင်းပင် ဂျာမန်တပ်များသည် မေလ (၂၈) ရက်နေ့တွင် လီလေးစစ်မျက်နှာတွင် ခုခံနေသည့် ပြင်သစ်တပ်အမှတ် (၄)နှင့် (၅) French IV and V Corps ကို အနောက်မျက်နှာမှလည်း ပတ်ဝိုင်း၍ တိုက်တော့သည်။ ပြင်သစ်တပ်တို့ကလည်း အလွယ်တကူ အညံ့မခံဘဲ ရွပ်ရွပ်ခွဲခွဲပင် ခုခံ

ကြပြီး မတတ်သာသည့် အခြေအနေရောက်မှသာ လက်နက်ချ လိုက်ကြသည်။ ထို့ကြောင့် ဂျာမန်ဗိုလ်ချုပ် ဗေဂါ (General Waeger) က ပြင်သစ်တို့၏ သတ္တိကို အသိအမှတ်ပြုသော အားဖြင့် မိမိ၏ ဂုဏ်ပြုတပ်ဖွဲ့နှင့်ပင် အည့ံခံသူ ပြင်သစ်စစ် တပ်ကို ဂုဏ်ပြုခဲ့သည်။ သို့သော် ထိုအချိန်တွင် ပြင်သစ်တပ် များနှင့် ပြင်သစ်ပြည်၏ အရှေ့မြောက်ဘက်တွင် ခုခံနေသော အင်္ဂလိပ်မဟာမိတ်တပ်များအဖို့ ပြင်သစ်ကမ်းခြေ ဒန်ကာ့ (Dunkirk) အရောက်ဆုတ်ခွာပြီးနောက် အင်္ဂလန်ကမ်းခြေ၏ ဒိုဗာဆိပ်ကမ်းနှင့် ဒန်ကာ့ (Dunkirk) ပြင်သစ်ကမ်းခြေ အကြားရှိ (၅၅)မိုင် အကွာအဝေးရှိသော အင်္ဂလိပ်ရေလက် ကြားကို ဖြတ်ကူး၍ အင်္ဂလန်အထိ အပြီးအပိုင်ဆုတ်ခွာရန်သာ ကြိုးစားရတော့သည်။ သို့မဟုတ်ပါက ပြင်သစ်နှင့် အင်္ဂလိပ် မဟာမိတ်တပ်များအား လုံး စစ်သုံ့ပန်းအဖြစ် နာဇီတို့၏ လက်တွင်းသို့ ကျရောက်ရမည် ဖြစ်သည်။

ထိုအခြေအနေတွင် ဂျာမန်တို့က အရှေ့အနောက်နှင့် တောင်ဘက်စစ်မျက်နှာများမှ ဝိုင်းညှပ်၍ ဒန်ကာ့ (Dunkirk) အရောက် ဆုတ်ခွာသော ထွက်ပေါက်ကို ပိတ်ရန် ကြိုးစားကြ သည်။ ထို့ကြောင့် မိမိတို့၏ ဝဲယာနှင့် နောက်ကျောလုံခြုံရေး တပ်များ (flank-guard and rear guard) က ဂျာမန်ထိုးစစ် ကို ခုခံနေစဉ်တွင် ပြင်သစ်နှင့် အင်္ဂလိပ်တပ်များသည် ဒန်ကာ့ (Dunkirk) သဲသောင်ကမ်းခြေအရောက် အပြင်းဆုတ်ခွာ

ဒုန်ကာ့ကမ်းခြေသဲသောင်ပြင်ကြီးပေါ်တွင် ဂျာမန်တို့၏ ဝုံးဒဏ်ကြောင့် အတုံးအရုံး ကျဆုံးကြသော မဟာမိတ် ဗြိတိသျှတပ်သားများနှင့် ပြင်သစ်တပ်သားများ

ရတော့သည်။ ကျယ်ဝန်းသော ဒန်ကာ့သဲသောင်ပြင်ကြီး ပေါ်သို့ ရောက်လာသော ပြင်သစ်နှင့် အင်္ဂလိပ်တပ်သားများ နှင့် မော်တော်ယာဉ်များပေါ်ကို ဂျာမန်လေတပ်မှ ဗုံးကြဲ လေယာဉ်များနှင့်လည်း ဗုံးကြဲချသကဲ့သို့ တိုက်လေယာဉ် များမှ စက်သေနတ်များနှင့်လည်း အဆက်မပြတ် ပစ်ခွင်း ထိုးနှက်နေခဲ့သည်။

ထိုအချိန်တွင် ဗြိတိသျှလေတပ်မှ တိုက်လေယာဉ်များက လည်း ဒန်ကာ့သဲသောင်ပြင်ထက်မှ နာဇီလေယာဉ်များကို ထိုးနှက်ခြင်းအားဖြင့် အကာအကွယ်မဲ့ သဲသောင်ဟင်းလင်း ပြင်တွင် ရောက်နေသည့် မိမိတို့၏ တပ်များကို ကယ်တင်ရန်

ဒန်ကာ့ကမ်းခြေသဲသောင်ပြင်ကြီးပေါ်တွင် ဂျာမန်တို့၏ ဗုံးဒဏ်ကို ခံရသော မော်တော်ယာဉ်များ

ဒုန်ကာ့ကမ်းခြေသဲသောင်ပြင်ကြီးပေါ်တွင် စုရုံးနေကြသော မဟာမိတ် ဗြိတိသျှတပ်သားများ။

အသက်စွန့်၍ တိုက်ရတော့သည်။ ထို့ကြောင့် ပြင်သစ်နှင့် အင်္ဂလိပ်တပ်များ ဒန်ကာ့သို့ရောက်လာချိန်တွင် ဒန်ကာ့ကောင်းကင်တွင်လည်း နာဇီလေယာဉ်များနှင့် အင်္ဂလိပ်လေယာဉ်များ တစ်ဖက်နှင့်တစ်ဖက် အသက်စွန့်၍ အပြင်းအထန် တိုက်နေကြရသည်။ သဘောင်ပြင်ပေါ်တွင် ဂျာမန်တို့၏ ဗုံးဒဏ်ကို ခံရသော ပြင်သစ်နှင့် အင်္ဂလိပ်စစ်သည်များ အတုံးအရုံးကျဆုံးကြရသည်။ ထိုအခြေအနေတွင် ပြင်သစ်နှင့် အင်္ဂလိပ်စစ်သည်တို့အဖို့ ကံကောင်းထောက်မသော အရာမှာ ထူထဲသည့်အပြင် မွေသော ဒန်ကာ့သဲမြေပင် ဖြစ်သည်။ သဲထုသည် ထူထဲသည့်အပြင် သိပ်သည်းမှုမများဘဲ မွေနေသော အခါတွင် ဝေဟင်မှချလိုက်သော ဗုံးများသည် သဲထုအတွင်းသို့ စိုက်ဝင်သွားပြီးနောက်မှ ပေါက်ကွဲကြသည်။ စိုက်ဝင်သွားသော ဗုံးတို့၏ ဘေးပတ်ပတ်လည်မှ သဲမြေများသည် ဗုံးတို့၏ ပေါက်ကွဲမှုအင်အားကို အတိုင်းအတာတစ်ခုအထိ ဟန့်တားထားနိုင်သည်။ ထို့ကြောင့် ဒန်ကာ့သဲမြေပြင်မှ စစ်သည်များသည် ကံကောင်းထောက်မသောအားဖြင့် ဂျာမန်တို့၏ ဗုံးဒဏ်မှ ထူးထူးခြားခြားပင် သက်သာရာရခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဂျာမန်လေယာဉ်များကို ဒန်ကာ့သဲပြင်မှ သေနတ်နှင့် အာခံနေသော
ပြိတ်သူစစ်သား

ဗြိတိသျှတို့၏ ဒန်ကာ့ကယ်တင်ရေး

ဗြိတိန်နိုင်ငံ၏ စစ်အတွင်းဝန်ကြီးများအဖွဲ့၏ ဝန်ကြီးချုပ် ဝင်စတန်ချာချီက မေလ (၂၀)ရက်နေ့မတိုင်မီကပင် ပြင်သစ် စစ်မျက်နှာမှ ဗြိတိသျှတပ်များ မကြာမီ ဆုတ်ခွာလာရတော့ မည်ကို သဘောပေါက်ခဲ့သည်။ ဆုတ်ခွာလာသော ဗြိတိသျှ တပ်များကို သဘော်များနှင့် ဒန်ကာ့ကမ်းခြေမှ အင်္ဂလန်ကျွန်း အရောက် ကယ်တင်ရတော့မည့် အခြေအနေကို ကြိုတင် သိမြင်ခဲ့သည်။ ထို့ကြောင့် ချာချီက မေလ (၂၀) ရက်နေ့တွင် ဒန်ကာ့ကယ်တင်ရေးအတွက် ရှိသမျှ ရေယာဉ်များကို အသင့် အနေအထားတွင် ပြင်ဆင်ထားရန် ဗြိတိသျှရေတပ်မတော် ဗိုလ်ချုပ်များကို ညွှန်ကြားခဲ့သည်။ ဗြိတိသျှရေတပ်မတော် ဗိုလ်ချုပ်များသည် ရေကြောင်းမှ ကယ်တင်ရေးလုပ်ငန်းကို ဒိုင်နမိုစစ်ဆင်ရေးဟူသော အမည်ဖြင့် စစ်ရေးစီမံကိန်းကြီး တစ်ခု အဖြစ်ချမှတ်၍ လိုအပ်သည်များကို မနေမနား ပြင်ဆင် ရတော့သည်။ စီမံကိန်းတွင် အသုံးတည့်မည့် ပုဂ္ဂလိက ရေယာဉ်ဟူသမျှကို သိမ်းယူသည်။ စုစုပေါင်း ပုဂ္ဂလိက ကုန်သည်ရေယာဉ်ပေါင်း (၈၅၀)ကျော် ရရှိခဲ့သည်။ မေလ (၂၆)ရက်နေ့ (၁၈း၅၇) နာရီ စစ်ဆင်ရေး၌ ကုန်သည် ရေယာဉ်ပေါင်းအစင်း (၈၅၀) အပြင် စစ်ရေယာဉ်အမျိုးအစား မျိုးစုံ စုစုပေါင်း (၃၀၀) ခန့် ပါဝင်ခဲ့သည်။ ထို့ကြောင့် ဗြိတိသျှသမိုင်းဆရာများက 'ဒိုင်နမို စစ်ဆင်ရေးတွင် ရေပေါ်

သင်္ဘောသို့တက်ရန် တန်းစီ၍ ဆင်းလာကြသော
မဟာမိတ်ပြိတ်သူ့တပ်သားများ

၌ ပေါ်နေနိုင်သော ဗြိတိသျှယာဉ်ဟူသမျှ ပါဝင်ခဲ့သည်'ဟု ဆိုလေ့ရှိပါသည်။ ဤနေရာတွင် အရပ်ရေယာဉ်များကို အရပ်သားများက မိမိတို့ကိုယ်တိုင် မောင်းနှင်၍ တိုင်းပြည်အတွက် အသက်ပေးကာ ပါဝင်ခဲ့သည်ကို သတိပြုရပါမည်။

ဒိုင်နမိုစစ်ဆင်ရေးတွင် ဗြိတိသျှရေယာဉ်များသည် အင်္ဂလိပ်ရေလက်ကြားကို အေးအေးလူလူ ဖြတ်ကူး၍ ဒန်ကာ့ကမ်းခြေကို အေးအေးလူလူ ချဉ်းကပ်ပြီးနောက် စစ်သည်များကိုလည်း အေးအေးဆေးဆေး တင်ဆောင်နိုင်သည်မဟုတ်ပါ။ ရေယာဉ်များ ဒိဗာဆိပ်ကမ်းကို ခွာ၍ ရေလက်ကြားတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကောင်းကင်မှ ဂျာမန်လေယာဉ်များက ဗုံးများ စစ်သေနတ်များနှင့် တိုက်ခိုက်နေကြသည် ဖြစ်ပါသည်။ ရေယာဉ်များ ဒန်ကာ့ကမ်းခြေကို ကပ်လာသောအခါတွင် အထက်တွင် ဆိုခဲ့သည့်အတိုင်း ဒန်ကာ့ကောင်းကင်တွင် ဗြိတိသျှနှင့် နာဇီတို့၏ လေကြောင်းတိုက်ပွဲမှာ ပြင်းထန်နေပြီ ဖြစ်ပါသည်။ ပြင်သစ်နှင့် အင်္ဂလိပ်စစ်သည်များသည် နာဇီတို့၏ ဗုံးများ စစ်သေနတ်များအောက်မှ မိမိတို့၏ လက်နက်များကို ကိုင်လျက် ရင်ဆို့အထိနက်သော နေရာသို့ သွားပြီးနောက်မှ ရေယာဉ်များပေါ်ကို တက်ရောက်ကြရခြင်း ဖြစ်ပါသည်။

မေလ (၂၆)ရက်နေ့တွင် စတင်သော ဒိုင်နမိုစစ်ဆင်ရေးသည် ဇွန်လ (၄)ရက်နေ့၌ ပြီးဆုံးသောအခါတွင် မဟာမိတ်စစ်သည်စုစုပေါင်း သုံးသိန်းကျော် (၃၃၈,၂၂၆ ဦး) ကို



ဒုန်ကာ့ကမ်းခြေမှ ထွက်ခွာလာသော သဘော်ပေါ်မှ မဟာမိတ်ဖြိုတိသျှတပ်သားများ



ဒုန်ကာ့ကမ်းခြေမှ ထွက်ခွာလာသော သဘော်ပေါ်မှ မဟာမိတ်ဖြိုတိသျှတပ်သားများ

ဒိဗာဆိပ်ကမ်းအရောက် ကယ်တင်နိုင်ခဲ့သည်။ ထိုမဟာမိတ်စစ်သည်သုံးသိန်းကျော်အနက် (၂)သိန်းကျော် (၂၂၅,၂၂၆ ဦး) မှာ ဗြိတိသျှတပ်သားများဖြစ်၍ ကျန်သော တစ်သိန်းကျော် (၁၁၃,၀၀၀ ဦးခန့်) မှာ ပြင်သစ်စစ်သည်များ ဖြစ်သည်။ ထိုမဟာမိတ်စစ်သည် သုံးသိန်းကျော်မှာ ဒန်ကာ့ကမ်းခြေတစ်ပြင်လုံးတွင် မကျဆုံးဘဲ ကျန်ရှိနေသဖြင့် ကယ်တင်ရန် လိုအပ်သည့် စစ်သည်အားလုံးပင် ဖြစ်သည်ဟု သမိုင်းဆရာများက ဆိုပါသည်။ ဤကဲ့သို့ ကိုးရက်မျှသော

ပြင်သစ်တို့လက်နက်ချသော သတင်းကိုကြားရသဖြင့် ပြုံးပျော်နေသော ဟစ်တလာ

ဗိုလ်မှူးကြီးလွန်ကဲလို ဘုံးလယ်တွင်ဖြစ်ပွားခဲ့သည့် ပြည်ထဲစစ်ပွဲအတွင်း ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက် ကာကွယ်ရေးဘက်ဆိုင်ရာ ဦးစီးအရာရှိများ

ပါရီမြို့တွင် အိုက်ဖယ်မြောင်စင်ကို
ဖြတ်၍ ချီလာသော ဟစ်တလာနှင့် ကျာမန်ဝိုလ်ချုပ်များ

ရုံးခန်းတွင်းမှ ဝန်ကြီးချုပ်ချာချီ

ကာလအတွင်း၌ လူသုံးသိန်းကျော်အား ဗုံးများ စက်သေနတ်များအောက်မှ ကယ်တင်နိုင်ခဲ့သော စွမ်းဆောင်မှုကို အံ့ဖွယ်သရဲဖြစ်ရပ် (miracle) ဟု ဗြိတိသျှသမိုင်းဆရာတို့က ဂုဏ်ယူ၍ မှတ်တမ်းတင်ကြပါသည်။

ဤကဲ့သို့ မဟာမိတ်တပ်များ အသက်လု၍ ဆုတ်ခွာမှုနှင့် အဆုံးသတ်သည့် လျှပ်တစ်ပြက် ထိုးစစ်ကို အောင်မြင်စွာ ဆင်နွှဲနိုင်သော အာဏာရှင်ဟစ်တလာသည် စစ်သွေးကြွလာသည်မှာ အံ့သြစရာ မဟုတ်တော့ပါ။ ဇွန်လ (၂၂)ရက်နေ့

တွင် ပါရီမြို့၌ ပြင်သစ်အစိုးရ၏ ကိုယ်စား ပြင်သစ်ဗိုလ်ချုပ် ဟန့်ဇီဂါ (Huntziger) က ဟစ်တလာ တောင်းဆိုသည့် အတိုင်း အညံ့ခံအရှုံးပေးသော လိုက်လျောချက်များ အတိုင်း ရေးသားထားသည့် သဘောတူဝန်ခံချက်ကို လက်မှတ်ရေးထိုး ပြီးသောအခါတွင် ဟစ်တလာ၏ အောင်ပွဲနှင့် စစ်သွေးကြွမှု သည် အထွတ်အထိပ်သို့ရောက်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် လည်း အင်္ဂလိပ်ရေလက်ကြားကို ကူး၍ အင်္ဂလန်ကို သိမ်းယူ ရန် ထိုးစစ်ကို (Sealowe-Operation Sea Lion) ပင်လယ် ခြေသံ့ စစ်ဆင်ရေးအမည်ဖြင့် စစ်ဆင်ရေးစီမံကိန်းကို အပူ တပြင်း ရေးဆွဲပြီးနောက် ထိုစစ်ဆင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို စတင်ရန်ဖြစ်သော ညွှန်ကြားချက်ကို စစ်ရေး ညွှန်ကြားချက် အမှတ် (၁၆) အဖြစ် ဘာလင်စစ်ဌာနချုပ်မှ ဇူလိုင်လ (၁၆) ရက်နေ့တွင် ထုတ်ပြန်၍ နာဇီစစ်သေနာ ပတိများထံသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။

□ □ □

အပိုင်း (၁) အခန်း (၂)

ဗြိတိန်နိုင်ငံ လေကြောင်းစစ်ပွဲ

နာဇီတို့၏ ရှေ့ပြေးစစ်ဆင်ရေး

နာဇီကြည်းတပ်ဖြင့် အင်္ဂလန်သိမ်းပိုက်ရေး ထိုးစစ်ကို မစတင်မီ နာဇီတို့ လုပ်ဆောင်ရမည့် ရှေ့ပြေးစစ်ဆင်ရေးမှာ အင်္ဂလိပ်လေတပ်ကို ရက်တိုတိုနှင့် ရှေးဦးစွာ ချေမှုန်းထား ရန်ပင် ဖြစ်သည်။ အင်္ဂလိပ်လေတပ်ကို အပြီးအပိုင် ချေမှုန်း မထားပါက ရေလက်ကြားကို ဖြတ်ကူးနေသည့် နာဇီကြည်း တပ်နှင့် ရေတပ်များသည် အင်္ဂလိပ်လေတပ်၏ ထိုးနက်မှုကို မရှုမလှခံရမည်ပင် ဖြစ်သည်။ ထို့ကြောင့် နာဇီလေတပ်သည် ၁၉၄၀ ပြည့်နှစ်၊ သြဂုတ်လ (၁၃)ရက်နေ့ တစ်ရက်အတွင်း ၌ပင် ဗုံးကြဲလေယာဉ်နှင့် တိုက်လေယာဉ်စုစုပေါင်း (၂၄၂၂) စင်းဖြင့် အင်္ဂလိပ်လေတပ်စခန်းများ လေယာဉ်ထုတ်လုပ်ရေး စက်ရုံများနှင့် စစ်လက်နက်ပစ္စည်း စက်ရုံများကို အပြင်း အထန် ထိုးနှက်၍ အင်္ဂလန်ကျွန်း သိမ်းပိုက်ရေးထိုးစစ်ကို စတင်ပါတော့သည်။

ပြိတိသျှတို့၏ Hawker Hurricane I တစ်ယောက်ထိုင် တိုက်လေယာဉ်



ဗြိတိသျှတို့၏ Vickers Supermarine 1A
တစ်ယောက်ထိုင် တိုက်လေယာဉ်

ဗြိတိသျှတို့၏
Fairey Battle III တစ်ယောက်ထိုင် တိုက်လေယာဉ်

ဗြိတိသျှလေတပ်၏ ပွဲဦးထွက် အားနည်းချက်

ထိုအခါက နာဇီလေကြောင်းစစ်ဆင်ရေးအတွက် ပြင်သစ်ပြည်တွင် အခြေစိုက်၍ စုရုံးထားသော နာဇီလေသူရဲ (fighter pilot) ဦးရေမှာ နှစ်ထောင်ကျော် ရှိနေခဲ့သည်။ သို့သော် ထိုအခါက ဗြိတိန်တစ်နိုင်ငံလုံးကို ကာကွယ်ရန် အတွက်ရှိနေသော လေသူရဲဦးရေမှာ ရှစ်ရာနှင့် တစ်ထောင်အကြားတွင်သာ ဖြစ်သည်။ နေ့ရောညပါ တစ်နေ့ (၂၄)နာရီ တိုက်နေရသော ထိုလေကြောင်းတိုက်ပွဲတွင် အင်္ဂလိပ်လေသူရဲတို့၏ သေပျောက်နှုန်းမှာနေ့စဉ် (၁၅)ယောက်မှ (၂၀) အထိ ရှိနေခဲ့သည်။ ဤစံနှုန်းအရ အင်္ဂလိပ်လေသူရဲတို့၏ သေပျောက်နှုန်းမှာ ရက်သတ္တတစ်ပတ်တွင် (၁၀၀)နှင့် (၁၄၀) ပတ်ဝန်းကျင်တွင် ရှိခဲ့သည်။ ထို့ကြောင့် ထိုအချိန်က ဗြိတိသျှလူငယ်လူရွယ်များကို အပူတပြင်း လေ့ကျင့်မှုပေး၍ အင်္ဂလိပ်လေတပ်၏ လေသူရဲဦးရေကို ရက်ပိုင်းအတွင်း ထိထိရောက်ရောက် တိုးမြှင့်ပေးရန်မှာ ဗြိတိန်နိုင်ငံအတွက် သေရေးရှင်ရေးအဖြစ် အရေးကြီးနေသော ကိစ္စဖြစ်ခဲ့သည်။ မိမိတို့ တိုင်းပြည်အတွက် အသက်ပေးရန်အတွက် ဝင်ရောက်လာသည့် ဗြိတိသျှလူငယ်လူရွယ်များကို လေ့ကျင့်ပေးသည့် သင်တန်းကာလမှာ အပတ်စဉ်တစ်ခုတွင် (၁၄) ရက်မျှသာ ဖြစ်သည်။ ဗြိတိသျှလူငယ်လူရွယ်များသည် အရေးပေါ် အပတ်စဉ်ရက်တို (၁၄) ရက် သင်တန်းပြီးသည်နှင့် တစ်ပြိုင်နက်ပင် တိုက်လေယာဉ်



ဂျာမန်တို့၏ Messerschmitt Bf 110C နှစ်ယောက်ထိုင် တိုက်လေယာဉ်

ဂျာမန်တို့၏ Donier 17P-1 ကင်းထောက်လေယာဉ်

များကို မောင်းနှင်၍ စစ်ရည်ဝနေသော ဂျာမန်လေသူရဲတို့ကို ကောင်းကင်တွင် ရင်ဆိုင်၍ ရွပ်ရွပ်ချွဲချွဲ တိုက်ရတော့သည်။

ဤလေကြောင်းတိုက်ပွဲ၏ ပွဲဦးထွက်တွင် ဂျာမန်လေတပ်က အသာစီးရနေခဲ့သည်။ ထိုအချိန်တွင် ဗြိတိသျှလေသူရဲ အရေအတွက်မှာ ဖက်ဆစ်နာဇီလေသူရဲ အရေအတွက်၏ ထက်ဝက်မျှသာရှိသဖြင့် နာဇီတိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များသည် အင်္ဂလိပ်လေတပ် စခန်းများကို လည်းကောင်း၊ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များကို လည်းကောင်း ထိထိရောက်ရောက် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။ အင်္ဂလိပ်လေတပ်စခန်းများ၏ လေယာဉ်ပြေးလမ်းများကိုလည်း ချိုင့်ခွက်များနှင့် ပြည့်အောင် ဗုံးကြဲထားနိုင်ခဲ့သည်။ ထိုအခြေအနေတွင် ဗြိတိသျှလေတပ်သည် နာဇီလေတပ်၏ ချေမှုန်းခြင်းကို ခံရတော့မည့် အရိပ်လက္ခဏာများ ပေါ်လွင်နေခဲ့သည်။

ဗြိတိသျှတို့၏ ကုသိုလ်ကံ

ဩဂုတ်လ (၂၄)ရက်နေ့ ညနေတွင် ဗြိတိသျှတို့အဖို့ ကောင်းသော ကံကြမ္မာကို ဖန်တီးပေးသကဲ့သို့သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။ ထိုနေ့တွင် နာဇီဗုံးကြဲလေယာဉ်တပ်ဖွဲ့တစ်စုသည် မြေပုံအဖတ်မှား၍ လန်ဒန် လူနေရပ်ကွက်များပေါ်သို့ ဗုံးကြဲချမိသည်။ (လေကြောင်း တိုက်ပွဲ

တွင် ဩဂုတ်လ (၂၃)ရက်နေ့အထိ နာဇီလေယာဉ်များသည် စစ်နှင့် မပတ်သက်သည့် အဆောက်အအုံများနှင့် လူနေရပ်ကွက်များကို မထိပါးအောင် သတိထား၍ ရှောင်ရှားခဲ့သည်)။ ဤကဲ့သို့ မြေပုံအဖတ်မှား၍ လန်ဒန်လူနေရပ်ကွက်များပေါ်သို့ ဗုံးကြဲချမိသောအခါတွင် နာဇီလေတပ်သည် စောင့်စည်းသင့်သည်ကို မစောင့်စည်းဘဲ စည်းကမ်းဖောက်၍ အရပ်သားပြည်သူများကို သုတ်သင်ရန်ရည်ရွယ်ချက်နှင့် တိုက်ခိုက်သည်ဟု ဗြိတိသျှအစိုးရက ထင်မှတ်သဖြင့် လက်စားချေ၍ လက်တုံ့ပြန်ရန် ဆုံးဖြတ်လိုက်သည်။

ဂျာမန်တို့ ဗုံးများအကြားမှ
လွတ်မြောက်လာသော ပြင်သစ်အချို့

နောက်နေ့ဩဂုတ်လ (၂၅)ရက်နေ့ညတွင် အင်္ဂလိပ်အစိုးရက ဗုံးကြဲလေယာဉ် (၈၁)စင်း လွှတ်၍ ဘာလင်မြို့လူနေရပ်ကွက်များကို ဗုံးကြဲစေသည်။ ဤတွင် မာန်မာနနှင့် အာဘိဇ္ဈာဖုံးနေသော စစ်ဘီလူး ဟစ်တလာသည် ၄င်းအဖို့ ပြုပြင်၍မရသော မှားယွင်းမှုဖြစ်သည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်၍ အကောင်အထည် ဖော်ပါတော့သည်။ လန်ဒန်လူနေရပ်ကွက်များနှင့် အရပ်သူအရပ်သားများကို ထောင်းထောင်းကြေအောင် ဗုံးကြဲတိုက်ခိုက်သတ်ဖြတ်ရန် ဆုံးဖြတ်လိုက်သည်။ လန်ဒန်မြို့ကို လောကငရဲ မီးလောင်တိုက်ကြီးဖြစ်အောင် ဖန်တီးတော့သည်။ စက်တင်ဘာလ (၇)ရက်တစ်ရက်တည်းတွင်ပင် နာဇီလေယာဉ်များသည် စုစုပေါင်း တန်ချိန် (၃၃၀)ရှိသောဗုံးများကို လန်ဒန်လူနေရပ် ကွက်များပေါ်သို့ ကြဲချခဲ့သည်။ ထို့နောက် ရက်ပေါင်း (၅၇)ရက်တိတိ နေ့စဉ်နေ့ဆက် မရပ်မနား လန်ဒန်လူနေရပ်ကွက်များပေါ်သို့ ဗုံးကြဲချခဲ့သည်။

ဗြိတိသျှတို့၏ အသက်ရှူပေါက်

နာဇီလေတပ်သည် လန်ဒန်လူနေရပ်ကွက်များအား ဗုံးကြဲတိုက်ခိုက်ရေးကိုသာ အားစိုက်၍ လုပ်ဆောင်သောအခါတွင် ဗြိတိသျှလေတပ်နှင့် လေတပ်စခန်းများအား တိုက်ခိုက်သည့် လေကြောင်း တိုက်ပွဲကို မမျှော်လင့်ဘဲ ရုတ်တရက်ရပ်ဆိုင်း၍ ထားသကဲ့သို့ ဖြစ်ခဲ့သည်။ ဤအခြေအနေသည် ဗြိတိသျှလေတပ်ကို ဂျာမန်တို့က အသက်ရှူပေါက်ပေးလိုက်သကဲ့သို့ ဖြစ်ခဲ့သည်။ ဤနှစ်လခန့်သော အချိန်အတွင်းတွင် ဗြိတိသျှတို့သည် မိမိတို့၏ လေသူရဲတပ်ဖွဲ့ (Fighter Command) အား အရေအတွက်နှင့် အရည်အချင်းတိုးတက်အောင် အားဖြည့်ပေးနိုင်ခဲ့သည်။ ပျက်စီးနေသော လေယာဉ်ပြေးလမ်းများကို အချိန်မီ ပြုပြင်နိုင်ခဲ့သည်။ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်တို့၌ ထုတ်လုပ်မှုကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထို့ကြောင့် စက်တင်ဘာလ လယ်နှင့် လကုန်ပိုင်းလောက်မှစ၍ ဗြိတိသျှလေတပ်အင်အားသည် နာဇီလေတပ်အင်အားထက် သာလွန်သော အခြေအနေကို ဖန်တီးနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ဗြိတိသျှလေတပ်သည် လေကြောင်းတိုက်ပွဲတွင် အသာစီးရသွားခဲ့သည်။

ဦးကျိုးသွားသော နာဇီလေတပ်

ဤနှစ်လမျှသော ကာလအတွင်းတွင် နာဇီလေတပ်၏ ထိုးစစ်အင်အားသည် သိသိသာသာ လျော့နည်းသွားသဖြင့် နာဇီလေတပ်သည် ၄င်း၏ ထိုးစစ်ကို ရပ်နားရတော့သည်။ ထိုအချိန်၌ နာဇီလေတပ်သည် အင်္ဂလိပ်လေတပ်၏ ထိုးနက်မှုကို ကြံ့ကြံ့မခံနိုင်ဘဲ ဦးကျိုးသွားသည့် အခြေအနေကို ရောက်ခဲ့သည်။ စက်တင်ဘာလ (၇) ရက်နေ့မှ (၃၀) ရက်နေ့အထိ ရက်သတ္တသုံးပတ်အတွင်းတွင်ပင် နာဇီလေတပ်၏ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်ဆုံးရှုံးမှုမှာ အစင်း (၃၈၀)ဖြစ်၍ အင်္ဂလိပ်လေတပ်၏ တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်ဆုံးရှုံးမှုမှာ (၁၇၈)စင်းမျှသာ ရှိခဲ့သည်။ အောက်တိုဘာ (၃၁) ရက်နေ့သို့ ရောက်သောအခါ နာဇီလေတပ်တိုက်လေယာဉ်ဆုံးရှုံးမှုမှာ စုစုပေါင်း (၁၇၃၃)စင်းဖြစ်၍ အင်္ဂလိပ်လေတပ်၏ တိုက်လေယာဉ်ဆုံးရှုံးမှုမှာ စုစုပေါင်း (၁၃၇၉)စင်းသာ ရှိခဲ့သည်။ ဤကဲ့သို့ နာဇီလေတပ်စစ်ဦး ကျိုးသွားသော အခြေအနေတွင် စစ်ဘီလူး အာဏာရှင် ဟစ်တလာသည် ၄င်း၏ အင်္ဂလန်ကျွန်းသိမ်းပိုက်ရေးအစီအစဉ်ကို စွန့်လွှတ်ရမည်ဖြစ်သည်ကို စက်တင်ဘာလမကုန်မီကပင် သဘောပေါက်ခဲ့သည်။ ထို့ကြောင့် ၄င်း၏ ပင်လယ်ခြေသို့စစ်ဆင်ရေးစီမံကိန်းကို ရပ်ဆိုင်းရန် အမိန့်ကို စက်တင်ဘာလ (၁၇)ရက်နေ့တွင် ထုတ်ပြန်ပြီးနောက် မိမိ အလွယ်တကူ တိုက်၍ရမည်ထင်

သော ဆိုဗီယက်ရုရှပြည်ကို သိမ်းပိုက်ရန်အတွက် အရှေ့ဥရောပသို့ စစ်ဦးလှည့်ရန် စီမံကိန်းကို ရေးဆွဲတော့သည်။ စစ်ဘီလူးဟစ်တလာ၏ ပင်လယ်ခြေသော့်သည်လည်း ပင်လယ်ငါးပူတင်းပင် ဖြစ်မလာဘဲ ပျောက်ကွယ်သွားတော့သည်။

(နောက်ဆုံးရရှိသော မှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်အတွင်းက နာဇီလေတပ်၏ ဗုံးဒဏ်ကြောင့် သေကြရသော ဖြိတိသျှ အရပ်သားလူဦးရေမှာ ငါးသောင်းပတ်ဝန်းကျင်တွင် ရှိပါသည်။ ဤသည်ကို အခဲမကျေနိုင်သော ဖြိတိသျှတို့သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးတွင် စိတ်ဓာတ်စစ်ဆင်ရေးနှင့် ကလဲ့စားချေရေးမူအရ ဂျာမဏီ (အထူးသဖြင့် ဒရက်စ်ဒန် Dresden မြို့နှင့် ဘာလင်မြို့) ရှိ လူနေရပ်ကွက်များကို အပြင်းအထန်ဗုံးကြဲသဖြင့် သေကြရသော ဂျာမန်အရပ်သား လူဦးရေမှာ ငါးသိန်းပတ်ဝန်းကျင်တွင် ရှိပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဖြိတိသျှလေတပ်မှ ဗုံးကြဲတပ်ဖွဲ့ (Britain's Bomber Command) ၏ သေပျောက်နှုန်းမှာလည်း စစ်သည်ငါးသောင်း ပတ်ဝန်းကျင်တွင်ရှိပါသည်။ Rob Attar Ed. History Magazine, Feb. 2014.p.34 တွင် Professor David Edgeton ၏ မှတ်တမ်းများကို ကြည့်ပါ။)

ဤကဲ့သို့ပင် နာဇီတို့၏ ကျူးကျော်ထိပါးမှုကို (ဝေလလူမျိုး၊ စကော့လူမျိုး၊ အိုင်ယာလန်လူမျိုးနှင့် အင်္ဂလိပ်လူမျိုး

တို့ကို စုပေါင်းထားသော) ဗြိတိသျှနိုင်ငံသားတို့က နှစ်လ ခွဲမျှသော ကာလအတွင်းတွင် အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ သည်။ (ထိုလေကြောင်းတိုက်ပွဲ၌ အင်္ဂလိပ်လေတပ်တွင် ဝင် ရောက်၍ ရွပ်ရွပ်ချွဲချွဲ ပါဝင်တိုက်ခိုက်သော မဟာမိတ်နိုင်ငံ များမှ လေသူရဲများလည်း ပါဝင်ခဲ့သည်။ ထိုမဟာမိတ် လေသူရဲအများစုမှာ ပိုလန်လူမျိုးများဖြစ်သည်)။ စစ်ကြီးပြီး ဆုံးသွားသောအခါတွင် ဗြိတိသျှသမိုင်းဆရာတို့က ထိုနှစ်လ ခွဲမျှသောကာလကို ဗြိတိန်နိုင်ငံ၏ ဂုဏ်ရောင်အပြောင်မြောက် ဆုံးသော ကာလ (Britain's finest hour) ဟု သတ်မှတ် ကာ ကိုယ့်ဂုဏ်ကိုယ်ဖော်သော သူတော်များအဖြစ် ကိုယ့် လူမျိုးကိုယ် အမွှန်းတင်၍ သမိုင်းကို ပြုစုကြပါတော့သည်။

□ □ □

အပိုင်း (၁) အခန်း (၃)

မြန်မာတို့ ဂုဏ်ရောင်ပြောင်ခဲ့သော သမိုင်းကဏ္ဍ

အထက်တွင် ဖော်ပြခဲ့သော ဖြစ်ရပ်မှ ဇြိတိသျှလူမျိုးတို့ထက် အဆပေါင်းများစွာ ပြောင်မြောက်ခဲ့သော မြန်မာတို့၏ သမိုင်းကဏ္ဍသည် အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် မြေဒူးမင်း ခေါ် ဆင်ဖြူရှင် မင်းတရားလက်ထက်တော်တွင် ဖြစ်ခဲ့သည်။ ဤသမိုင်းကဏ္ဍကို ဝန်ထောက်ဦးမောင်မောင်တင် (ပုဂံဝန်ထောက်ဦးတင်) ပြုစုသော ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ပြုစုသော သမိုင်းကျမ်းများတွင်လည်း

ကောင်း (ဥပမာ- D.G.E. Hall: G.E. Harvey, Maung Htin Aung (ပညာရှင် ဆရာကြီး ဒေါက်တာထင်အောင်) တို့၏ မြန်မာ့သမိုင်းကျမ်းများတွင် အသေးစိတ်တင်ပြထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့သမိုင်းနှင့် ဗြိတိန်နိုင်ငံသမိုင်း ကို လေ့လာထားသူများအဖို့ ဤသမိုင်းကဏ္ဍများသည် ထူးဆန်းသော သစ်ဆန်းသော အကြောင်းအရာများ မဟုတ် တော့ပါ။ ထို့ကြောင့် ဤစာအုပ်၌ အရေးထား၍ ဖော်ပြမည့် အကြောင်းအရာမှာ ပြောင်မြောက်မှုနှစ်ခုကို နှိုင်းယှဉ်၍ သုံးသပ်ပြရန်ပင် ဖြစ်ပါသည်။ သုံးသပ်၍ တင်ပြမှု၏ အဆုံး တွင် မည်သည့် သမိုင်းကဏ္ဍက မည်သည့်ကဏ္ဍထက် ပိုမို ပြောင်မြောက်သည်ကို စာရှူသူက အဆုံးအဖြတ်ပေးရန်ပင် ဖြစ်ပါသည်။ ပြောင်မြောက်မှုနှစ်ခုကို နှိုင်းယှဉ်သုံးသပ်မဖော် ပြမီ မြန်မာ့သမိုင်းကဏ္ဍ၏ နောက်ခံသမိုင်းကြောင်းကို ကုန်း ဘောင် ဆက်မဟာရာဇဝင်တော်ကြီးနှင့် G.E.Harvey နှင့် ပညာရှင်ဆရာကြီး ဒေါက်တာထင်အောင်တို့၏ မြန်မာ့သမိုင်း များအပြင် ပါမောက္ခ G.H.Luce ၏ စာတမ်း (Chinese Invasions of Burma in the Eighteenth Century) တွင် ဖော်ပြထားသော နောက်ခံပေါ်ထွက်လာသည့် သမိုင်းဝင် နှိုင်းတွင်း တရုတ်မှတ်တမ်းများကို မှီး၍ အကျဉ်းချုပ် တင်ပြ ပါမည်။

အလောင်းဘုရား ဦးအောင်ဇေယျ ရုပ်တု

မြန်မာတို့ ကဏ္ဍ၏ နောက်ခံသမိုင်း

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဒုတိယသားတော် မြေဒူးမင်းခေါ် ဆင်ဖြူရှင်မင်းတရား လက်ထက်တော်အတွင်း မြန်မာသက္ကရာဇ် (၁၁၂၅-၅၆) ခုနှစ်ခန့် (ခရစ်နှစ် ၁၇၆၃-၆၄) ခုနှစ်ခန့်တွင် လောလီအမည်ခံ တရုတ်ကုန်သည်ကြီးသည် 'ပိုးစည်း' ကုန်အထည်အလိပ်များကို ဝန်တင်နွားလေးရာခန့်နှင့် တင်ဆောင်၍ ဗန်းမော်နယ်ကောင်းတုံသို့ ရောက်လာသည်။ 'နံသာ' ရွာ အနောက်ဘက်တွင် တပိန်မြစ်ကို ဖြတ်ကူးရန် တံတားဆောက်လိုကြောင်းနှင့် မြန်မာစစ်ကဲများထံတွင် လောလီက ခွင့်တောင်းသည်။ မြန်မာစစ်ကဲတို့က လောလီကို နေပြည်တော်သို့ ပို့၍ တံတားဆောက်ခွင့်ကို နေပြည်တော်တွင် တောင်းခံစေသည်။ တပိန်မြစ်ကို ဖြတ်ကူးရန် သင့်တော်ရာ အရပ်တွင် တံတားဆောက်ခွင့်ကို နေပြည်တော်က ခွင့်ပြုလိုက်သည်။

သို့သော် လောလီသည် ကောင်းတုံဗန်းမော်သို့ ပြန်ရောက်လာသောအခါတွင် တံတားကို မဆောက်ဘဲ သူနေပြည်တော်၌ ရှိနေစဉ် သူ၏ အထည်အလိပ်များ ပျောက်ဆုံးသဖြင့် စစ်ဆေးပေးပါရန် မြန်မာစစ်ကဲများထံ တိုင်တန်းသည်။ လောလီ နေပြည်တော်သို့ သွားနေစဉ်တွင် ၄င်း၏ကုန်ပစ္စည်းများကို ၄င်း၏ တရုတ်အစောင့်အကြပ်များကသာ စောင့်ကြပ်နေသည်ဖြစ်သဖြင့် ၄င်းတို့၏ တရုတ်အစောင့်

အကြပ်များကိုသာ စစ်မေးပါရန် မြန်မာစစ်ကဲများက ပြန်ကြား ခဲ့သည်။ မြန်မာစစ်ကဲတို့၏ ပြန်ကြားချက်ကို မကျေနပ်သော လောလီသည် တရုတ်ပြည်သို့ ပြန်သွားခဲ့သည်။ မိုးမျဉ်း (တရုတ်ပိုင်နယ်စပ်မြို့) သို့ ရောက်သောအခါ ၄င်း၏ မကျေ နပ်ချက်ကို မိုးမျဉ်းမြို့ဝန်ထံတွင် ပြောဆို၍ တိုင်တန်းသည်။ ထို့နောက် တရုတ်ပိုင်နယ်စပ်မြို့ မိုင်းဆည်သို့ သွား၍ တရုတ် အနောက်မျက်နှာ စစ်သူကြီးစုံးတူထံတွင် ၄င်း၏ မကျေနပ် ချက်ကို ပြောဆို၍ တိုင်တန်းပြန်သည်။

ထို့နောက် တရုတ်ကုန်သည်ကြီး 'လော်တာရည်' သည် ကုန်တင်မြင်းတစ်ထောင်ကျော်နှင့် ရောက်လာ၍ ကျိုင်းတုံ မြောက်ဘက် ကွပ်သွားဈေးကြီးတွင် စခန်းချပြီးနောက် ပါလာ သော ကုန်ပစ္စည်းများကို ရောင်းချသည်။ မြန်မာအချို့က အကြွေးဝယ်ယူထားသော ကုန်ပစ္စည်းများအတွက် တရုတ်တို့ က ကြွေးတောင်းသည်ကို မြန်မာတို့က မပေးသောကြောင့် မြန်မာနှင့် တရုတ်တို့ခိုက်ရန်ဖြစ်၍ ထိုးခုတ်ကြရာတွင် တရုတ် တစ်ဦး သေခဲ့သည်။ မိမိ၏ လူတစ်ဦး သေဆုံးမှုအတွက် မြန်မာတို့ ဥပဒေအရ ထုံးစံရှိသည့်အတိုင်း စီရင်ပါရန် 'လော်တာရည်'က ကျိုင်းတုံရှိ မြန်မာစစ်ကဲရွှေတောင်တက်၊ ဘယားသံဝိုင်းနှင့် ဘယားဝင်းတို့ထံ တိုင်တန်းသည်။ မြန်မာ စစ်ကဲတို့က သေသူအတွက် အသက်ဖိုးပေးနိုင်ကြောင်းနှင့် အသက်ဖိုးကို လက်မခံလိုပါက သတ်သူ မြန်မာအား သေစား သေစေ အမိန့်ချမှတ်ပေးမည်ဟု ပြန်ကြားသည်။ 'လော်တာရည်'

ရှေးမြန်မာ စစ်သူကြီး

က အသက်ဖိုးကိုလည်း မယူလို၊ သေသူအတွက် လူစားပေး ရန်သာ တောင်းဆိုသည်။ မြန်မာတို့တွင် လူစားပေးရန် ထုံးစံ မရှိသဖြင့် မပေးနိုင်ကြောင်း မြန်မာစစ်ကဲတို့က ပြန်ကြား သည်။ 'လော်တာရည်'သည် မကျေမနပ်ဖြစ်၍ တရုတ်ပြည် သို့ ပြန်သွားပြီးနောက် တရုတ်အနောက်မျက်နှာ စစ်သူကြီး မိုင်းဆည်စုံးတူထံတွင် 'ကျိုင်းတုံ၌ ကောင်းရောင်းကောင်း ဝယ် ဖောက်ကားနေသော တရုတ်ကုန်သည်ကို မြန်မာတို့က သတ်သည်'ဟု ပြောဆို၍ တိုင်တန်းသည်။

ပထမ တရုတ်မြန်မာစစ်ပွဲ

ထိုအချိန်က ဗန်းမော်စော်ဘွား သိန္နီစော်ဘွားနှင့် ကျိုင်းတုံစော်ဘွားတို့က တရုတ်အနောက်မျက်နှာစစ်သူကြီး မိုင်းဆည်စုံးတူအား ရွှေငွေလက်ဆောင်များပေး၍ မြန်မာ ပြည်သို့ စစ်ချီတက်တိုက်ခိုက်ရန် ရှေးမဆွကပင် ပြောဆို ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ပညာရှင်ဆရာကြီး ဒေါက်တာ ထင်အောင်၏ သမိုင်းအရ ထိုစော်ဘွားများသည် မြန်မာ ဘုရင်၏ အမိန့်အရ စော်ဘွားအရာက ဖြုတ်ချထားခြင်းကို ခံရသည့် စော်ဘွားဟောင်းများ ဖြစ်ပါသည်။ (Maung Htin Aung: p.176) ထို့ကြောင့် တရုတ်စစ်သူကြီးစုံးတူက မြန်မာပြည်သို့ စစ်ချီပါရန် တရုတ်ဧကရာဇ်ထံ လျှောက်ထား အစီရင်ခံသည်။ ကျိုင်းတုံတစ်နယ်လုံးကို သိမ်းယူခဲ့ရန် တရုတ် ဧကရာဇ်က ထုတ်ပြန်သောအမိန့်ကို ခံယူ၍ တရုတ်သေနာ

ပတိဗျူပ် ရည်တာလောရဲသည် တရုတ်စစ်သည် အလုံးအရင်းနှင့် မြန်မာသက္ကရာဇ် (၁၁၂၇) ခုနှစ်၊ ခရစ်နှစ် ၁၇၆၅ ခုတွင် မြန်မာပြည်တွင်းသို့ ကျူးကျော်ဝင်ရောက်လာ၍ ကျိုင်းတုံမြို့ကို ဝိုင်းရံသည်။ ရွှေတောင်တက် အမှူးပြုသော မြန်မာစစ်ကဲတို့က မြို့ရံတပ်များနှင့် သူရဲအပြည့်သွင်းကာ ကျိုင်းတုံခံတပ်တွင် အခိုင်အမာနေလျက် သီရိရုံသူကို နေပြည်တော်သို့ စေလွှတ်၍ တရုတ်စစ်ရောက်လာကြောင်း လျှောက်ထားအစီရင်ခံသည်။ လက်ဝဲဝင်းမှူး နေမျိုးစည်သူကို သေနာပတိဗျူပ်အဖြစ် ခန့်ထား၍ တိုက်ဆင်နှစ်ရာနှင့် မြင်းနှစ်ထောင် ပါဝင်သော တပ်ပေါင်း (၁၁)တပ်ကို သက္ကရာဇ် (၁၁၂၇) ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂)ရက်နေ့တွင် နေပြည်တော်က ချီစေသည်။

မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သော အင်္ဂလိပ်ကိုလိုနီအရာရှိ ဟောင်း အချို့က ဆင်ဖြူရှင်မင်းလက်ထက်တွင် ဖြစ်ပွားခဲ့သော တရုတ်-မြန်မာစစ်ပွဲများကို တရုတ်ဧကရာဇ်က နယ်စပ်လူမျိုးငယ်များနှင့် တိုက်ခိုက်ရသည့် အရေးမပါသော စစ်ပွဲများအဖြစ် သဘောထားသဖြင့် တရုတ်တို့၏ စစ်ဆင်ရေးကို ယူနန်ဘုရင်ခံနှင့်သာ မျက်နှာလွှဲထားခဲ့မည်ပင် ဖြစ်သည်ဟု ထင်မြင်ချက်ပေး၍ ရေးသားလိုကြသည်။ မြန်မာတို့၏ အမြင်တွင် ထိုစစ်ပွဲများကို တရုတ်နှင့် မြန်မာနှစ်နိုင်ငံ၏ စစ်ပွဲများဖြစ်သော်လည်း တရုတ်ဧကရာဇ်၏ အမြင်တွင် မြန်မာတပ်

များနှင့် ယူနန်ပြည်နယ် ဘုရင်ခံ၏ တပ်များသာ တိုက်ခိုက်သည့် စစ်ပွဲများပင် ဖြစ်သည်ဟူသော ထင်မြင်ချက်များနှင့် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သော အင်္ဂလိပ်ကိုလိုနီအရာရှိဟောင်း အချို့က သမိုင်းကို ရေးသားလိုကြသည်။ (ဥပမာ Harvey ၏ မြန်မာ့သမိုင်းတွင် Sir Richard Carnac ရေးသားသည့် မိတ်ဆက်နိဒါန်း p:xi-xii ကို ကြည့်ပါ။ ဤနေရာ၌ Sir Richard Carnac ၏ အာဘော်မှာ လုံးဝမှားယွင်းပါသည်) ဖြစ်ရပ်မှန်တွင်ကား ယူနန်ပြည်နယ်ဘုရင်ခံ၏ တပ်များသည် တရုတ်ဧကရာဇ်၏ တပ်များပင်ဖြစ်သည့် အမှန်တရားကိုပင် အင်္ဂလိပ်ကိုလိုနီ အရာရှိဟောင်းအချို့က အသိအမှတ်မပြုနိုင်ခြင်းပင်။

ထိုအခါက မြန်မာနိုင်ငံသို့ ချဉ်းနင်းဝင်ရောက်လာသော တရုတ်စစ်တပ်များသည် ယူနန်ပြည်နယ်ကို အခြေပြု၍ ယူနန်ပြည်နယ် ဘုရင်ခံ၏ ကြီးကြပ်မှုနှင့် ဖွဲ့စည်းသော တပ်များဖြစ်မည်မှန်သော်လည်း ထိုစစ်တပ်များသည် တရုတ်ဧကရာဇ်၏ ခွင့်ပြုချက်အမိန့်နှင့် တရုတ်တို့ဘက်မှ မိမိတို့တတ်အား သမျှသော စစ်သည်အင်အားအလုံးအရင်းကို ပေါင်းရုံးထားသည့် တရုတ်ဧကရာဇ်၏ တပ်မကြီးဖြစ်ပါသည်။ ထိုစစ်ပွဲများကို အထောက်တော်များမှတစ်ဆင့် တရုတ်ဧကရာဇ်ကိုယ်တိုင် မျက်ခြေမပြတ် သတင်းရယူ၍ စောင့်ကြည့်နေသည်မှာ ထင်ရှားပါသည်။ ဥပမာ တတိယတရုတ်-မြန်မာစစ်ပွဲတွင်

ဘုရင့်နန်းတော်

တရုတ်တပ်များ ပြတ်ပြတ်သားသား ခြေမှုန်းခံရတော့မည့် အဖြစ်ကို တရုတ်ဧကရာဇ် ကိုယ်တိုင်သိရ၍ သိရသည်နှင့် တစ်ချိန်တည်းမှာပင် မြန်မာပြည်မှ ချက်ချင်းဆုတ်ခွာခဲ့ရန် အမိန့်စာကို မိမိ၏သားမက် သေနာပတိချုပ် 'မြင်းခုန်ရဲ' ထံသို့ ပေးပို့သည်ကို ထောက်ရှုပါက ထိုအချိန်က ထိုစစ်ပွဲများကို တရုတ်ဧကရာဇ်ကိုယ်တိုင် မျက်ခြေမပြတ် စောင့်ကြည့်၍ လိုအပ်သော ညွှန်ကြားချက်များ ပေးနေသည်မှာ ထင်ရှားပါသည်။ (တရုတ်တို့၏ ထောက်ပံ့ဆက်သွယ်ရေးလမ်းကြောင်းများကို မြန်မာတို့က ထိရောက်စွာ ဖြတ်တောက်ထားနိုင်သဖြင့် တရုတ်ဧကရာဇ်၏ အမိန့်စာသည် 'မြင်းခုန်ရဲ' ထံသို့ ရောက်မလာခဲ့ပါ)။

ထိုတရုတ်မြန်မာ စစ်ပွဲများသည် တရုတ်ဧကရာဇ်၏ အမြင်တွင် မြန်မာတပ်များနှင့် ယူနန်ပြည်နယ်ဘုရင်ခံ၏ တပ်များသာ တိုက်ခိုက်သည့် စစ်ပွဲများပင်ဖြစ်ပါက တရုတ်ဧကရာဇ်က မိမိ၏ သားမက် သေနာပတိချုပ် 'မြင်းခုန်ရဲ'ကို စေလွှတ်၍ ဤစစ်ပွဲများကို တိုက်စေမည် မဟုတ်ပါ။

ကျိုင်းတုံနယ်သို့ ဝင်ရောက်လာသော တရုတ်စစ်သည်ဦးရေကို ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး (ပတ္တဲ၊ စာ ၄၂၁) တွင် ငါးသောင်းဟု ဖော်ပြပါသည်။ သမိုင်းဝင်နှုန်းတွင်း တရုတ်မှတ်တမ်းများတွင်မူ မြန်မာပြည်သို့ လေးကြိမ်ဝင်ရောက် တိုက်ခိုက်သော တရုတ်စစ်သည်ဦးရေသည် မည်

သည့်အကြိမ်တွင်မဆို လေးသောင်းတစ်ထောင်ထက် မပိုပါဟု ဆိုပါသည်။ (Harvey: p.356)

ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး၌ ဖော်ပြသော တရုတ်နှင့် မြန်မာတို့၏ စစ်သည်ဦးရေကို ဟာဗီက လက်မခံသော်လည်း ထိုအခါက မြန်မာပြည်သို့ ကျူးကျော်ဝင်ရောက်လာသော တရုတ်စစ်တပ်ကြီး ချီလာရာတွင် မြေပြင်အလုံးတုန်လှုပ်သကဲ့သို့ ဖြစ်သည်ဟု Harvey က ဆိုပါသည်။ (Harvey: p.245 တွင်ကြည့်ပါ)။ မြန်မာတပ်တော်များ ကျိုင်းတုံနယ်သို့ရောက်သောအခါ လက်ဝဲမင်းမှူးက မြန်မာတိုက်စစ်ကို လက်ဝဲကြောင်း လက်ယာကြောင်း စစ်ကြောင်း နှစ်ကြောင်းခွဲ၍ ဖြန့်လိုက်သည်။ လက်ယာကြောင်းကို လက်ဝဲဝင်းမှူးကိုယ်တိုင် ကြီးကြပ်၍ လက်ဝဲကြောင်းကို ဗလမင်းထင် ကြီးကြပ်စေသည်။ သူရဲကောင်းငါးယောက်ကို မြန်မာတို့၏ ကျိုင်းတုံခံတပ်တွင်းသို့ ရုပ်ဖျက်၍ ဝင်ရောက်စေပြီးနောက် တိုက်မည့်နေ့ရက်ကို အချိန်းအချက် လုပ်စေသည်။ အချိန်းအချက်ပြုထားသောနေ့တွင် မြန်မာတို့၏ ကျိုင်းတုံခံတပ်ကို ဝန်းရံထားသည့် တရုတ်တပ်မကြီးကို မြန်မာတို့က လက်ဝဲကြောင်း လက်ယာကြောင်းနှင့် (အရှေ့အရပ်နှင့် အနောက်အရပ်မှ) နှစ်ဖက်ညှပ်၍ တိုက်သည်။ ကျိုင်းတုံခံတပ်ကို ဝိုင်းရံထားသော တရုတ်တပ်ကြီးသည် အရှေ့အရပ်နှင့် အနောက်အရပ် နှစ်ဘက်တွင် မိမိတို့နောက်မှ ရုတ်တရက်

ရောက်လာသော မြန်မာတပ်များကို နောက်ကြောင်းပြန်၍ စစ်မျက်နှာနှစ်ခုတွင် ခုခံနေစဉ်တွင် ခံတပ်တွင်းမှ မြန်မာတပ်များက ထွက်လာ၍ တရုတ်တပ်များကို နောက်ကြောင်းမှ တိုက်ပြန်သည်။ ထိုအခါ တရုတ်တို့သည် စစ်မျက်နှာ နှစ်ခုလုံးတွင် နှစ်ဖက်ညှပ်၍ တိုက်ခြင်းကို ခံရတော့သည်။

မြင်းတပ်များနှင့် ခုခံသော တရုတ်တပ်များကို မြန်မာတို့က ဆင်တပ်နှင့် နင်းသည်။ တရုတ်မြင်းတပ်ပျက်လေလျှင် တရုတ်တို့က မိမိတို့တပ်အားလုံးကို စုစည်း၍ ဆုတ်ခွာပြီး နောက် တာလောမြစ်အနီးတွင် ကတုတ်တူး၍ ခုခံပြန်သည်။ ဤတွင် မြန်မာတို့က မိမိတို့ တပ်အားလုံးကို တစ်စုတစ်စည်း တည်းပေါင်းရုံး၍ တရုတ်တို့၏ မြေကတုတ်များကို နင်းသည်။ တရုတ်တို့ မခံနိုင်သဖြင့် မဲခေါင်မြစ်အနီးသို့ ဆုတ်ခွာ၍ ခံပြန်သည်။ မြန်မာတပ်များက ဖိဖိစီးစီး ရွပ်ရွပ်ခွဲခွဲလိုက်၍ တိုက်သဖြင့် တရုတ်ပြည်အရောက် ဆုတ်ခွာရလေတော့သည်။ မဲခေါင်မြစ်အနီးတွင် တိုက်သော တိုက်ပွဲတွင် တရုတ်သေနာပတိချုပ် ရည်တာလောရဲ့ ကျဆုံးသည်ကို ထောက်ရှုပါက ထိုတိုက်ပွဲတွင် တရုတ်တပ်များ အပြတ်အသတ် မရှုမလှ ချေမှုန်းခံရသည်မှာ ထင်ရှားပေသည်။ ယူနန်ဘုရင်ခံသည် တရုတ်တပ်များ မရှုမလှချေမှုန်းခံရသည့် သတင်းကို ကြားသိရသည်တွင် မိမိကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်။



ရှေးမြန်မာ စစ်ရေးဆင်နွှဲပုံ

"ကျိုင်းတုံမြို့ကို ဝိုင်းသည့် တရုတ်တပ်အား လုံးပျက်၍ ဆုတ်ခွာပြေးကြောင်း၊ တရုတ်သေနာပတိချုပ် ရည်တာလောရဲ့ ကျဆုံးကြောင်းနှင့် စစ်အောင်ကြောင်းကို လျှောက်ထားရန် နေပြည်တော်သို့ ဗိုလ်ချုပ် လက်ဝဲဝင်းမှူးက စေလိုက်သော ရဲလှနရာ တပေါင်းလဆန်း (၁)ရက်နေ့ ရွှေစက်တော်အောက် ရောက်လာသည်"ဟု ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြထားသဖြင့် (ပတ္တဲ၊ စာ ၄၂၃) မြန်မာတို့သည် ပထမ တရုတ်မြန်မာစစ်ပွဲတွင် (တပို့တွဲလဆန်းမှ တပေါင်းလဆန်း အထိ) တစ်လမျှသော အချိန်အတွင်း ရန်သူတို့ကို ချေမှုန်းနိုင်ခဲ့ သည်မှာ ထင်ရှားပါသည်။ လက်ဝဲဝင်းမှူး၏ တပ်တော်များသည် နေပြည်တော်မှ ချမှတ်လိုက်သော အမိန့်အရ ကျိုင်းတုံက ပြန်ခဲ့ရာ (၁၁၂၈) ခုနှစ် ကဆုန်လဆန်းတစ်ရက်နေ့တွင် နေပြည်တော်သို့ ရောက်သည်။ စစ်သူကြီးဗလမင်းထင်ကိုမူ ဗန်းမော်မြို့အောက်ဘက် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ ကောင်းတုံခံတပ်တွင် လက်နက်လူသူ မျိုးရိက္ခာသွင်း၍ အခိုင် အလုံနေစေသည်။

ဒုတိယတရုတ်မြန်မာစစ်ပွဲ

မြန်မာနိုင်ငံ 'မြန်တိုင်း'ကို တရုတ်အသံဖြင့် တရုတ်တို့က 'မြင်တင်း' ဟုခေါ်သည်။ မိမိတို့ တိုင်းပြည်ကြီးထက် လူဦးရေအားဖြင့်လည်းကောင်း၊ နိုင်ငံအကျယ်အဝန်းအားဖြင့်လည်းကောင်း အဆပေါင်းများစွာ သေးငယ်သည့် 'မြန်တိုင်း' ကဲ့သို့သော နိုင်ငံငယ်လေးက မိမိ၏ လက်နက်နိုင်ငံတော်ကြီးမှ မိမိ၏ တပ်တော်ကြီးအား အပြတ်အသတ် ချေမှုန်းလိုက်သည်ကို မခံမရပ်နိုင်ဖြစ်နေသော တရုတ်ဧကရာဇ်သည် ပထမအကြိမ်ထက် အင်အားများသော တပ်တော်ကြီးကို ရှစ်လမျှသော ကာလအတွင်း ပြည့်စုံအောင် ထပ်မံစုရုံး၍ မိမိ၏ စစ်သူကြီးနှစ်ဦး 'ရင်စုတာရည်'နှင့် 'ဆင်တာလောရဲ' တို့ ကြီးကြပ်စေ၍ မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ကျူးကျော်စစ်ကို ဆင်နွှဲပြန်တော့သည်။ (၁၁၂၈) ခုနှစ် ပြာသိုလတွင် စစ်ကြောင်းနှစ်ကြောင်း ဖြန့်၍ တရုတ်တပ်ကြီး ဝင်ရောက်လာပြန်ပါသည်။ 'ဆင်တာလောရဲ' ကြီးကြပ်သော ပထမစစ်ကြောင်းသည် မဲခေါင်မြစ်အနောက်ဘက် ရှားမွေးလုံးတောင်မှ မိုးကောင်းသို့ ချီလာသည်။ (ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြသော ရှားမွေးလုံးတောင်မှ တစ်ဆင့်လာသည့် လမ်းကြောင်းမှာ မျက်မှောက်ခေတ် ကချင်ပြည်နယ် အရှေ့ဘက် တရုတ်-မြန်မာနယ်စပ်ရှိ ပန်ဝါတောင်ကြားလမ်း၊ ပန်စိန်တောင်ကြားလမ်းနှင့် ကန်ပိုက်တီတောင်ကြားလမ်းများ

ဖြစ်တန်ရာပါသည်။ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြသော ထိုအခါက အရပ်ဒေသအချို့၏ အမည်များသည် မျက်မှောက်၏ ခေတ်အမည်များနှင့် မကိုက်ညီသည်များ ရှိပါသည်။ ကာလရွှေ့လျားသဖြင့် အရပ်ဒေသအချို့၏ အမည်များ ပြောင်းလဲလာကြခြင်း ဖြစ်သည်)။

'ရင်စုတာရည်' ကြီးကြပ်သော ဒုတိယစစ်ကြောင်းသည် ဗန်းမော်သို့ ချီလာ၍ ဗန်းမော်ဈေးတွင် ဧရာဝတီမြစ်ကမ်းနှင့်ယှဉ်လျက် တပ်ကြီးဆောက်လုပ်ကာ အခိုင်အခန့် နေသည်။ ကောင်းတုံမြို့ဝန် ဗလမင်းထင်လည်း အားမတန်သောကြောင့် တရုတ်တို့၏ ဗန်းမော်ခံတပ်ကို ထွက်၍ မတိုက်ဘဲ မိမိ၏ ခံတပ်ကိုသာ ခိုင်ခံ့အောင် စီရင်၍ ပစ်စင်များနှင့် အမြောက် သေနတ် မီးစာ စက်ကြိုးယန္တရား ပွဲရက်ရည် သလဲရည် စသည်တို့ကို အသင့်ပြင်ထားသည်။ 'ရင်စုတာရည်' သည် မိမိ၏ ဗန်းမော်ဈေးခံတပ်တွင် လူသုံးသောင်း မြင်းသုံးထောင်နှင့် တပ်မှူးသုံးယောက်ကို ထားခဲ့ပြီးနောက် လူခုနစ်သောင်း မြင်းခုနစ်ထောင် (ဤအရေအတွက်များမှာ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြသော အရေအတွက်များ ဖြစ်ပါသည်။ ဤအရေအတွက်များနှင့် ပတ်သက်သော ဟာဗီ (Harvey) ၏ မှတ်ချက်များကို ၄င်း၏ History of Burma: p.355-56 တွင် ကြည့်ပါ။) ကို မိမိကိုယ်တိုင် အုပ်ချုပ်၍ မြို့တက်လှေကား၊ ဓား၊ တူးရွင်း၊

ဘုရင့်နောင် ရုပ်တု

ပေါက်ဆိန်၊ ချိတ်၊ ကြိုး စသည်တို့ကို ကိုင်စွဲ၍ ဗလမင်းထင်၏ ကောင်းတုံခံတပ်ကို တိုက်သည်။ ဗလမင်းထင်၏ ကောင်းတုံခံတပ်မှာ ခိုင်ခံ့သေချာလှသည့်ပြင် တပ်တွင်းနှင့် တပ်ထိပ်မှ ပစ်လွှတ်သော သေနတ်ပြောင်း အမြောက်တို့လည်း ထူထပ်လှသဖြင့် တရုတ်တို့ ဆုတ်ခွာခဲ့ရသည်။ ထို့နောက် 'ရင်စုတာရည်' သည် ကောင်းတုံတပ်နှင့် တာနှစ်ဆယ်ကျော်အကွာတွင် တပ်တည်ပြီးနောက် ဝန်းရံ၍နေသည်။

ထိုအချိန်တွင် လက်ဝဲဝင်းမှူးနေမျိုးစည်သူ၏ တပ်သည် ဧရာဝတီမြစ်အတိုင်း ရေကြောင်းချီလာပြီးနောက် ရွှေဂူမြို့အထက်မျက်နှာဝတွင် တပ်ချ၍နေသည်။ မိမိ၏ တပ်မှူးများဖြစ်သော ဓမ္မတာ၊ ဗညားဦးနှင့် ပုတ္တစ်လွန်တို့ကို နံနက်လေးချက်တီးခန့် နှင်းနှင့် ရေငွေ့မှိုင်းမှိုင်းရီရီ ရှိသည့်အချိန်တွင် ချက်တဖြုတ်ချင်းလှေတို့ကို အပြင်းလှော်ခတ်၍ ဗလမင်းထင်၏ ကောင်းတုံတပ်တွင်းသို့ တရုတ်သို့အလစ်တွင် ဝင်ရောက်စေပြီးနောက် နေပြည်တော်က သနားတော်မူလိုက်သော ဆုတော်ကြေးငွေ အဝတ်အစားများကို ပေးစေသည်။ လက်နက်ခဲယမ်းမီး ကျောက်နှင့် မျိုးရိက္ခာတို့ကိုလည်း ဖြည့်တင်းပေးသည်။ စစ်ရေးစစ်ခွင့်ကို ဗလမင်းထင်နှင့် တပ်မှူးသုံးဦးတို့ တိုင်ပင်ရာတွင် ဗန်းမော်စျေးဆိပ်မှ တရုတ်ခံတပ်ကို နေမျိုးစည်သူ၏ ရွှေဂူအထက်ရှိတပ်မှ ရေကြောင်းချီ၍ တိုက်လျှင် အောင်နိုင်မည်ဟု သဘောတူကြ၏။ ကောင်းတုံခံတပ်နှင့်

တာနှစ်ဆယ်ကျော်အကွာတွင် 'ရင်စုတာရည်' ချထားသော တရုတ်တပ်မှာ ဗလမင်းထင်၏ ခံတပ်ကို တိုက်ရန်ဖြစ်သဖြင့် သန်မာသော တရုတ်စစ်သည်အင်အားအများစုမှာ ထိုတပ်တွင် ရှိနေသဖြင့် ဗန်းမော်ဈေးဆိပ်မှ တရုတ်ခံတပ်မှာ 'ရင်စုတာရည်' ၏ ခံတပ်ကဲ့သို့ အင်အားတောင့်တင်းမည် မဟုတ်သောကြောင့် ဈေးဆိပ်မှ တရုတ်ခံတပ်ကို ရွှပ်ရွှပ်ခွဲခွဲတိုက်လျှင် အောင်မြင်မည်ဖြစ်ကြောင်း သဘောတူကြ၏။

ထို့နောက် တပ်မှူးသုံးဦးသည် တရုတ်တို့၏ ခံတပ်ကို တိတ်တဆိတ်ဖောက်ထွက်ခဲ့ပြီးနောက် မြစ်လယ်တွင် စောင့်နေသော မြန်မာလှေများနှင့် လက်ဝဲဝင်းမှူး၏ တပ်သို့ ပြန်ရောက်လာကြပြီးနောက် ဗလမင်းထင်နှင့် မိမိတို့ စိတ်ဝမ်းတူညီစွာပြုခဲ့သော စစ်ရေးစစ်ခွင့်ကို လက်ဝဲဝင်းမှူးအား တင်ပြကြသည်။ လက်ဝဲဝင်းမှူးလည်း ယင်းအကြံအစည်ကို နှစ်သက်သဖြင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းကို အခြေပြု၍ မိမိ၏ တပ်ဆယ်တပ်ဖြင့် တရုတ်တို့၏ ဈေးဆိပ်ခံတပ်ကို တိုက်၏။ တစ်ဟုန်တည်း ရေကြောင်းချီလာသော လှေတင်အမြောက်တပ်ကလည်း အမြောက်သုံးရာနှင့် ခံတပ်တွင်းသို့ ပစ်လွှတ်ပြီးနောက် မြန်မာတို့ ကြည်းကြောင်းသို့တက်၍ အပြင်းအထန်လုပ်ကြံသည်တွင် တရုတ်တပ်ပျက်လေသည်။ ဈေးဆိပ်ခံတပ်ကို အထောက်အကူပြုရန် 'ရင်စုတာရည်'က လွှတ်လိုက်သော မြင်းတစ်ထောင်တပ်ကို မြန်မာတို့က သေနတ်

နှစ်ထောင်ခန့်နှင့် ဆီးဆို့၍တိုက်သည်။ တရုတ်မြင်းတပ်လင်ပန်းကျချောင်းကို မကူးနိုင်ဘဲ ရင်စုတာရည်၏တပ်သို့ ပြန်ဆုတ်ရ၏။

လက်ဝဲဝင်းမှူးလည်း ရဲရင့်သန်မာသူ လူသုံးယောက်ကို ရွေးချယ်၍ ညဉ့်အချိန်တွင် ဗလမင်းထင်၏ ခံတပ်တွင်းသို့ ဝင်စေပြီးနောက် ဗန်းမော်စျေးတပ်ကို အောင်မြင်ပြီဖြစ်သဖြင့် မိမိတို့ အချိန်းအချက်ပြုထားသောနေ့တွင် ဗလမင်းထင်၏ တပ်နှင့် လက်ဝဲဝင်းမှူး၏ တပ်များ ရင်စုတာရည်၏ ခံတပ်ကို အရှေ့နှင့် အနောက်မှ ညှပ်၍ တိုက်မည့် အစီအစဉ်ကို ဗလမင်းထင်အား ကြောင်းကြားစေ၏။ အချိန်းအချက်ပြုထားသောနေ့သို့ ရောက်လျှင် လက်ဝဲဝင်းမှူးလည်း ပုတ္တစ်လွန်ကို ဗန်းမော်စျေးတပ်တွင် တပ်တစ်တပ်နှင့် အစောင့်ထားခဲ့၍ ကျန်ရှိသော တပ်ကိုးတပ်နှင့် သေနတ်အမြောက်များ စီစဉ်ခင်းကျင်းလျက် ရင်စုတာရည်၏ ကောင်းတုံရံတပ်ကို အနောက်ဘက်မှ ချီတက်၍ တိုက်သည်။ ဗလမင်းထင်လည်း မိမိ၏ ခံတပ်တံခါးမှ ထွက်ခဲ့၍ ရင်စုတာရည်၏ ကောင်းတုံရံတပ်ကို အရှေ့ဘက်မှ ချီတက်၍ တိုက်ရာ ရင်စုတာရည်၏ ကောင်းတုံရံတပ် ပျက်လေ၏။ ရင်စုတာရည်လည်း ၄င်းတို့ဆောက်လုပ်ထားသော လှေများကို မီးတိုက်ဖျက်ဆီးပြီးနောက် သင်္ဘောနွယ်လိမ်မှတစ်ဆင့် မိုးဝန်းအရောက် ဆုတ်ပြေးသည်။

ဆင်တာလောရဲ၏ စစ်ကြောင်းကိုတိုက်ရန် မိုးကောင်းကြောင်း ချီလာသော ဝန်ကြီးမဟာစည်သူ၏ တပ်ပေါင်း (၂၂)တပ်သည် မိုးကောင်းမြို့သို့ ရောက်လာသည်။ ထို့နောက်



ကမ္ဘောဃောဒီနန်းတော်

ရာမကျော်ထင်၏ သေနတ်ကိုင်ကင်းထောက်တပ်က ကတ်ကျိုး ဝိုင်းမော်က ကူး၍ ကင်းထောက်အလာတွင် စန္ဒားကျောင်းချိုလာသော ဆင်တာလောရဲက စေလိုက်သည့် တရုတ်ကင်းထောက်မြင်းတပ်ကို လီစောတောင်အနီးတွင် တွေ့သည်။ ရာမကျော်ထင်၏ သေနတ်ကိုင်ကင်းထောက်တပ်က တရုတ်မြင်းတပ်ကို တောင်ကြားခရီးကျဉ်းအတွင်းသို့ မြူခေါ်ခဲ့သည်။ တောင်ကြားခရီးကျဉ်းအတွင်း၌ မြင်းများကို မဖြန့်သာသော

အခြေအနေတွင် မြန်မာသေနတ်ကိုင်တပ်က ဆီးဆို့၍ တိုက်သည်။ တရုတ်မြင်းစီးနှစ်ရာကျော် ကျဆုံး၍ တရုတ်မြင်းတပ်ဆုတ်ခွာခဲ့ရသည်။ ဤသည်မှာ ဝန်ကြီးမဟာစည်သူ၏ တပ်နှင့် စန္ဒားကြောင်းချီ ဆင်တာလောရဲ၏စစ်ကြောင်း ပထမအကြိမ်ထိတွေ့သော တိုက်ပွဲဖြစ်သည်။ ထို့နောက် ဆင်တာလောရဲ၏ တပ်နှင့် ဝန်ကြီးမဟာစည်သူ၏ တပ်တော်များ လီစောတောင် တစ်ဝိုက်တွင်လည်းကောင်း၊ နံမြင်ချောင်း တစ်ဝိုက်တွင်လည်းကောင်း တစ်ဘက်နှင့် တစ်ဘက် ကင်းထိုးစုံစမ်းမှုများပြု၍ အပြန်အလှန်တိုက်ကြသည်။

ဤတိုက်ပွဲများအကြောင်း ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး၌ ဖော်ပြသည်များကို အသေးစိတ်လေ့လာကြည့်ပါက 'ဆင်တာလောရဲ' ၏ စစ်ကြောင်းနှင့် ပထမအကြိမ်ထိတွေ့သည့် အချိန်မှစ၍ မြန်မာတို့က ပြောက်ကျားစနစ်ကို အသုံးပြု၍ တရုတ်တပ်များကို တိုက်ခဲ့သည်မှာ ထင်ရှားပါသည်။ ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီးတွင် ပုဂံဝန်ထောက်မင်းက (ထိုခေတ်အခါက အသုံးမရှိသော) 'ပြောက်ကျား' ဟူသည့် ဝေါဟာရကို အသုံးမပြုသော်လည်း ပုဂံဝန်ထောက်မင်း တင်ပြသော မြန်မာစစ်ပရိယာယ်မှာ ပြောက်ကျားစနစ်သာ ဖြစ်သည်မှာ ထင်ရှားပါသည်။

တရုတ်တပ်များ၏ အနေအထားနှင့် လှုပ်ရှားမှုများကို မြင်းစီးကင်းတပ်များဖြင့် ထောက်လှမ်းသည်။ မြန်မာမြင်းစီးတပ်များသည် ကင်းထောက်တပ်များဖြစ်သကဲ့သို့ ရန်သူကို

အချိန်မရွေး ထိုးနှက်နိုင်သည့် အမာခံတပ်များလည်း ဖြစ်သည်။

မြန်မာတို့၏ ပြောက်ကျားစနစ်၌ မြန်မာမြင်းစီးတပ်များနှင့် သေနတ်ကိုင်တပ်များ အဓိကအာရုံထား၍ တိုက်သည်မှာ တရုတ်တို့၏ ရိက္ခာပို့တပ်များ ဖြစ်ပါသည်။ တရုတ်တပ်များ စုစည်းမှုကို ထောက်လှမ်း၍ အခွင့်သာသည်နှင့်တစ်ပြိုင်နက် မြန်မာမြင်းတပ်များနှင့် သေနတ်ကိုင်တပ်များက တစ်ဖက်တည်းမှမဟုတ်ဘဲ အများအားဖြင့် နှစ်ဖက်ညှပ်၍တိုက်သည်။ ဤကဲ့သို့ ရန်သူကို နှစ်ဖက်ညှပ်၍ တိုက်သည့် ဂဏန်းလက်မစစ်ဆင်ရေးကို ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီဂျာမန်တပ်များ အရှေ့နှင့် အနောက်ဥရောပစစ်ပွဲများတွင် အောင်မြင်စွာ တွင်ကျယ်စွာ အသုံးပြုခဲ့ပါသည်။ ဤတရုတ်-မြန်မာတိုက်ပွဲများ၌ မြန်မာတို့ ရင်ဆိုင်တိုက်သော တိုက်ပွဲအများစုမှာ ဤကဲ့သို့သော ဂဏန်းလက်မ စစ်ဆင်ရေးနှင့် တိုက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဒုတိယ တရုတ်-မြန်မာစစ်ပွဲတွင် ဝန်ကြီးမဟာစည်သူ၏ အရေးပါဆုံးသော အောင်ပွဲများအနက် ထင်ရှားဆုံးသော အောင်ပွဲမှာ နံမြင်ချောင်းတိုက်ပွဲ ဖြစ်ပါသည်။ တရုတ်တို့ နံမြင်ချောင်းအရှေ့ဖက်တွင် ချထားသော တပ်မကြီး၏ အခြေအနေကို ထောက်လှမ်းပြီးနောက် ဝန်ကြီးမဟာစည်သူက မိမိ၏ တပ်စုစုပေါင်း (၂၂)တပ်အနက်မှ (၁၂) တပ်ကို

သမန်သာဗိုလ်နှင့် မက္ခရာဗိုလ်တို့ ကြီးကြပ်သော စစ်ကြောင်းနှစ်ခုအဖြစ် ခွဲလိုက်ပြီးနောက် တရုတ်တပ်မကြီးကို တောင်နှင့် မြောက်မှ နှစ်ဖက်ညှပ်၍ တိုက်စေသည်။ အချိန်းအချက် ပြုထားသော အချိန်နှင့်ကိုက်၍ မိမိ၏ တပ်မကိုလည်း ချောင်းအရှေ့ဘက်သို့ ကူး၍ တရုတ်တပ်မကြီးကို တိုက်စေသည်။ မြန်မာထိုးစစ်ကို တရုတ်တို့မခံနိုင်သဖြင့် လီစောတောင်အလွန်တွင် ခံသည်ကို မြန်မာတို့လိုက်၍ တိုက်ပြန်သည်။ တရုတ်တို့ မခံနိုင်၍ ဆုတ်ခွာပြီးနောက် စန္ဒားအရပ်တွင် တပ်ကြီးတပ်ခိုင် တည်၍ နေပြန်သည်။

ထိုအချိန်တွင် ဝန်ကြီးမဟာစည်သူ မခန့်မကျန်းဖြစ်ကြောင်းကို မင်းတရားကြီး ကြားသိတော်မူ၍ ခြေတော်ရင်းသို့ ပြန်လာရန် အမိန့်တော်မှတ်သဖြင့် မဟာစည်သူ နေပြည်တော်သို့ ပြန်သည်။ လက်ဝဲဝင်းမှူး နေမျိုးစည်သူလည်း မိမိ၏ တပ်ဆယ်တပ်နှင့် မိုးဝန်းမှ ချီလာပြီးနောက် မိုင်းလောတွင် စခန်းချနေသော မဟာစည်သူ၏ တပ်မနှင့် ပေါင်းစည်းလျက် စန္ဒားအရပ်သို့ချီ၍ တရုတ်တပ်မကြီးကို တိုက်သည်။ မြန်မာတို့၏ မြင်းစီးတပ်များနှင့် သေနတ်ကိုင်တပ်များက တရုတ်တို့၏ ရိက္ခာပို့တပ်များကို ပြောက်ကျားစနစ်ဖြင့် နောက်ကြောင်းမှ မနားမနေတိုက်သည်။ ဆင်တာလောရဲ၏ တရုတ်စစ်သည်များ စားနပ်ရိက္ခာ ပြတ်လတ်သဖြင့် ပတ်ဝန်းကျင်ရှိ ရှမ်းရွာစုံမြို့တွင် မျိုးရိက္ခာ ရှာဖွေသော်လည်း မြန်မာမင်း

မြန်မာ့မြင်းစီးရဲမက်

ကို သစ္စာစောင့်သော ရှမ်းတို့ထံမှ ရိက္ခာ ထောက်ပံ့မှုမရနိုင်ကြပေ။ အစားအစာငတ်မွတ်သည့် ဒဏ်ကို မခံနိုင်ကြသော တရုတ်စစ်သည်များ မိမိတို့ခံတပ်ကို စွန့်၍ ဆုတ်ခွာကြသည်။ လက်ဝဲဝင်းမှူးက လက်ဝယ်ရှိသော တပ်ပေါင်း (၃၂)တပ်ကို စုစည်း၍ ယူနန်ပြည်နယ်အတွင်းရှိ ရှမ်းရှစ်မြို့နှင့် မိုင်းဆည်တိုင်အောင်ပင် တရုတ်တို့ကို လိုက်၍တိုက်သဖြင့် ဆင်တာလောရဲ၏ တရုတ်စစ်သည်များ အသေအပျောက်များစွာဖြင့် တရုတ်ပြည်တွင်းသို့ ဆုတ်ပြေးရသည်။

ထိုအချိန်တွင် သိန္နီအရှေ့မြောက်ဘက်တွင် တပ်ချ၍ နေသော တရုတ်တပ်မကြီးရှိနေသေးသဖြင့် လက်ဝဲဝင်းမှူးနှင့် တပ်တော်များ သိန္နီသို့ ချီလာရသည်။ တောင်ဘက်မှ ချီလာသော ဝန်ကြီးမဟာ သီဟသူရ၏ တပ်တော်များနှင့် လက်ဝဲဝင်းမှူး၏ တပ်များနှစ်ဖက်ညှပ်၍ သိန္နီအရှေ့မြောက်အရပ်ရှိ တရုတ်တပ်ကြီးကို တိုက်သည်။ တရုတ်စစ်သည်များ မခံနိုင်၍ ဆုတ်ခွာရသည်။ တရုတ်တပ်မကြီးမှ စစ်သည်သုံးပုံတစ်ပုံသာ အသက်နှင့်တကွ တရုတ်ပြည်အရောက် ပြန်နိုင်ခဲ့သည်။ လက်ဝဲဝင်းမှူး၏ တပ်တော်များနှင့် ဝန်ကြီးမဟာသီဟသူရ၏ တပ်တော်များသည် တိုက်၍ ရလိုက်သော အမြောက်စိန်ပြောင်း သေနတ် မြင်းလော လား သုံ့ပန်းများနှင့်တကွ (၁၁၂၉)ခု ကဆုန်လပြည့်ကျော် (၉) ရက်နေ့တွင် နေပြည်တော်သို့ ရောက်သည်။ ဒုတိယ တရုတ်-မြန်မာစစ်ပွဲသည် (၁၁၂၈)ခုနှစ် ပြာသိုလတွင် စတင်ခဲ့သဖြင့် ထိုစစ်ပွဲသည် လေးလကျော်မျှ ကြာမြင့်ခဲ့သည်ဟု ဆိုရပေမည်။

ယူနန်ပြည်နယ် ဘုရင်ခံသည် ဖြစ်ရပ်မှန်ကို ဖုံးကွယ်၍ တရုတ်ဧကရာဇ်ထံသို့ အစီရင်ခံခဲ့သည်။ တရုတ်တပ်များ သိမ်းပိုက်ထားသော ဗန်းမော်နယ်တွင် မြန်မာများသည် စစ်အောင်သူ မန်ချူးစစ်သည်တို့၏ ဓလေ့ကို အတုယူ၍ မိမိတို့ဆံပင်ကို ကျစ်ဆံမြီး ကျစ်ထုံးထားကြကြောင်း၊ မြန်မာစစ်သည် တစ်သောင်းကျော် ကျဆုံးပြီးနောက် မြန်မာ

သေနာပတိသည် တရုတ်ဧကရာဇ်၏ အသနားတော်မြတ်နှင့် ခွင့်လွှတ်မှုကို ခံယူ၍ စစ်ပြေငြိမ်းရေးကို လျှောက်ထားတောင်းခံရန်အတွက် ယူနန်ပြည်နယ်သို့ ရောက်ရှိလာကြောင်း၊ နှစ်နိုင်ငံအကြည်အသာ ဆက်ဆံ၍ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများ ပြန်လည်ပွင့်လန်းလာနိုင်ရန်အတွက် မြန်မာသေနာပတိကို သနားခွင့်လွှတ်၍ စစ်ကိုပြေငြိမ်းရန် မိမိက လျှောက်ထားပါကြောင်းဖြင့် တရုတ်ဧကရာဇ်ထံသို့ လိဆယ်၍ အစီရင်ခံခဲ့သည်။ ဖြစ်ရပ်မှန်ကို သိထားပြီးဖြစ်သော တရုတ်ဧကရာဇ်သည် ပြည်နယ်ဘုရင်ခံကို နေပြည်တော်သို့ လာရန် ဆင့်ခေါ်ခဲ့သည်။ ပြည်နယ်ဘုရင်ခံသည် နေပြည်တော်သို့ ရောက်လာသောအခါ တရုတ်ဧကရာဇ်၏ အမိန့်အရ မိမိကိုယ်ကို အဆုံးစီရင်ခဲ့ရသည်။ (Maung Htin Aung: p.178)

ဆင်ဖြူရှင်၏ သူရသတ္တိနှင့် ထိုအချိန်က မြန်မာတို့၏ စစ်အင်အား

မြန်မာတို့သည် ပထမ တရုတ်မြန်မာစစ်ပွဲနှင့် ဒုတိယ တရုတ် မြန်မာစစ်ပွဲများ၌ အထောင်အသောင်း မကသော စစ်သည်ဦးရေ အမြောက်အမြားနှင့် ကျူးကျော်လာသော ရန်သူတပ်မကြီးကို ခုခံတွန်းလှန်နေသည့် တစ်ချိန်တည်းမှာပင် မြန်မာ့တပ်ကြီး၏ စစ်ကြောင်းကြီးနှစ်ကြောင်းသည် ယိုးဒယား ပြည်တွင် ကျူးကျော်ရေးစစ်ပွဲကို ဆင်နွှဲနေပြီဖြစ်ပါသည်။ ပထမတရုတ်မြန်မာ စစ်ပွဲမဖြစ်မီ ၁၁၅၅-ခုနှစ်ကပင် မြန်မာတို့၏ ကျူးကျော်ရေးစစ်ကြောင်း စတင်နေပြီဖြစ်သည်။ နောင်တော်ကြီးမင်း လက်ထက်တော်တွင် ထိုအချိန်က လက်အောက်ခံပြည်နယ်ဖြစ်သော ဇင်းမယ်နယ်က ထောင်ထားသဖြင့် အဘယဂါမဏိနှင့် မင်းလှသီရိတို့ ကြီးကြပ်သော တပ်တော်ကိုစေ၍ ထောင်ထားသူတို့ကို နှိမ်နင်းခဲ့ရသည်။ ဇင်းမယ် (၅၇)ခရိုင်လုံးကို သိမ်းသွင်း၍ မင်းရဲသီရိကို ဇင်းမယ်တွင် အစောင့်ထားခဲ့ပြီးနောက် အဘယဂါမဏိနှင့် မင်းလှသီရိတို့ နေပြည်တော်သို့ ပြန်ခဲ့သည်။

သို့သော် လပိုင်းအတွင်းမှာပင် ငစဲခုခေါင်းဆောင်သော ဇင်းမယ်စော်ဘွားတို့ ထောင်ထားကြောင်း မင်းရဲသီရိထံမှ အလျှောက်အထား ရောက်လာသဖြင့် ၁၁၅၅ ခုနှစ်၊ တပေါင်းလဆန်း (၆)ရက်နေ့တွင် စစ်ကဲနေမျိုးသီဟပတေ့ကို အချုပ်

ရှေးမြန်မာ စစ်သူကြီး

ခန့်တော်မူ၍ ဇင်းမယ်ကြောင်းချီစေသည်။ နေမျိုးသီဟပတေ့ ၏ တပ်တော်များ ဇင်းမယ်ကို အောင်မြင်သိမ်းသွင်းပြီးနောက် ဇင်းမယ်နယ် 'အနန်းမြို့' တွင် မိုးခိုချ၍နေစဉ် ထိုခေတ်က မြန်မာတို့ 'လင်းဇင်း'ဟုခေါ်သော လာအိုကို သိမ်းယူပြီး နောက် ယိုးဒယားမြို့တော်အထိချီရန် နေပြည်တော်မှ အမိန့် တော်ရောက်လာသဖြင့် ၁၁၂၆ ခု၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့တွင် နေမျိုးသီဟပတေ့၏ တပ်တော်များ 'အနန်းမြို့' မှ ခွာ၍ လင်းဇင်းသို့ ချီခဲ့သည်။ (ထိုခေတ်က မြန်မာတို့သည် လာအိုပြည်၏ မြို့တော် 'ဗီယန်ကျင်း'ကို 'လီယန်ကျင်း သို့မဟုတ် လင်းကျင်း'ဟု ခေါ်ရာမှ 'လင်းဇင်း' ဖြစ်လာခြင်း ဖြစ်ပါသည်။ ထိုခေတ်က 'ယိုးဒယား' ပြည်၏ မြို့တော် 'အယုထယ'မှ တိုင်းပြည်၏အမည် 'ယိုးဒယား' ဖြစ်လာသကဲ့သို့ပင် ဖြစ်ပါသည်။)

မြန်မာတို့ ယိုးဒယားမြို့တော်အထိ ချီရန်အတွက် နေမျိုး သီဟပတေ့၏ တပ်နှင့်သာ အရေးတော်ပြီးမည် မဟုတ် ကြောင်းကို ဆင်ခြင်မိသော ဆင်ဖြူရှင်မင်းတရားသည် စစ်ကဲ မဟာနော်ရထာ ကြီးကြပ်သည့် ဒုတိယမြန်မာတပ်မကြီးကို ၁၁၂၆ ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်နေ့တွင် ထားဝယ် ကြောင်း ချီစေသည်။ ထားဝယ်ကြောင်း ချီလာသော မဟာ နော်ရထာ၏ တပ်မကြီးသည် ချီရာခရီးစဉ် စစ်ကြောင်းတစ် လျှောက်မှ မြို့ရွာအသီးသီးကို သိမ်းယူပြီးနောက် ၁၁၂၇ ခုနှစ်၊

တပို့တွဲလဆန်း (၅)ရက်နေ့တွင် အယုဒ္ဓယ (ယိုးဒယား) မြို့မှ အရှေ့မြောက်ဘက် တာလေးရာခန့်သာ ကွာဝေးသည့် 'ပန်ပသုတ်' ရွာသို့ ရောက်လာသည်။

ဇင်းမယ်ကြောင်းချီ နေမျိုးသီဟပတ္တေ့၏ တပ်မကြီးလည်း လင်းဇင်းကို အောင်မြင်ပြီးနောက် ချီရာခရီးစဉ် စစ်ကြောင်းတစ်လျှောက်မှ မြို့ရွာအသီးသီးကို သိမ်းယူပြီးနောက် 'ပန်ပသုတ်'ရွာ သို့ ရောက်လာသည်ဟု မဟာနော်ရထာကြားသိရသည့် အချိန်တွင် မဟာနော်ရထာ၏ တပ်တော်ကြီးမှာ ကနီရွာသို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့နောက် ယိုးဒယားမြို့၏ အနောက်မြောက်ဘက် တာငါးရာခန့်အကွာတွင် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင် နော်ရထာမင်းကြီး တည်ထားခဲ့သော ဘုရားအနောက်ဘက်တွင် မြန်မာစစ်ကဲနှစ်ဦး၏ တပ်မကြီးနှစ်ခု ပေါင်းဆုံကြပြီးနောက် ယိုးဒယားမြို့ကို လုပ်ကြံနေစဉ်တွင် မင်းကြီးမဟာနော်ရထာ နာမကျန်းဖြစ်၍ ကွယ်လွန်သဖြင့် ဇင်းမယ်ကြောင်းချီတပ်မကြီးနှင့် ထားဝယ်ကြောင်းချီ တပ်မကြီးများကို နေမျိုးသီဟပတ္တေ့ပင် အုပ်ချုပ်ရသည်။

ခြေတော်ရင်းသို့ အလျှောက်အထားရောက်လာ၍ စစ်ကဲ မဟာနော်ရထာ ကွယ်လွန်ကြောင်းကို (၁၁၂၈)ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်နေ့တွင် ဆင်ဖြူရှင်မင်းကြီး ကြားသိရသည်။ ဤနေရာ၌ စာရှုသူများ သတိချပ်ရမည့်အရာမှာ ဤ

ကဲ့သို့ ခြေတော်ရင်းသို့ အလျှောက်အထား ရောက်လာသည့် အချိန်တွင် မြန်မာတို့သည် ဒုတိယအကြိမ် ကျူးကျော်ဝင် ရောက်လာသော တရုတ်တပ်မကြီးကို အသက်စွန့်၍ တိုက်ခိုက်နေရသည့် အရေးပင်ဖြစ်သည်။ မြန်မာတို့သည် ရပ်ဝေး မြေခြားတွင် ကျူးကျော်စစ်ကို ခင်းနေရသည့်အချိန်တွင် မြောက်အရပ်မှ မိမိတို့နိုင်ငံအတွင်းတွင်ပင် မိမိတို့ထက် အင်အားကြီးမားသော တရုတ်လက်နက်နိုင်ငံ၏ စစ်တပ်ကြီးကို ရင်ဆိုင်၍ ခုခံရေးစစ်ကိုလည်း ဆင်နွှဲနေရသည့် အခြေအနေ ဖြစ်ပါသည်။ သို့သော်လည်း ယိုးဒယားမှ အလျှောက်အထားရောက်လာ၍ စစ်သတင်းကို ကြားသိရသည့်အခါ ဆင်ဖြူရှင်မင်းကြီး၏ စိတ်တွင် တစ်စုံတစ်ရာစိုးရိမ်မှု စိုးစဉ်းမျှမဖြစ်ခဲ့။ ယိုးဒယားမှ တပ်တော်ကို ရုပ်သိမ်း၍ နေပြည်တော်သို့ ခေါ်ယူရန်ကိုလည်း မစဉ်းစားခဲ့ရုံသာမက 'တရုတ်ဦးဒည်ပြည်ကို ငါကိုယ်တိုင်ချီတော်မူမည်။ ယိုးဒယားမြို့ကို အလျင်အလိုတော်ပြည့်အောင် လုပ်ကြံသိမ်းယူပြီးလျှင် မင်းနှင့်တကွ ယိုးဒယားပြည်အလုံးကို သိမ်းရုံးပြန်လာစေ။ မဟာနော်ရထာ သေလွန်သည်ကိုလည်း မှူးကြီး မတ်ကြီးတို့ သေလွန်လျှင် သင်္ဂြိဟ်သည့် အစဉ်အလာနှင့်အညီ သင်္ဂြိဟ်စေ' ဟုသာ မိန့်တော်မူ၍ အလျှောက်အထား ရောက်လာသူတို့ကို ယိုးဒယားစစ်မြေသို့ ပြန်စေသည်။

ရှေးမြန်မာဝန်ကြီး

ဤနေရာ၌ ဆင်ဖြူရှင်မင်း၏ စိတ်နေစိတ်ထားကိုလည်းကောင်း၊ သူရသတ္တိကိုလည်းကောင်း၊ မိမိ၏ စစ်သည်တော်များနှင့် ပြည်သူတို့၏အပေါ်၌ ယုံကြည်စိတ်ချမှုအားထားမှုကိုလည်းကောင်း စာရှုသူများ စဉ်းစားကြည့်နိုင်ပါသည်။ ယိုးဒယားပြည်၌ ပင်မတပ်မကြီး ရောက်ရှိနေစဉ်တွင် ဒုတိယတပ်မကြီးတစ်ခုကို ထပ်မံထူထောင်၍ ခုခံစစ်ကို အောင်မြင်စွာ ဆင်နွှဲနိုင်သော မြန်မာတို့၏ ထိုခေတ်အခါက အင်အားကို စာရှုသူများ ခန့်မှန်းကြည့်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့သော စစ်အင်အားကို ထူထောင်နိုင်သည့် ထိုခေတ်က မြန်မာတို့၏ ဆန်ရေစပါး၊ ပေါများမှုနှင့် စီးပွားရေးအင်အားကိုလည်း စာရှုသူများ စဉ်းစားကြည့် နိုင်မည်ပင်ဖြစ်ပါသည်။

ဆင်ဖြူရှင်မင်း ယုံကြည်စိတ်ချသည့်အတိုင်း လက်ရုံးရည် နှလုံးရည်ပြည့်ဝသော မြန်မာတပ်မတော်များသည် နေမျိုးသီဟပတော့၏ အုပ်ချုပ်မှုဖြင့် ယိုးဒယားပြည်ကို အောင်မြင်ပြီးနောက် စီစဉ်သင့်သမျှကို စီစဉ်၍ ၁၁၂၉ ခုနှစ်၊ နယုန်လဆန်း (၉)ရက်နေ့တွင် ယိုးဒယားမှ ပြန်လည်ထွက်ခွာခဲ့သည်။ ယိုးဒယားမှ ပြန်လည်ထွက်ခွာခဲ့သော နေမျိုးသီဟပတော့၏ ရှေ့တော်ပြေးတပ်ဦးသည် ၁၁၃၀ ခုနှစ် တန်ခူးလတွင် ရတနပူရ အဝနေပြည်တော်သို့ ရောက်လာပါသည်။ (ထိုအချိန်က ကံကြမ္မာဆိုးရွာသော ယိုးဒယားမင်း 'ကျောက်ဘွားဇကာဒသ်' နှင့် မင်းမိဖုရား သားတော် သမီးတော် ဆွေတော်မျိုးတော်တို့ အကြောင်းကို ကုန်းဘောင်ဆက် ရာဇဝင်တော်

ကြီးတွင် ကြည့်နိုင်ပါသည်)။ နေမျိုးသီဟပတ္တေ၏ တပ်တော်များ ယိုးဒယားမှ မထွက်ခွာမီ တစ်လအတွင်း ၁၁၂၉ ခုနှစ် ကဆုန်လပြည့်ကျော် (၉) ရက်နေ့ကပင် ဝန်ကြီးမဟာသီဟသူရ၏ တပ်တော်များ ဒုတိယတရုတ်မြန်မာစစ်ပွဲကို အောင်မြင်၍ နေပြည်တော်သို့ ရောက်လာပြီးဖြစ်ပါသည်။

တတိယတရုတ်မြန်မာစစ်ပွဲ

ဝန်ကြီးမဟာသီဟသူရ၏ တပ်တော်များ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာပြီး ခုနှစ်လခန့်အချိန်အတွင်း ၁၁၂၉ ခုနှစ်၊ နတ်တော်လတွင် တရုတ်စစ်သည်များ ဗန်းမော်နှင့် သိန္နီသို့ စစ်ကြောင်း နှစ်ကြောင်းချီ၍ ရောက်လာပြန်ပါသည်။ မိမိ၏ လက်နက်နိုင်ငံကြီးမှ စေလိုက်သောတပ်ကြီးကို မြန်မာ့မြေပေါ်၌ နှစ်ကြိမ်နှိမ်နင်းလိုက်သော မြန်မာတို့အပေါ် တွင် အခဲမကျေနိုင်သော တရုတ်ဧကရာဇ်သည် ဤတစ်ကြိမ်တွင် ယခင်ကထက် စစ်သည်အင်အားကြီးမားသော တပ်မကြီးကို စုစည်း၍ မိမိ၏သားမက် 'မြင်းခုံရဲ' နှင့် မိမိ၏ ညီ 'စူတာလောရဲ' တို့ ကိုယ်တိုင်အုပ်ချုပ်စေလျက် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ချေမှုန်းရန် စီစဉ်ခြင်းဖြစ်ပါသည်။ (မြင်းခုံရဲ၏ အမည်ကို အင်္ဂလိပ် သမိုင်းဆရာဟာဗီ (Harvey:p.255) က Mingjui 'မင်းဂျူရည်' ဟု ဖော်ပြပါသည်။) စစ်သည်ဗိုလ်ပါ မရေမတွက်နိုင်အောင် များပြားသော အင်အားဖြင့် တရုတ်တပ်ကြီး သိန္နီသီပေါက္ကြောင်း ချီလာပါသည်ဟု သီပေါစော်ဘွားက အလျှောက်အထား ရောက်လာသည်။

သိန္နီသီပေါကြောင်းချီလာသော တရုတ်တို့ကို ဆီးကြို တိုက်ရန်အတွက် တပ်ပေါင်း (၃၀) ကို ဝန်ကြီးမဟာစည်သူ အုပ်ချုပ်စေ၍ ၁၁၂၉ ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်နေ့တွင် နေပြည်တော်မှ ချီစေသည်။ တရုတ်တို့ပို့သည့် ရိက္ခာဟူသမျှကို ဖျက်ဆီးသိမ်းယူပြီးလျှင် တရုတ်တပ်စုများကို တိုက်ရန် အမိန့်နှင့် တပ်ပေါင်း (၂၀)ကို ဝန်ကြီး မဟာသီဟသူရ အုပ်ချုပ်စေ၍ ထိုနှစ်ပြာသိုလဆန်း (၇)ရက်နေ့တွင် နေပြည်တော်မှ ချီစေသည်။ မိုးမိတ်ကြောင်းချီလာသော တရုတ်တို့ကို နောက်မှ ဖြတ်၍တိုက်ရန် အမိန့်နှင့် တပ်ပေါင်း (၁၀)ကို စစ်ကဲ လက်ဝဲဝင်းမှူးအုပ်ချုပ်စေ၍ ထိုနှစ်ပြာသိုလဆန်း (၁၁) ရက်နေ့တွင် နေပြည်တော်မှချီစေသည်။ ကုန်းဘောင်ခေတ် ရာဇဝင်တော်ကြီးတွင် ဖော်ပြသော မြန်မာတို့၏ စစ်ဆင်ရေးသည် ပြောက်ကျားစနစ်ကို သုံးသကဲ့သို့ ရင်ဆိုင်တိုက်ခိုက်မှုကိုလည်း အသုံးပြုသည်မှာ ထင်ရှားပါသည်။ ဝန်ကြီးမဟာသီဟသူရ အုပ်ချုပ်သော တပ်ပေါင်း (၂၀)နှင့် စစ်ကဲလက်ဝဲဝင်းမှူးအုပ်ချုပ်သော တပ်(၁၀)တပ်မှာ ပြောက်ကျားတပ်များဖြစ်သည်မှာ ထင်ရှားပါသည်။

သီပေါအလွန် ဘန်ကျည်အရပ်တွင်လည်းကောင်း၊ သီပေါအနောက် ဂုတ်တောင်တွင်လည်းကောင်း ဝန်ကြီးမဟာစည်သူ၏ တပ်များနှင့် 'မြင်းခုံရဲ' ၏ တပ်များရင်ဆိုင်၍ တိုက်ကြရာတွင် 'မြင်းခုံရဲ'၏ များပြားလှသော စစ်သည်

ယိုးဒယားနန်းမြို့ရိုးအား မြန်မာစစ်သည်များ တိုက်ခိုက်နေကြစဉ်

အင်အားကြောင့် မြန်မာတို့ အရေးနိမ့်ခဲ့ရသည်ကို ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီးတွင် အမှန်အတိုင်းဝန်ခံ၍ တင်ပြထားပါသည်။ တိုင်းပြည်အတွက် အသက်စွန့်၍ တိုက်ကြသော လက်ဝဲကောင်းထွတ်၊ ရွှေပြင်းကြီး၊ ဒီပစက်ရောင် စသည့် သူရဲကောင်း မြန်မာတပ်မှူးများနှင့် စစ်သည်အမြောက်အမြား ကျဆုံးကြသည်။ 'မထွက်သာ မခွာသာအောင် အဝိုင်းခံရသော မြန်မာတပ်အချို့ စုံးစုံးနစ်ကြသည်' ဟုဆိုပါသည်။

ရင်ဆိုင်၍ မတိုက်သာသော အခြေအနေတွင် ဝန်ကြီးမဟာစည်သူသည် တပ်များကို နေထားတကျ စုစည်း၍ ဆုတ်ခွာပြီးနောက် ရောက်ရာအရပ်တွင်သာ တပ်အခိုင်အလုံတည်၍နေရသည်။ ထိုအခါက မြန်မာတို့သည် ဂုတ်ထိပ်တောင်ကြားကို လွန်သည်အထိ ဆုတ်ခဲ့ကြရသည်ဟု ဟာဗီက (Harvey: p.225) က ဆိုပါသည်။ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင်မူ 'ထိုအချိန်တွင် မဟာစည်သူ၏ တပ်များသည် လုံကာပြင်ကြီးတွင် တပ်အခိုင်အလုံတည်၍ ရပ်တည်နေသည်' ဟု ဖော်ပြပါသည်။ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် 'တရုတ်စစ်သူကြီး မြင်းခုံရဲလည်း ဒီအခါသော် မြန်မာပြည်အလုံးကို အကုန်သိမ်းယူမည်ဟု ကြုံးဝါးပြီးလျှင် ဗိုလ်ပါအလုံးအရင်းနှင့် အားမာန်တက်ကာ ချီဆင်းလာရာ ဘုတ်သက်ကယ်ပြင် အနီးအပါးတိုင်အောင် တပ်ဦးတပ်ဖျား ရောက်ချေသည်' ဟု ဖော်ပြထားပါသည်။ ဆရာကြီးဒေါက်တာ ထင်အောင်ကမူ 'မြင်းခုံရဲ'၏ တပ်ဦး

တပ်ဖျားသည် အင်းဝအထက် မိုင်သုံးဆယ်ခန့်သာ ကွာဝေးသော စဉ့်ကူးနယ်အထိ ရောက်လာသည်ဟု ဆိုပါသည်။ (Maung Htin Aung: p.178)

ဝန်ကြီးမဟာစည်သူသည် ရန်ငူးသီရိနော်ရထာကို နေပြည်တော်သို့လွှတ်၍ ဘုတ်သက်ကယ်ပြင် အရပ်တိုင်အောင် တရုတ်တပ်ဦးတပ်ဖျား ရောက်ကြောင်းကို လျှောက်ထားစေသည်။ ထိုအခါတွင် မှူးတော်မတ်တော်တို့က ဘုတ်သက်ကယ်ပြင်သည် နေပြည်တော်နှင့် သုံးစခန်းမျှသာ ဝေးကွာသဖြင့် မြို့တော်ပတ်လည်ရှိ အိမ်ရာများကို သိမ်းရုံးရှင်းလင်း၍ ဆင်ခလုတ် မြင်းခလုတ် ကတုတ်ဆူးငြောင့် တုံးမောင်းစီရင်ပြီးလျှင် မြို့ပြင်ရှိ လက်နက်လူသူရိက္ခာမှန်သမျှကို မြို့တွင်းသို့ သွင်းသင့်ကြောင်းနှင့် မြို့တော်တောင်ဘက်ရှိ ကျေးရွာများမှ သူရဲဟူသမျှကို သိမ်းရုံးစည်းကြပ်၍ တပ်လုံးအရင်းများ စီရင်သင့်ကြောင်း နားတော်လျှောက်ကြသည်။ (မြန်မာတို့ကို နှိမ်ချ၍ သမိုင်းကို ပြုစုသော ဟာဗီကမူ နေပြည်တော်ကို စွန့်ခွာ၍ ရှောင်ရှားရန် မှူးတော် မတ်တော်တို့က လျှောက်တင်သည်ဟု ဆိုပါသည်။) ခမည်းတော် အလောင်းမင်းတရားကြီး၏ ဇာတိသွေးဇာတိမာန် ပြည့်ဝသော သားတော်ပီသလှသည့် ဆင်ဖြူရှင်သည် ဤကဲ့သို့ လျှောက်ထားသည့် မှူးမတ်တို့အား "နေပြည်တော် ပတ်လည်ရှိ အိမ်ရာကျောင်းကန်များကို မထိပါးလေနှင့်။ တိုင်းနေပြည်သူ ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့ လုပ်

ဆောင်မြဲလုပ်ဆောင် စားသောက်နေထိုင်စေ။ တရုတ်တပ်များ ရွှေကြက်ယက်လယ်ပြင်သို့ ရောက်လာသည့်အခါ ငါ့ညီတော် လေးပါး (အမြင့်မင်းသား၊ ဗဒုံမင်းသား၊ ပုခန်းမင်းသား၊ ပင်းတလဲမင်းသားတို့) နှင့်အတူ ငါကိုယ်တော်တိုင် တရုတ်တို့ အလောင်းကောင်ကို နင်း၍ ရွှေကြက်ယက်ကသည် ရွှေတောင် ဦးသို့ ကူးတော်မူမည်'ဟု မိန့်ကြားသည်။

ထိုအခါက ဆင်ဖြူရှင်မင်းသည် သူရဲဘောကြောင်သော ဘုရင်ဖြစ်၍ နေပြည်တော်ကို စွန့်ခွာ၍ ရှောင်ရှားခဲ့ပါက မြန်မာစစ်သည်များ အပါအဝင် နေပြည်တော်မှ တိုင်းသူပြည် သားများ စိတ်ဓာတ်ပျက်ပြားမည်ပင် ဖြစ်ပါသည်။ မြန်မာ စစ်သည်များ စိတ်ဓာတ်ပျက်ပြားပါက ကျူးကျော်လာသော တရုတ်စစ်တပ်ကြီးကို နှိမ်နင်းနိုင်တော့မည် မဟုတ်ပါ။ ဤ အခြေအနေမျိုး ဆိုက်ရောက်လာပါက မြန်မာရာဇဝင်၌ ဆင်ဖြူရှင်မင်းသည် ဒုတိယတရုတ်ပြေးမင်း ဖြစ်ရပေတော့ မည်။ မြန်မာ့သမိုင်းကြောင်းသည်လည်း မြန်မာတို့ဂုဏ်ယူ စရာ မဟုတ်ရုံသာမက ပုဂံပြည်ပျက်သုဉ်းစဉ်က ဖြစ်ခဲ့သည့် အတိုင်းပင် ရှက်ဖွယ်ဖြစ်သော အခြေအနေသို့ ပြောင်းလဲ၍ တစ်မျိုးတစ်မည်ဖြစ်လာမည်ပင်။ ဤအခြေအနေကို တွေးမိ သော မြန်မာတိုင်းက ဆင်ဖြူရှင်မင်းကို ချီးကျူးရမည် လေးစား ရမည်ပင်ဖြစ်သည်။

ရှုးမြန်မာ

ထိုအခါက တရုတ်တို့၏ စစ်ဆင်ရေးစီမံကိန်းမှာ သိန္နီတွင်လည်းကောင်း၊ လားရှိုးတွင်လည်းကောင်း ခံတပ်နှစ်ခုထား၍ ထိုခံတပ်တို့၏ ရံတပ်များက ခံတပ်များမှ စားနပ်ရိက္ခာများကို စစ်ဦးမှ သိပေါကြောင်းချီ 'မြင်းခုံရဲ'၏ တပ်များကို ထောက်ပံ့ရန်ဖြစ်သည်။ 'မြင်းခုံရဲ' ၏ တပ်များက နောက်ကြောင်းခံတပ်နှစ်ခု၏ ရိက္ခာထောက်ပံ့မှုဖြင့် နေပြည်တော်အရောက်ချီရန် ဖြစ်ပါသည်။ သိန္နီကြောင်းချီ ဝန်ကြီးမဟာသီဟသူရ၏တပ်မှ တိမ်ကြားမင်းခေါင်၏ တပ်များက တရုတ်တို့၏ ရိက္ခာပို့တပ်များကို နောက်ကြောင်းမှ ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှုအောင်မြင်သောကြောင့် တရုတ်တို့ စားရေရိက္ခာပြတ်လတ်၍ ငတ်မွတ်သဖြင့် တရုတ်တို့၏ ထိုးစစ်အင်အားကျဆုံးခြင်း ဖြစ်သည်။ ထိုအခါ ရွှေလီမြစ်နှင့် သံလွင်မြစ်များသည် တရုတ်တို့၏ စစ်ကြောင်းနှင့် ရိက္ခာပို့ဆောင်ရေးလမ်းကြောင်းများ ဖြစ်သည်။ ထို့ကြောင့် ကွမ်းလုံနှင့် ကြူကုတ်နယ်တစ်ဝိုက်မှ ဒေသများတွင် မြန်မာတို့၏ ပြောက်ကျားတပ်များက စောင့်၍ တရုတ်တို့၏ ရိက္ခာပို့တပ်များကို နောက်ကြောင်းမှ တိုက်ကြခြင်းဖြစ်သည်။

'မြင်းခုံရဲ'၏ တပ်ဦးတပ်ဖျား ဘုတ်သက်ကယ်ပြင်အရပ်တိုင်အောင် ရောက်လာသောအခါတွင် မိုးမြိတ်ကြောင်းချီလာသော လက်ဝဲဝင်းမှူး၏ ဆယ်တပ်နှင့် ဝန်ကြီးမဟာသီဟသူရ၏ တပ်တော်များ လားရှိုးတွင် ဆုံမိကြသည်။

ထိုအခါက မဟာသီဟသူရဇ၏ တပ်တော်များက တိုက်သဖြင့် လားရှိုးမှ တရုတ်ခံတပ်ပျက်၍ တရုတ်တို့ သိန္နီခံတပ်သို့ ထွက်ပြေးစုစည်းနေကြသော အချိန်ဖြစ်သည်။ လက်ဝဲဝင်းမျူးနှင့် ဗိုလ်မှူးတပ်မှူးတို့က နေပြည်တော်ရှိရာသို့ ချီနေသော 'မြင်းခုံရဲ'၏ တပ်များကို တိုက်လိုကြောင်း ဝန်ကြီးမဟာသီဟသူရအား အကြံပြုသည်။ သို့သော် 'တရုတ်တို့၏ သိန္နီခံတပ်သည် သစ်ပင်၏ အမြစ်နှင့် အလားတူ၍ 'မြင်းခုံရဲ'၏ တပ်များသည် သစ်ပင်၏ အကိုင်းအခက် အရွက်အလက်များနှင့် အလားတူသည်။ အမြစ်ကို တူး၍ ဖြတ်လိုက်လျှင် အကိုင်းအခက် အရွက်အလက်များ အလိုအလျောက် ကြွေပျက်ရမည်။ သို့မို့ကြောင့် ငါတို့ သိန္နီခံတပ်ကို အလျင်တိုက်ရမည်'ဟု ဆိုသည်။ ဗိုလ်မှူးတပ်မှူးတို့ မဟာသီဟသူရဇ၏ အမြော်အမြင် ဆင်ခြင်မှုကို အကြိုက်ညီကြသည်။

ထိုအချိန်တွင် စူတာလောရဲက သိန္နီခံတပ်တွင် လက်နက်နှင့် ခဲယမ်းများကို သွင်း၍ တရုတ်ဘက်တွင် တရုတ်နှင့် ပေါင်းနေသော သိန္နီစော်ဘွားနှင့်တကွ တရုတ်ဗိုလ်မှူးတို့ကို သိန္နီခံတပ်တွင် အခိုင်အလုံ နေစေသည်။ 'စူတာလောရဲကား သိန္နီမှ ခွာ၍ တပ်ကြီးအခိုင်အလုံတည် လုပ်၍နေသည်'ဟု ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြပါသည်။ (ထိုအခါက စူတာလောရဲ၏ ခံတပ်မှာ သိန္နီနှင့် လားရှိုး

အကြားရှိ ယခုမျက်မှောက်ခေတ် 'မိုင်းလီ' သို့မဟုတ် ထောက်ပံ့ရေးလမ်းကြောင်းကောင်းသည့် သံလွင်မြစ်ကမ်း အနီးမှ 'မိုင်းကြက်' ဖြစ်နိုင်ပါသည်။) ရှိသမျှ တပ်အားလုံးကို စုရုံး၍ မြန်မာတို့ ရွှပ်ရွှပ်ခွဲခွဲ တိုက်ကြသည်တွင် ပထမသိန္နီ ခံတပ်ပျက်သည်။ ထို့နောက် စူတာလောရဲ၏ ခံတပ်ပျက်သည်။ စူတာလောရဲလည်း 'သည်စစ်ကို ငါကြီး ကြပ်ကွပ်ကဲသော်လည်း ခံရပ်နိုင်မည့်အကြောင်းမရှိ၊ သေရသော်ကောင်း၏' ဟုဆို၍ လည်ကို ဓားနှင့် လှီး၍သေလေလျှင် တရုတ်တပ် အလုံးအဆီး အတားမရှိ ပျက်လေ၏။ ထိုတိုက်ပွဲတွင် စူတာလောရဲ၏ ယောက်ဖဗိုလ်၊ ခဲဝါဗိုလ်၊ ပန်းသေးဗိုလ်၊ ရည်စုံရဲ၊ ရည်တာရဲ၊ ကွင်လောရဲတို့ကို စီးသည့်မြင်းများနှင့် တကွ ရလိုက်သည်ဟု ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြပါသည်။

ရန်ဂူးသီရိနော်ရထာ နေပြည်တော်မှ ပြန်ရောက်လာ၍ ဘဝရှင်မင်းတရား အမျက်တော်ရှိကြောင်း ကြားရပြီးနောက် ဝန်ကြီးမဟာစည်သူ၏ တပ်များလုံးကာပြင်ကြီးမှ သုံးဆယ်ကို လှည့်၍ ဆင်းခဲ့ပြီးနောက် ချီရာလမ်းတစ်လျှောက်တွင် လက်နက်စစ်သည် ရဲမက်ရိုက္ခာ ပြန်လည်ဖြည့်တင်းပြီးနောက် စစ်ကြောင်းသုံးကြောင်းဖြန့်လျက် 'မြင်းခုံရဲ'၏ တပ်ကို တိုက်သည်။ ရိက္ခာပြတ်၍ ငတ်မွတ်နေသော 'မြင်းခုံရဲ'၏ စစ်သည်

ရှေးမြန်မာဝန်ကြီး

များ ကြံ့ကြံ့မခံနိုင်ကြ၍ သိန္နီကို ရှောင်ကွင်းကာ တရုတ်နယ်မိုင်းရုံးမိုင်းယည် အရောက်ဆုတ်ခွာကြသည်။ ထိုတိုက်ပွဲများတွင် မြန်မာစစ်သည်များသည် သွေးအလိမ်းလိမ်းလူး၍ ချောနေသော မိမိတို့၏ ဓားများမှ လက်ကိုင်ရိုးများကို အနိုင်နိုင် ဆုတ်ကိုင်ထားရ လောက်အောင်ပင် ထိုးခုတ်သတ်ဖြတ်ကြသည်ဟု ဟာဗီကဆိုပါသည်။ (Harvey:p.225) 'မြင်းခုံရဲ'၏ တပ်ကို နောက်ကြောင်းမှလိုက်၍ တိုက်နေသော ဝန်ကြီးမဟာစည်သူ၏ တပ်နှင့် သိန္နီမှ ချီလာသည့် ဝန်ကြီးမဟာသီဟသူရ၏ တပ်များ လားရိုးအနောက် နောင်ပေါတွင် ဆုံမိကြသည်။ ထိုအခါတွင် 'ဝန်ကြီးမဟာသီဟသူရ၏ တပ်များနှင့် ဝန်ကြီးမဟာစည်သူ၏ တပ်များပေါင်းရုံး၍ 'မြင်းခုံရဲ' ရှိရာ မိုင်းရုံး မိုင်းယည်သို့ ချီသည်။ 'မြင်းခုံရဲ'ကို လက်ရဖမ်းရန် မိုင်းရုံး မိုင်းယည်မှသည် တရုတ်ပြည်တိုင်အောင် ပြေးလေသည်'ဟု ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး (ပတ္တဲ၊ စာ ၄၄၄) တွင် ဖော်ပြပါသည်။

သို့သော် သမိုင်းဝင် နန်းစဉ် တရုတ်မှတ်တမ်းများကိုကိုးကားသော ဟာဗီ၏ စာအုပ်တွင်မူ 'မြင်းခုံရဲ'လည်း တရုတ်ဧကရာဇ်ပေးအပ်သော တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်သဖြင့် (မန်ချူးစစ်သည်တို့၏ အစဉ်အလာထုံးစံအတိုင်း) ၄င်း၏ ကျစ်ဆံမြီးကို ဓားနှင့် ဖြတ်၍ တရုတ်

ဧကရာဇ်အား ဆက်သရန်မှာ ကြားပြီးလျှင် သစ်ပင်ထက်မှ ကြိုးဆွဲချ၍ သူကိုယ်သူ အဆုံးစီရင်သည်ဟု ဆိုပါသည်။ သူ၏ အလောင်းကို မြန်မာတို့တွေ့လျှင် မလေးမစား မတော် မလျော် ပြုမည်ဖြစ်သဖြင့် အလောင်းကို မြန်မာတို့ မတွေ့ရ လေအောင် သစ်ရွက်သစ်ခက်တို့ဖြင့် သူ၏ ကျေးကျွန်များက ဖုံးအုပ်ခဲ့သည်ဟုလည်း ဟာဗီက ဆိုပါသည်။ (Harvey: p.255) ဗန်းမော်သို့ချီလာ၍ ဗလမင်းထင်၏ ဗန်းမော်နယ်မှ ကောင်းတုံခံတပ်ကို အကြိမ်ကြိမ်တိုက်သော တရုတ်တပ်ကြီးသည်လည်း ခံတပ်ခိုင်လုံလှသဖြင့် ကောင်းတုံခံတပ်ကို ပျက်အောင် မတိုက်နိုင်သည့်အပြင် တပ်တွင်းမှ ထွက်၍ တိုက်သော ဗလမင်းထင်၏ ထိုးစစ်ကို မခံနိုင်ကြဘဲ ဆုတ်ပြေးရသည်။

တရုတ်မှတ်တမ်းများတွင် တရုတ်ဧကရာဇ်က တပ်ကို ရုပ်သိမ်း၍ တရုတ်ပြည်သို့ ပြန်လည်ဆုတ်ခွာခဲ့ရန် အမိန့်ကို မြန်မာပြည်တွင်း၌ စစ်ဆင်နေသော တရုတ်တပ်သို့ ပို့ပေးသော်လည်း တရုတ်ဧကရာဇ်၏ အမိန့်ကို တရုတ်တပ်မှူးများ မရရှိခဲ့ပါဟုဆိုပါသည်။ (Harvey:p.255)

ထိုအခါက တရုတ်တို့၏ ထောက်ပံ့ပို့ဆောင်ဆက်သွယ်ရေး လမ်းကြောင်းကို မြန်မာတို့က ထိထိရောက်ရောက် ပိတ်ဆို့၍ တိုက်ခိုက်နိုင်သဖြင့် တရုတ်ဧကရာဇ်၏ အမိန့်ကို တရုတ်တပ်မှူးများ မရရှိခဲ့ခြင်းမှာ ထင်ရှားပါသည်။ တရုတ် ဧကရာဇ်၏ အမိန့်ကို တရုတ်တပ်မှူးများ ရရှိခဲ့ပါလျှင်လည်း

ထိုအခါက တရုတ်စစ်သည်တို့၏ ကံကြမ္မာမှာ မည်သို့မျှ ထူးခြားလာမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အစာရေစာပြတ်၍ ပြန်လည်ဆုတ်ခွာနေသော ရန်သူတပ်ကို မြန်မာတို့က လက်ပိုက်ကြည့်နေ၍ အသာတကြည် ဆုတ်ခွာခွင့်ပေးမည် မဟုတ်သောကြောင့်ပင်။ အရေးတော်ပြီးပြေလျှင် ရလိုက်သော မြင်းလော လား လက်နက်သုံ့ပန်းတို့ကို သိမ်းယူ၍ ဝန်ကြီးမဟာသီဟသူရ၏ တပ်များနှင့် ဝန်ကြီးမဟာစည်သူ၏ တပ်များ ၁၁၂၉ ခုနှစ် တပေါင်းလပြည့်ကျော် (၁၄)ရက်နေ့တွင် ခြေရင်းတော်သို့ ရောက်လာခဲ့သည်ဟု ဆိုသဖြင့် ၁၁၂၉ ခုနှစ်၊ နတ်တော်လတွင်စခဲ့သော တတိယတရုတ် မြန်မာစစ်ပွဲသည် လေးလခန့် ကြာမြင့်ခဲ့သည်ဟု ဆိုရပါမည်။



ရာဇပလ္လင်

စတုတ္ထ တရုတ်မြန်မာစစ်ပွဲ

တတိယ တရုတ်မြန်မာစစ်ပွဲပြီး၍ တစ်နှစ်ခွဲခန့်အကြာ သက္ကရာဇ် ၁၁၃၁ ခု၊ သီတင်းကျွတ်လတွင် တရုတ်စစ်သူကြီး 'သူကုန်ရဲ' 'အာကုန်ရဲ' 'ယွန်းကုန်ရဲ'တို့ အုပ်ချုပ်သော တရုတ်တပ်ကြီး ဗန်းမော်ကြောင်း ချီလာပြန်သည်။ တရုတ်တို့ကို ခုခံရန်အတွက် သီတင်းကျွတ် လပြည့်ကျော် (၈)ရက်နေ့တွင် ဝန်ကြီးမဟာသီဟသူရအုပ်ချုပ်သော တပ်စုစုပေါင်း (၅၀) ကို ဧရာဝတီမြစ်ကြောင်းနှင့် ဗန်းမော်သို့ ချီစေသည်။ ထိုတပ်များကို ကွပ်ကဲသော စစ်ကဲများမှာ အဓိကရှေ့ဝင်းမှူး တိမ်ကြားမင်းခေါင်နှင့် မြောက်ဘက်မြင်းဝန် ရွှေတောင်နော်ရထာ တို့ဖြစ်သည်။ ဝန်ကြီးမဟာသီဟသူရ၏ တပ်များကို အမြောက်ဝန် နေမျိုးသီဟသူ၏ တပ် (၁၂) တပ်က အနောက်မြောက်ဘက်မှ မိုးကောင်းကြောင်းချီ၍ ရံသည်။ မိုးမြိတ်စော်ဘွားနှင့် ကျော်ထင်ရာဇာတို့တပ်က ဧရာဝတီမြစ်၏ အရှေ့ဘက်မှ ချီ၍ ရံသည်။ စစ်သူကြီး 'သူကုန်ရဲ' 'အာကုန်ရဲ' 'ယွန်းကုန်ရဲ'တို့ လီစောတောင်သို့ မရောက်မီ ရောရည်တောင်တွင် နန်ကျင်ဗိုလ် ဆင်တာရည်ကို အချုပ်ခန့်လျက် သစ်ပျဉ်ရလွယ်သော သစ်တောကို ခုတ်၍ သမ္မန်များ လုပ်ရန် လူတစ်သောင်းနှင့် ထားခဲ့ပြီးနောက် ဗန်းမော်သို့ ချီလာသည်။ တရုတ်စစ်သူကြီးသုံးဦးလည်း ဗန်းမော်နယ်သို့ ရောက်ပြီးနောက် ကောင်းတုံမြို့ အရှေ့ခြောက်တိုင် (ဆယ့်နှစ်

မိုင်) ကွာ ရွှေညောင်ပင်အရပ်တွင် တပ်ကြီးတပ်ခိုင် တည်လုပ်ပြီးလျှင် စစ်သူကြီးယွန်းကုန်ရဲကို အစောင့်ထားခဲ့၍ ဗလမင်းထင်၏ ကောင်းတုံခံတပ်ကို ကြည်းကြောင်းမှချီ၍ လုပ်ကြံသည်။

ယွန်းကုန်ရဲ၏ ရွှေညောင်ပင်ခံတပ်ကြီးတွင် တရုတ်စစ်သည် တစ်သိန်းနှင့် မြင်းတစ်သောင်းရှိ၍ ဗလမင်းထင်၏ ကောင်းတုံခံတပ်ကို ကြည်းကြောင်းမှလုပ်ကြံသည့် တရုတ်တပ်ကြီးတွင် တရုတ်စစ်သည် သုံးသိန်း၊ မြင်းသုံးသောင်း ရှိသည်ဟု ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြပါသည်။ ဟာဗီက အရေအတွက်များကို လက်မခံသော်လည်း တရုတ်တို့၏ ရွှေညောင်ပင် ခံတပ်ကြီးသည် မြို့ကြီးတစ်မြို့ကဲ့သို့ ကျယ်ဝန်းကြီးမားသည်ဟု ဆိုပါသည်။
(Harvey:p.254)

တရုတ်တို့ မြစ်ညာတွင် လုပ်သည့် သမ္မန်ငါးရာနှင့် လူငါးသောင်းကို သူကျင်မြို့စား ရိတာရည်က တင်ဆောင်လာ၍ ကောင်းတုံခံတပ်ကို ကြည်းကြောင်းမှ လုပ်ကြံသည့် 'သူကုန်ရဲ' 'အာကုန်ရဲ' တပ်ကို အားဖြည့်သည်။ ဗလမင်းထင်လည်း တပ်ထိပ်တွင် အမြောက် စိန်ပြောင်းတပ်၍ ချဉ်းကပ်လာသမျှ ရန်သူတို့ကို နေ့ညမစဲ မရပ်မနား ပစ်လွှတ်သည်။ ကောင်းတုံခံတပ် ကြံ့ကြံ့ခံနိုင်၍ မလှုပ်မရှားရှိနိုင်လျှင် တရုတ်တို့လည်း ကြည်းကြောင်း ရေကြောင်း ဝန်းရံလျက် နေ့ညမစဲ

အမြောက်စိန်ပြောင်းပစ်လွှတ်၍ လုပ်ကြံကြသည်။ ထိုတရုတ်မြန်မာ စစ်ပွဲများတွင် တရုတ်တို့သည် ကောင်းတုံခံတပ်ကို အကြိမ်ကြိမ် လုပ်ကြံသော်လည်း ဗလမင်းထင်၏ အရည်အချင်း လုပ်ရည်ကိုင်ရည် ကောင်းလှသဖြင့် ကောင်းတုံခံတပ်ကြံ့ကြံ့ခံနိုင်ခဲ့သည်။ လေးကြိမ်မြောက် တရုတ်မြန်မာစစ်ပွဲတွင် ကောင်းတုံခံတပ်ကို တရုတ်တို့ လုပ်ကြံရာတွင် တရုတ်တို့သည် ခံတပ်ကို မရသော်လည်း စစ်ပွဲအစမှ အဆုံးအထိ တရုတ်စစ်သည် နှစ်သောင်းကျဆုံး၍ ၄င်းတို့၏ လက်နက်ခဲယမ်းမီးကျောက်များကို မြန်မာတို့ကရလိုက်သည်ဟု ဟာဗီက ဆိုပါသည်။ (Harvey: p.257)

ရေကြောင်းချီ ဝန်ကြီးမဟာသီဟသူရလည်း မြစ်စဉ်ကျေးရွာ လှေတပ်စုနှင့် စံလှကြီး ဓမ္မာတာ ဗညားဦးနှင့် ရွှေတောင်ငယ်တို့ကို လှေလေးစင်းနှင့် ရှေ့မှချီစေပြီးနောက် ကောင်းတုံကို ရံသည့် တရုတ်ရေတပ်ကို တိုက်စေသည်။ တရုတ်ရေတပ်ပျက်သောအခါ တပ်မှူးလေးဦး ကောင်းတုံခံတပ်တွင်းသို့ ဝင်၍ ဗလမင်းထင်အား လက်နက် ခဲယမ်းမီးကျောက်နှင့် မျိုးရိက္ခာဖြည့်တင်းပေးပြီးနောက် တရုတ်ရေတပ်မှ ရလိုက်သော သမ္ဘန်များကို သိမ်းဆည်း၍ ကောင်းတုံတောင်ဘက်မှ တရုတ်တို့၏ ရံတပ်၏ မြောက်ဘက်စည်းခန်းချောင်းဝ၏ မြောက်ဘက်တွင် တပ်တည်၍ နေသည်။ ထိုနေရာတွင် တပ်မှူးလေးဦး၏ ရေတပ်နှင့် တရုတ်ရေတပ်

ယိုးဒယားဘုရင်

တစ်ဖက်နှင့် တစ်ဖက်အပြန်အလှန် ဝန်းရံ၍ အကြိမ်ကြိမ်တိုက်ကြသည်။

မိုးကောင်းသို့ ချီစေသော အမြောက်ဝန်တို့၏ တပ် (၁၂)တပ်လည်း မိုးကောင်းသို့ရောက်ပြီးနောက် တရုတ်တပ်ကို ဆီးကြိုတိုက်ရန် တပ်ချ၍ ရပ်နေသည်။ တရုတ်ဗိုလ်ဆင်တာရည်လည်း ကပ်ကျိုး ဝိုင်းမော်အထက် မြစ်ကျဉ်းရာ နောင်တာလောကျွန်းတွင် ရပ်နေ၍ မြစ်ကူးတံတားခင်းရန် ကြိုးစားသည်။ အမြောက်ဝန်တို့တပ်က ကျွန်းပင်သာအရပ်တွင် တပ်ချ၍ တရုတ်တို့ကို တိုက်သည်။ ခင်းပြီးသမျှသော တံတားကိုလည်း ဖျက်ဆီးသည်။ တရုတ်တို့လည်း တံတားမရှိ၍ မြစ်ကို မကူးနိုင်သဖြင့် မြစ်အရှေ့ဘက်တွင် ရပ်တန့်နေသည်။ တရုတ်တို့အနောက်ဘက်သို့ မကူးရလေအောင် မြန်မာတို့က မြစ်တစ်လျှောက်တွင် တပ်တန်းထိုး၍ ခုခံသည်။

ဝန်ကြီးမဟာသီဟသူရသည် တကောင်းသို့ရောက်လျှင် ဧရာဝတီ အရှေ့ဘက်ကြောင်း ချီလာသော မိုးမြိတ်စော်ဘွားနှင့် ကျော်ထင်ရာဇာတို့တပ်နှင့် ဆုံမိပြီးနောက် အရှေ့ဘက်ကြောင်းချီတပ်ကို လက်ဝဲဝင်မှူး အုပ်ချုပ်စေပြီးလျှင် (မိုးကုတ်၏ အရှေ့မြောက်ဘက်ရှိ) မိုးမြိတ်ကို ချီ၍ အခိုင်အလုံနေပြီးနောက် စစ်ရိပ်ကို ကြည့်၍ တရုတ်တပ်စုတို့ကို တိုက်ရန် ညွှန်ကြားချက်ဖြင့် တကောင်းအောက်ဘက် မလည်မှ ဧရာဝတီမြစ် အရှေ့ဘက်ကြောင်းခွဲ၍ ချီစေသည်။ ဝန်ကြီးမဟာသီဟသူရ၏ လှေတပ်သည် ကောင်းတုံသို့ ဆက်လက်

ချီသွားပြီးနောက် မြစ်အနောက်ဘက်ကျွန်းတွင် တပ်ချ၍နေသည်။ ထို့နောက် တိမ်ကြားမင်းခေါင် အုပ်ချုပ်သော တပ် (၁၅)တပ်ကို မြစ်အရှေ့ဘက်သို့ ကူးစေပြီးနောက် လင်ပန်းကျ ချောင်း မြောက်ဘက် မိုင်းရူးအရပ်မှလှည့်၍ ချီစေ၍ တရုတ်တို့၏ ရိက္ခာပို့တပ်များကို နောက်မှလှည့်၍ တိုက်စေသည်။ ရိက္ခာပို့တပ်ဟူသမျှပျက်၍ ရိက္ခာတင်ဆောင်သည့် မြင်းလော လားများနှင့်တကွ သုံ့ပန်းများ ရလိုက်သည်။ ထို့နောက် တိမ်ကြားမင်းခေါင်၏ တပ်သည် ဗန်းမော်ဈေးဆိပ်မှသည် လင်ပန်းကျချောင်း မြောက်ဘက်သို့ လှည့်၍ ချီသွားပြီးလျှင် တရုတ်တို့၏ မျိုးရိက္ခာတပ်များကို နောက်ပိုင်းမှ တိုက်သည်။ တရုတ်ရိက္ခာတပ်များ ပျက်၍ မြန်မာတို့ မျိုးရိက္ခာနှင့် သုံ့ပန်းများ ရလိုက်ပြန်သည်။

တရုတ်စစ်သူကြီး သူကုန်ရဲနှင့် အာကုန်ရဲတို့လည်း တိမ်ကြားမင်းခေါင်နှင့် လက်ဝဲဝင်မှူးတို့၏ စစ်ကြောင်းနှစ်ကြောင်း နောက်ကလှည့်၍ ချီလာကြောင်းသိလျှင် လျှဉ်းရည်းမြို့စား ဗိုလ်မှူးရိတာရည်၏ မြင်းတပ်ကိုလွှတ်၍ လက်ဝဲဝင်မှူး၏ တပ်ကို တိုက်ရန်စေလိုက်သည်။ တစ်ချိန်တည်းမှာပင် တိမ်ကြားမင်းခေါင်၏ တပ်ကို တိုက်ရန် ဗိုလ်မှူး ဟိုက်တာရည်၏ မြင်းတပ်ကို စေလွှတ်လိုက်သည်။ မိုးမြိတ်ကြောင်းချီသော လက်ဝဲဝင်းမှူးတို့လည်း မိုးမြိတ်သို့ရောက်လျှင် မိုးမြိတ်မြို့ကို ဆင်ခလုတ် မြင်းခလုတ် ကတုတ် ဆူးငြောင့်တို့ဖြင့်

လုံခြုံအောင် စီရင်၍ စော်ဘွားကို အစောင့်ထားခဲ့ပြီးလျှင် တပ် (၁၀)တပ်နှင့် ကောင်းတုံကြောင်း ချီလာသည်။ စည်းခန်းချောင်းမြောက်ဘက်သို့ ကူးမိလျှင် လျဉ်းရည်း မြို့စားတရုတ် ဗိုလ်မှူးရိတာရည်၏ မြင်းတပ်က ဆီးကြိုလာသည်ကို လက်ဝဲဝင်းမှူးတို့ မြင်လျှင် သေနတ်စွဲ သူရဲနှစ်ထောင်ကို အပြင်းလွှတ်ပြီးနောက် ဆင်တပ်နှင့် နင်းသည်တွင် တရုတ်မြင်းတပ်ပျက်၏။ ထို့နောက် လက်ဝဲဝင်းမှူးသည် စည်းခန်းချောင်းမြောက်ဘက်တွင် တပ်ချ၍ ရပ်နေသည်။

အရှေ့ဝင်းမှူး တိမ်ကြားမင်းခေါင်၏ တပ်လည်း တရုတ်ဗိုလ်မှူး ဟိုက်တာရည်၏ မြင်းတပ်နှင့် တရုတ်တို့၏ ရွှေညောင်ပင်ခံတပ် အရှေ့နန်းမဘွဲ့ချောင်း အလွန်တွင် တွေ့သည်။ တိမ်ကြားမင်းခေါင်သည် သေနတ်စွဲ သူရဲများပါဝင်သော မိမိ၏ တပ် (၁၅)တပ်ကို တပ် (၅) တပ်စီရှိသော စစ်ကြောင်းသုံးကြောင်း ခွဲလိုက်သည်။ ပထမစစ်ကြောင်းကို ဆင်ပြာကုန်းဗိုလ်နှင့် ကျားရွာဗိုလ်တို့ အုပ်ချုပ်စေ၍ တရုတ်တပ်ကို လက်ဝဲဘက်မှ တိုက်စေသည်။ ဒုတိယစစ်ကြောင်းကို လိုင်ဗိုလ်ကြီး ကြပ်စေ၍ လက်ယာကြောင်းမှ တိုက်စေသည်။ တတိယစစ်ကြောင်းကို မိမိကိုယ်တိုင် ကြီးကြပ်၍ တရုတ်တပ်ကို အလယ်တည့်တည့်မှ ရင်ဆိုင်၍ တိုက်သည်။ နောက်ပိုင်းမှ အားဖြည့်ရန် တက်လာသော တရုတ်မြင်းတပ်များကို သမန္တရဲနှင့် အဂ္ဂရဲတို့၏ သေနတ်စွဲ သူရဲတို့က လက်ဝဲလက်ယာ

ဖြန့်၍ ပစ်သည်။ တရုတ် ဗိုလ်မှူး ဟိုက်တာရည် ဆုတ်ခွာ၍ စစ်သူကြီး ယွန်းကုန်ရဲ၏ ရွှေညောင်ပင်ခံတပ်ကြီးသို့ ဝင်၍ ပေါင်းရ၏။ တိမ်ကြားမင်းခေါင်၏ တပ်များလည်း နန်းမဘွဲ့ ချောင်းအရှေ့ဘက်တွင် တပ်ချ၍ နေပြီးနောက် ရွှေညောင်ပင် ခံတပ်ကြီးသို့ လာသမျှ တရုတ်တို့၏ ရိက္ခာတပ်များကို နောက်ကြောင်းမှ လှည့်၍ တိုက်သည်။

ထိုအချိန်တွင် လက်ဝဲဝင်းမှူး နေမျိုးစည်သူက စေလိုက်သော ဘရုံးစား၏ မြင်းတရာကင်းထောက်တပ် တိမ်ကြားမင်းခေါင်တို့ တပ်သို့ရောက်လာသည်။ ဤတွင် တိမ်ကြားမင်းခေါင်က 'ရွှေညောင်ပင် ခံတပ်ကြီးသို့ လာသမျှ တရုတ်တို့၏ ရိက္ခာတပ်များကို မိမိတပ်က ဆီးဆို့၍ တိုက်နိုင်သဖြင့် တရုတ်တို့ ခံတပ်တွင် ရိက္ခာပြတ်တောင့်မည်ဖြစ်ကြောင်း၊ သို့သော် တရုတ်ခံတပ်တွင် လက်နက်လူသူအင်အား များပြားလှသဖြင့် တရုတ်ခံတပ်ကို မိမိ၏ စစ်ကြောင်းတစ်ခုတည်းဖြင့် တိုက်နိုင်မည်မဟုတ်ကြောင်း၊ မိမိ၏ စစ်ကြောင်းနှင့် နေမျိုးစည်သူတို့၏ စစ်ကြောင်းနှစ်ကြောင်းပေါင်း၍ တိုက်မှ အရေးတော်ပြီးမည် ဖြစ်ကြောင်းတို့ကို နေမျိုးစည်သူအား တင်ပြရန် ဘရုံးစားအား မှာကြား၍ နေမျိုးစည်သူ၏ တပ်သို့ ပြန်စေသည်။

ဘရုံးစားနှင့် မြင်းတရာတပ် လက်ဝဲဝင်းမှူးထံ ပြန်ရောက်လာပြီးနောက် တိမ်ကြားမင်းခေါင်မှာ ကြားသမျှကို

ဘရုံးစားက လက်ဝဲဝင်းမှူးအား တင်ပြသည်။ လက်ဝဲဝင်း တော်မှူးလည်း ဗိုလ်မှူး တပ်မှူးတို့နှင့်တိုင်ပင်ရာ အားလုံး သဘောညီသဖြင့် လက်ဝဲဝင်းတော်မှူး၏ တပ်များ ရွှေညောင်ပင်သို့ ချီလာ၍ စစ်ကြောင်းနှစ်ကြောင်း ပေါင်းပြီးနောက် စစ်ရေးရာကို ဗိုလ်မှူးတပ်မှူးအားလုံး အညီအညွတ် တိုင်ပင်ကြပြီးသော် ရွှေညောင်ပင်ခံတပ်ကြီးကို ရွပ်ရွပ်ခွံခွံ အသေခံ၍ တိုက်ကြသည်။ တပ်အရှေ့မျက်နှာမှ အရှေ့ဝင်းမှူး တိမ်ကြားမင်းခေါင်နှင့် ခြောက်တပ်၊ တပ်တောင်မျက်နှာမှ မင်းငယ်ဗလနှင့် ခြောက်တပ်၊ အနောက်မျက်နှာမှ လက်ဝဲဝင်းမှူးနှင့် ခုနှစ်တပ်၊ မြောက်မျက်နှာမှ လိုင်ဗိုလ်နှင့် ခြောက်တပ်၊ တပ်ပေါင်း (၂၅)တပ်က တရုတ်တို့ ခံတပ်ကို အရပ်လေးမျက်နှာမှ အပြင်းကပ်၍ ထိုးနှက်လုပ်ကြံကြသည်။ တပ်တံခါးနှင့် တပ်တိုင်များကို ဆင်များနှင့် တိုးဝှေ့၍လည်း လဲသည်။ ဆွဲ၍လည်း လဲသည်။ ခံတပ်ကြိုးပေါက်သည်နှင့် တစ်ပြိုင်နက် (၂၅) တပ်လုံး ဝင်၍ ထိုးခုတ်ကြသဖြင့် ယွန်းကုန်ရဲနှင့်တကွ တရုတ်ဗိုလ်မှူး တပ်မှူးများနှင့် တရုတ်စစ်သည်များ တပ်အနောက်မျက်နှာမှ ဆုတ်ခွာထွက်ပြေးပြီး လျှင် ကောင်းတုံခံတပ်ကို ရံနေသည့် သူကုန်ရဲနှင့် အာကုန်ရဲတို့၏ တပ်နှင့် ပေါင်းကြ၏။

ထို့နောက် ဗညားဦး၊ တုရင်သိပ္ပ၊ တုရင်စစ်၊ ကျော်ဂသူ၊ သူရိန်တန်ဆောင်တို့ တပ် (၅)တပ်ကို ရွှေညောင်ပင်ခံတပ်ကြီးတွင် ထားခဲ့ပြီးနောက် လက်ဝဲဝင်းမှူးနှင့် တပ် (၁၀)တပ်သည်

ကောင်းတုံမြို့ အရှေ့တောင်နှစ်တိုင်ကွာ စည်းခန်းချောင်း မြောက်ဘက် နောင်ပြစ်အရပ်တွင် တပ်ချရပ်စွဲနေသည်။ တိမ်ကြားမင်းခေါင်နှင့် (၁၀)တပ် သည်လည်း ကောင်းတုံမြို့နှင့် လေးတိုင်ကွာ မိုင်းရူးရွာတစ်ဖက် လင်ပန်းကျချောင်း ကမ်းထိပ်တွင် တပ်စွဲရပ်နေသည်။ ထိုအချိန်တွင် ဝန်ကြီး မဟာသီဟသူရလည်း တပ်မှူးရှစ်ယောက် (မက္ခရာဗိုလ်၊ မင်းရဲဇေယကျော်၊ ကသည်းဝန်၊ လေးတော်စား၊ မြေထဲစား၊ မင်းရဲရန်နောင်၊ လယ်ကိုင်းစား၊ မင်းကြီး ဂါမဏိစန္ဒ) တို့၏ အမြောက်စိန်ပြောင်း အပြည့်တင်ထားသော ရေတပ်ရွှစ်တပ် နှင့် ကောင်းတုံခံတပ်ကို ရံနေသည့် တရုတ်ရေတပ်ကို တစ်စုတည်းအပြင်းတက်၍ တိုက်၏။ ထိုအကြိမ်တွင် တရုတ် ရေတပ်အားလုံးပျက်သဖြင့် ဝန်ကြီးမဟာ သီဟသူရ၏ ရေတပ်နှင့် ဗလမင်းထင်၏ ကောင်းတုံခံတပ်သည် တစ်သားတည်းဖြစ်၍ မြန်မာတပ်အင်အား အားလုံးတစ်ပြေးတည်း စုစည်းပြီးသား ဖြစ်သွား၏။

ထိုအချိန်တွင် မဟာသီဟသူရလည်း မင်းရဲဇေယျကျော်ထင်နှင့် တပ်ဆယ်တပ်ကို ကောင်းတုံအောက်က မြစ်အရှေ့ဘက်သို့ ကူးစေပြီးလျှင် ကောင်းတုံအရှေ့တောင် စည်းခန်းချောင်းတစ်လျှောက်၌ လက်ဝဲဝင်းမှူး ရပ်နေသည့် နောင်ပြစ်တပ်နှင့် အထောက်အလှမ်းသင့်အောင် တပ်စွဲနေစေသည်။ မင်းရဲရန်နောင်၏ တပ်ဆယ်တပ်ကိုလည်း ကောင်းတုံအထက်က ကူးစေပြီးလျှင် ကောင်းတုံမြို့မြောက်ဘက်

လင်ပန်းကျ ချောင်းတစ်လျှောက်တွင် တိမ်ကြားမင်းခေါင်ရပ်နေသည့် မိုင်းရှူးတပ်နှင့် အထောက်အလှမ်းသင့်အောင် တပ်စွဲနေစေသည်။ ဤအစီအစဉ် ပြီးသောအခါတွင် မြန်မာတပ်အားလုံးက သူကုန်ရဲနှင့် အာကုန်ရဲတို့၏ တပ်ကို ဝိုင်းရံပြီး သားဖြစ်သွားတော့၏။ ယင်းသောအခါ သေနာပတိချုပ် ဝန်ကြီး မဟာသီဟသူရလည်း နောက်ချီတပ်ထပ်ကာ ထပ်ကာရောက်လာသည့် ဟန်ဖြင့် မြစ်အနောက်ဘက်တွင်ရှိသည့် ဆင်မြင်းလူသူတို့ကို နေ့အခါတွင် ထင်ထင်ပြပြ မြစ်အရှေ့ဘက်သို့ ကူးစေသည်။ ဆင်မြင်းလူသူတို့ကို ညဉ့်အချိန်တွင် အနောက်ဘက်သို့ တိတ်တဆိတ်ပြန်၍ ကူးစေသည်။ ဤကဲ့သို့ အပြန်အလှန်အခါခါ ကူးစေသည်။

တရုတ်တို့က ပြေငြိမ်းရန် ကမ်းလှမ်းရခြင်း

တရုတ်တပ်ကြီးသည် မျိုးရိုက္ခာလည်း ပြတ်နေစဉ်တွင် (မြန်မာတပ်များကို ဝိုင်းရံ၍တိုက်ကြသော တရုတ်တပ်များသည် မြန်မာတပ်များကို အောင်မြင်အောင် မတိုက်နိုင်ရံသာမက အဆုံး၌ မြန်မာတပ်များ၏ ဝိုင်းရံခြင်းကို ခံကြရသည်ဟု ဟာဗီက ဆိုသည့်အတိုင်းပင်) မြန်မာတပ်များ၏ ဝိုင်းရံမှုကို ခံနေရ၏။ တိုက်ရန်လည်း အားမရှိ ဆုတ်ခွာရန်လည်း အားအင်မရှိဘဲ စစ်သည်ရဲမက်ဟူသမျှ ငတ်မွတ်ကြသော အခြေအနေတွင် မြန်မာပြည်မှ ချက်ချင်းဆုတ်ခွာခဲ့ရန်

အမိန့်ပေးသော တရုတ်ဧကရာဇ်၏ အမိန့်စာကို တရုတ်သေနာပတိ များရရှိခဲ့သည်။ (Maung Htin Aung: p.181)

ထို့ကြောင့်ပင် သူကုန်ရဲနှင့် အာကုန်ရဲတို့က ပျူငှာချိုသာသော စကားတို့ဖြင့် ပြေရာပြေကြောင်း ပြောဆိုလျက် စစ်ကို ရပ်စဲ၍ ပြေငြိမ်းရန် စကားကမ်းလှမ်းလာသည်။

နှစ်ပြည်ထောင် ရန်မီးပွားအောင် မွေနောက်ကုန်းချော၍ တရုတ်ပြည်တွင် ခိုလုံနေသော သိန္ဒီစော်ဘွား၊ ဗန်းမော်စော်ဘွားနှင့် မိုးကောင်းစော်ဘွားတို့ကို ပေးအပ်ရန်လည်း မိမိတို့က ကမ်းလှမ်းပါကြောင်းနှင့် သူကုန်ရဲတို့၏ ပြေငြိမ်းရေး ကမ်းလှမ်းသည့်စာကို စေတမန်တရုတ် ကွေ့စွေဗိုလ်က ယူလာ၍ ၁၁၃၁-ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်နေ့တွင် တပ်ဦးသို့ ရောက်လာသည်။ စစ်၏ ကြမ်းကြုတ်မှု ရက်စက်မှုကိုလည်းကောင်း၊ နှစ်ရှည်လများ ရေရှည်တိုက်ရသော စစ်ပွဲများတွင် ပင်ပန်းဆင်းရဲစွာ နေထိုင်စားသောက်၍ အသက်ကို စွန့်ကြရသော စစ်သည်တို့၏ ဘဝကိုလည်းကောင်း၊ ရန်ကို ရန်ချင်းတုံ့နှင်း၍ တရုတ်ပြည်ကဲ့သို့သော တိုင်းပြည်ကြီးနှင့် မနားတမ်း စစ်ခင်းနေရမည်ဆိုပါက ဆုံးနိုင်ဖွယ်ရာမရှိဘဲ နှစ်နိုင်ငံလုံး အကျိုးကင်း၍ ဆင်းရဲမည်သာ ဖြစ်သည်ကိုလည်းကောင်း သိနားလည်၍ ဆင်ခြင်တုံတရားရှိသော သေနာပတိချုပ် ဝန်ကြီးမဟာသီဟသူရလည်း ဗိုလ်မှူးတပ်မှူးများနှင့် အကျေအလည် ဆွေးနွေးတိုင်ပင် ညှိနှိုင်းပြီးနောက်

တရုတ်တို့၏ ကမ်းလှမ်းမှုကို လက်ခံ၍ စစ်ကို ပြေငြိမ်းရန် ဆုံးဖြတ်လိုက်သည်။

တရုတ်စေတမန် ကွေ့စွေဗိုလ်နှင့် မြန်မာစေတမန် ငချစ်ကြွယ်တို့မှတစ်ဆင့် ပေးစာများနှင့် တရုတ်နှင့် မြန်မာ သေနာပတိနှစ်ဦး ရှေးဦးသဘောတူညီချက်များကို ညှိနှိုင်းပြီးနောက် တရုတ်တို့က တောင်းပန်သည့်အတိုင်း တရုတ်မြန်မာ ဗိုလ်မှူး တပ်မှူးများ တွေ့ဆုံ၍ တရားဝင် အညီအညွတ် အစည်းအဝေးလုပ်မည့်နေ့ရက်ကို ဝန်ကြီး မဟာသီဟသူရက သတ်မှတ်ပေးလိုက်သည်။ ထို့နောက် ကောင်းတုံမြို့ အရှေ့တောင်ထောင့်တွင် စကြောကွန်းခုနစ်ဆင့်ရှိသော ဆွေးနွေးပွဲတဲကြီးကို အတင့်အတယ် ဆောက်စေသည်။ သက္ကရာဇ် ၁၁၃၁ ခုနှစ်၊ နတ်တော်လဆန်း (၁၅) ရက်နေ့တွင် မြန်မာတပ်မှူး (၁၄) ဦးနှင့် တရုတ်တပ်မှူး (၁၃) ဦး ပါဝင်သော စည်းဝေးပွဲတွင် အပြန်အလှန် သဘောတူညီမှုများကို တရုတ်မြန်မာနှစ်ဘာသာနှင့်ရေး၍ မှတ်တမ်းတင်ကြသည်။ ထိုအပြန်အလှန် သဘောတူညီချက်များ၏ အဓိကအချက်များမှာ -

၁။ တရုတ်တပ်များကို မြန်မာတို့က အနှောင့်အယှက် ကင်းအည့်ပ်မရှိစေဘဲ တရုတ်ပြည်အရောက် ဆုတ်ခွာခွင့်ပေးသည်။

၂။ တရုတ်မြန်မာ နှစ်ပြည်ထောင် မီးမသေ ရေမနောက် ချစ်ကြည်စွာဖြင့် အချင်းချင်း တစ်ဦးကို တစ်ဦးက မဟာမိတ်များအဖြစ် အသိအမှတ်ပြုရန်။

၃။ ယခင်ရှိမြဲအတိုင်း တရုတ်မြန်မာ နှစ်ပြည်ထောင် နယ်စပ်ကုန် သွယ်ရေးလမ်းကြောင်းကို ဖွင့်ထားရန်။

၄။ နှစ်ပြည်ထောင် ရန်မီးပွားအောင် မွေနှောက်ကုန်းချောချ၍ တရုတ်ပြည်တွင် ခိုလုံနေသော သိန္နီစော်ဘွား၊ ဗန်းမော်စော်ဘွားနှင့် မိုးကောင်းစော်ဘွားတို့ကို ၁၁၃၁ ခုနှစ်၊ နတ်တော်လမှသည် ကဆုန်လအတွင်း သိန္နီမြို့အရောက် တရုတ်တို့က ပို့အပ်ရန်။

၅။ နှစ်နိုင်ငံ ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်စေရန်အတွက် အနည်းဆုံး ဆယ်နှစ်တစ်ကြိမ်သံအဖွဲ့များ အပြန်အလှန် ပေးပို့စေလွှတ်၍ နှစ်နိုင်ငံအကြည်အသာ ဆက်ဆံကြရန်။

(ဤနေရာ၌ ဘိုးတော်ဘုရား လက်ထက်တွင် မြန်မာနိုင်ငံသို့ ရောက်လာသော တရုတ်သံရောက် မော်ကွန်းကို ကြည့်၍ ထိုအချိန်က စစ်သူကြီးများ၏ စီစဉ်မှုများသည် နောင်းခေတ်များတွင် တရုတ်မြန်မာဆက်ဆံရေး၌ အစဉ်အလာများ ဖြစ်လာသည်ကိုသတိပြုနိုင်ပါသည်)။

၆။ အထက်ပါ သဘောတူညီချက်များကို နှစ်နိုင်ငံမှ ဘုရင်ဧကရာဇ်နှစ်ဦးလုံးက သဘောတူလက်ခံအောင် မိမိတို့ ဘုရင်ဧကရာဇ်ကို အသီးသီးလျှောက်ထားပေးရန်။

သဘောတူညီချက်များကို နှစ်ဘာသာနှင့် မှတ်တမ်းတင်ကြပြီးနောက် တရုတ်နှင့် မြန်မာတပ်မှူး ဗိုလ်မှူးများ အပြန်

အလှန်ပေးသော လက်ဆောင်များမှာ (ထိုအချိန်က တရုတ်တို့၏ ကုန်ထုတ်လုပ်မှုနှင့် မြန်မာတို့၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို သုံးသပ်သည့် ရှူထောင့်မှကြည့်လျှင်) စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ၄င်းတို့ကို ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြထားသည့်အတိုင်း တင်ပြပါမည်။

တရုတ်တို့က ပေးသော လက်ဆောင်များ

ရွှေဖျင်အနီပွင့်ကြီးလိပ် တစ်ဆယ်၊ အနီပွင့်သေးလိပ် တစ်ဆယ်၊ အညိုပွင့်ကြီးလိပ် တစ်ဆယ်၊ အညိုပွင့်သေးလိပ် တစ်ဆယ်၊ ဘဲနီလိပ် တစ်ဆယ်၊ ဘဲစိမ်းလိပ် တစ်ဆယ်၊ ဘဲပြာလိပ် တစ်ဆယ်၊ ဘဲဝါလိပ် တစ်ဆယ်၊ ဘဲနက်လိပ် တစ်ဆယ်၊ ဘဲနီပြောက်လိပ် တစ်ဆယ်၊ ဘဲစိမ်းပြောက်လိပ် တစ်ဆယ်၊ ဘဲပြာပြောက်လိပ် တစ်ဆယ်၊ ဘဲဝါပြောက်လိပ် တစ်ဆယ်၊ ဘဲနက်ပြောက်လိပ် တစ်ဆယ်၊ ဘယောနီအုပ် တစ်ဆယ်၊ ဘယောပြာအုပ် တစ်ဆယ်၊ ဘယောဝါအုပ် တစ်ဆယ်၊ ဘယောနက်အုပ် တစ်ဆယ်၊ သံသော့နီအုပ် တစ်ဆယ်၊ သံသော့စိမ်းအုပ် တစ်ဆယ်၊ သံသော့ပြာအုပ် တစ်ဆယ်၊ သံသော့နက်အုပ် တစ်ဆယ်၊ ငွေပြားလည်ဆွဲ သုံးရာ၊ ဦးထုပ်သုံးထောင်၊ တရုတ်ယပ် သုံးထောင်၊ သားလှိုးမား သုံးရာ၊ စက္ကူ တစ်သောင်း။

မြန်မာတို့က ပေးသော လက်ဆောင်များ

တစ်ကျွန်းဆေးရေး ပုဆိုးထည်ရေ ခြောက်ဆယ့်လေးထည်၊ မာတရက်ဘက်ထိုးပြောက်အုပ် တစ်၊ ပိတ်အုပ်တစ်၊ သရက်ထည် တင်းတိမ်အုပ် နှစ်၊ သက္ကလပ်နီခြုံထည်သုံး၊ သက္ကလပ်စိမ်း နှစ်ဆယ့်ငါးတောင် တစ်၊ သိုးနက်ကိုး၊ ဆားချိန်တစ်ရာ၊ ငါးပိချိန်တစ်ရာ၊ ထန်းလျက်ချိန် တစ်ရာ၊ ဆေးချိန် ငါးဆယ့်သုံးပိသာ၊ ကြက်သွန်နီချိန်နှစ်ဆယ့်ငါးပိသာ၊ ကြက်သွန်ဖြူချိန် နှစ်ဆယ့်ငါးပိသာ၊ ဆီချိန် ငါးပိသာ့တစ်ဆယ်၊ ငါးခြောက်တစ်ရာ၊ ငါးသိုင်းတစ်ရာ၊ ငရုတ်ခွက်တစ်ဆယ်။

ကောင်းတုံမှ ဗန်းမော်ရောက်သည်အထိ တရုတ်တပ်များ သမ္မန်များနှင့် ဆုတ်သွားရန် မြန်မာတို့က ခွင့်ပေးသည်။ ဗန်းမော်သို့ ရောက်သောအခါ တရုတ်တို့၏ သမ္မန်များကို မီးတိုက်စေသည်။ သက္ကရာဇ် ၁၁၃၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅) ရက်၊ တနလ်ာနေ့တွင် တရုတ်တပ်များ အားလုံး ဆုတ်ခွာသွားကြသည်။ 'တရုတ်စစ်သည် အပေါင်းတို့သည် ငတ်မွတ်သည့် ကာလကြာရှည်ပြီဖြစ်၍ အနိုင်နိုင် သွားနိုင်သူတို့သာ ခရီးရောက်အောင် လိုက်ပါနိုင်သည်။ ငတ်မွတ်၍ မပါနိုင်မလိုက်နိုင်သည့် တရုတ်တို့ သေလေသည်ကား တောတောင်အနှံ့အစပ် မရေတွက်နိုင်အောင်ရှိလေ၏' ဟု ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီးတွင် ဖော်ပြပါသည်။

ဟာဗီကလည်း တပိန်မြစ်ဝှမ်းတစ်လျှောက်မှ ဆုတ်ခွာသွားကြသော တရုတ်စစ်သည်များ ခရီးတစ်လျှောက်တွင် ငတ်မွတ်ကြသဖြင့် ထောင်ချီ၍ သေဆုံးကြရသည်'ဟု ဆိုပါသည်။ (Harvey: p.355)

ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီးတွင် ဤအခန်းကို ဖတ်ရသော မြန်မာများသည် ကျူးကျော်လာသူ တရုတ်စစ်သည်တို့ကို မမုန်းတီးသည့်အပြင် ကရုဏာသက်မိမည်ပင် ဖြစ်ပါသည်။ သို့သော် ထိုအခါက မြန်မာပြည်သို့ တရုတ်တို့ ကျူးကျော်ဝင်ရောက်လာခြင်း၏ အဓိကအကြောင်းရင်းမှာ တရုတ်ကုန်သည်များနှင့် မြန်မာစစ်ကဲတို့၏ ပဋိပက္ခကြောင့် မဟုတ်ပါ။ ထိုအခါက တရုတ်ဧကရာဇ်၏ မှတ်တမ်းများအရ သိရသည်မှာ တရုတ်ဧကရာဇ်၏ အဓိကရည်ရွယ်ချက်သည် မြန်မာ နိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ကာ မြန်မာပြည်တွင် ရုပ်သေးဘုရင်ကို တင်မြှောက်ပြီးနောက် မြန်မာနိုင်ငံကို တရုတ်လက်အောက်ခံ ပြည်နယ်အဖြစ် အုပ်ချုပ်ရန် ဖြစ်ပါသည်။ (Harvey: p.355) ဤအချက်ကို စဉ်းစားကြည့်မိသူ မြန်မာများက တရုတ်ပြည်သို့ ဆုတ်ခွာရာ ခရီးတစ်လျှောက်တွင် သေဆုံးကြရသော တရုတ်စစ်သည်များကို သနားမိသော်လည်း တရုတ်ဧကရာဇ်၏ မာန်မာနကို မြန်မာတို့က ချိုးနှိမ်လိုက်နိုင်သည့်အတွက်မူကား ကျေနပ်ဝမ်းမြောက်ကြမည်ပင် ဖြစ်ပါသည်။

သမိုင်းဝင်တရုတ်နန်းတွင်း မှတ်တမ်းများတွင် ဖော်ပြသော မြန်မာတို့၏ စစ်ဆင်မှုများ

ထိုစစ်ပွဲများကို ဖော်ပြသည့် သမိုင်းဝင် တရုတ်နန်းတွင်း မှတ်တမ်းများတွင် မြန်မာတို့၏ စစ်ဆင်မှုများကို အောက်ပါ အတိုင်း တွေ့ရပါသည်။ 'မြန်မာတို့တွင် ထာဝရဖွဲ့စည်းထား သော စစ်တပ်မရှိပါ။ အရေးပေါ်လာသောအခါတွင်မှ ပြည် သားများကို ဆင့်ခေါ်သည်။ သို့သော် အင်းဝနေပြည်တော်တွင် 'ဘာမထီ' စစ်သည်များ ဟူသော အမည်ဖြင့် ဖွဲ့စည်းထား သည့် စစ်သည်တစ်သောင်းရှိသည်။ စစ်မြေပြင်၌ စစ်ခင်းရာ တွင် ဆင့်ခေါ်၍ ဖွဲ့စည်းထားသော တပ်တို့နှင့် ဘာမထီ စစ်သည်များကို တပ်ရှေ့တွင် ထား၍ မြင်းတပ်ကို လက်ဝဲနှင့် လက်ယာမှ ဖြန့်၍ ရန်သူကို ဝိုင်းညှပ်သည်။ အောင်မြင်မည့် အခြေအနေမရှိလျှင် အမြောက်စိန်ပြောင်းများနှင့် သေနတ်များ က ပစ်ခွင်း၍ အကာအကွယ်ပေးမှုကို အခွင့်ကောင်းယူကာ ခံတပ်ကို ဆောက်သည်။ (အမြောက်စိန်ပြောင်းများမှ) ယမ်းငွေ့နှင့် မီးခိုးများ ပျောက်ကွယ်သွားသောအခါတွင် ခံတပ်ကိုလည်း ဆောက်လုပ်ပြီးဖြစ်၍ စစ်သည်များသည် လည်း ခံတပ်အတွင်းသို့ ဝင်ပြီး၍ ခံတပ်ကို ကာကွယ်ရန် အသင့်ပင် ဖြစ်နေကြသည်။ ဤသည်မှာ မြန်မာတို့ ထာဝရ အသုံးပြုသော စစ်ရေးစနစ်ပင် ဖြစ်ပါသည်'

'မြင်းခုံရဲ၏ စစ်ကြောင်းဆုတ်ခွာသောအခါတွင်ကား မြန်မာတို့သည် မိမိတို့၏ တပ်များကို (မျိုးရိုက္ခာနှင့် ရဲမက်

ခဲယမ်းများ) အဘက်ဘက်မှ အဆက်မပြတ် ဖြည့်ဆည်းပေးနိုင်သော်လည်း ကျွန်ုပ်တို့၏ တပ်များမှာမူကား မည်သည့်ထောက်ပံ့ပို့ဆောင်မှုကိုမျှ မရရှိနိုင်ပါ။ မြန်မာတို့တွင် ဆင်ပေါ်၌ တင်ထားသည့် အမြောက်များရှိသော်လည်း ကျွန်ုပ်တို့တွင် လက်နက်ငယ်များသာရှိ၍ ထိုလက်နက်ငယ်များမှာလည်း တစ်နေ့ထက်တစ်နေ့ (ပျက်စီး၍) လျော့ပါးသွားကြသည်သာ ဖြစ်ပါသည်။ စစ်ပွဲများတွင် မရေမတွက်နိုင်သော အမြောက် စိန်ပြောင်းများနှင့် သေနတ်တို့မှ မြန်မာတို့တစ်ပြိုင်နက်တည်း ပစ်လွှတ်လိုက်သော မြည်ဟီးပေါက်ကွဲသံမှာ နားကွဲလုမတတ်ဖြစ်၍ စကားသံကိုပင် ကျွန်ုပ်တို့ မကြားနိုင်တော့ပါ။ မြင်းခုံရဲသည် နေ့စဉ် နံနက်စောစောထ၍ တိုက်ခိုက်ခုခံနေသော စစ်ကြောင်းကိုလည်းကောင်း၊ ဆုတ်ခွာနေသော စစ်ကြောင်းကိုလည်းကောင်း တစ်လှည့်စီ ကိုယ်တိုင်ကြီးကြပ်၍ ညွှန်ကြားပါသည်။ မြင်းခုံရဲသည် တစ်နေ့လုံးအဖို့ ရေတစ်စက်မျှ မသောက်ရသေးသော်လည်း ညစဉ်ညတိုင်းလိုလိုပင် နားနေရာတပ်စခန်းများသို့ ရောက်လာလေ့ရှိပါသည်။ ကျွန်ုပ်တို့တွင် စားစရာဆန်မရှိတော့သဖြင့် ကျွန်ုပ်တို့၏ ရိက္ခာမှာ အမဲခြောက်ပင် ဖြစ်သည်။ မြင်းခုံရဲသည် သူ၏ ဝေစုရိက္ခာကို သူ၏ စစ်သည်များနှင့် မျှဝေ၍ စားပါသည်။ သူ၏ ဆာလောင်မွတ်သိပ်နေသော တပ်မှူးများ၊ ဆင်းရဲပင်ပန်းလှသော တပ်မှူးများနှင့် ဒဏ်ရာအနာတရရှိသော စစ်သည်များနှင့် နာမကျန်းဖြစ်သူများကိုလည်း မည်သည့်အခါမျှ ပစ်မ

ထားခဲ့ဘဲ အရံတပ်သားများကို ဆင့်ခေါ်၍ သယ်ယူပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့၏ ရုံးနိမ့်မှုများ ဆင်းရဲပင်ပန်းမှုများအတွက် ကျွန်ုပ်တို့၏ စစ်သူကြီးကို မည်သူတစ်ဦးတစ်ယောက်ကမျှ အပြစ်မဆိုပါ။'

'စစ်သူကြီးမြင်းခုံရဲသည် သူ၏ အတွေ့နှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် သို့မဟုတ် အသက်ခံရမည်စိုးသည့်အတွက် မိမိကိုယ်ကို အဆုံးစီရင်ခြင်းမဟုတ်ပါ။ ဧကရာဇ်ပေးလိုက်သော တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်သောကြောင့်သာလျှင် မိမိကိုယ်ကို အဆုံးစီရင်ခြင်း ဖြစ်ပါသည်။ တပ်ကို ရုပ်သိမ်း၍ ဆုတ်ခွာရန် မင်းဧကရာဇ်က အမိန့်တော်မှတ်လိုက်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် ထိုအမိန့်တော်သည် မြင်းခုံရဲထံသို့ ရောက်မလာခဲ့ပါ။ မြင်းခုံရဲက 'ငါတို့သည် အခက်အခဲများနှင့် ရင်ဆိုင်၍ ကျဉ်းကြပ်သော အခြေအနေတွင် ရှိနေသည်ကို ငါတို့ရန်သူများ သိကြသည်။ သို့ရာတွင် ငါတို့တိုင်းပြည်အတွက် ငါတို့ဆက်လက်၍ တိုက်ကြရမည်ပင်ဖြစ်သည်။ သို့မှသာလျှင် ငါတို့သည် အထက်မှပေးသော အမိန့်သည် ပြန်လည်ရုတ်သိမ်းရန် မဖြစ်နိုင်သောအရာဖြစ်ကြောင်းကို နားလည်၍ နားလည်သည့်အတိုင်းလည်း မင်းဧကရာဇ်၏ ကျေးကျွန်ဖြစ်သော ငါတို့သည် အသက်နှင့်ရင်း၍ အမိန့်ကို နာခံကြောင်း ရန်သူတို့ကသိမည်ဖြစ်ပါသည်။ နောက်ပိုင်းမှ တပ်ကူများလည်း ငါတို့ထံရောက်လာမည် မဟုတ်ပါ။ သို့ရာတွင် ငါတို့သည် ငါတို့

တက်အားသမျှ အစွမ်းကုန်လုပ်ဆောင်ရတော့မည်။ သို့မှ သာလျှင် ငါတို့သည် ခိုင်မာသော သန့်ဌာန်ရှိသူများဖြစ်ကြောင်းကို ငါတို့ရန်သူများသိမည်' ဟု ဆိုလေ့ရှိပါသည်။ နေ့စဉ် အခက်အခဲများ မနားတမ်း ဝိုင်းဝိုင်းလည်နေသည့် အကြားမှပင် မြင်းခုံရဲကပြောသော စကားများဖြစ်ပါသည်။ ဤသည်မှာ အမြော်အမြင်ရှိသည့် မျိုးချစ်တစ်ယောက်ပြောသော စကားများဖြစ်ပါသည်။ ကြံရာမရ ဖြစ်နေသော လူတစ်ယောက်ပြောသည့် စကားများမဟုတ်ပါ။

'ယူနန်ပြည်နယ်သားများတွင်လည်းကောင်း မြင်းခုံရဲနှင့် လိုက်ပါအမှုထမ်းဖူးသည့် လူများတွင်လည်းကောင်း မြင်းခုံရဲ၏ အကြောင်းကို ပြောရာတွင် မျက်ရည်ဆည်နိုင်သူမရှိပါ။ မြင်းခုံရဲအား ထိုသူတို့၏ ချစ်မြတ်နိုးမှု လေးစားကြည်ညိုမှုသည် ထင်ရှားခဲ့သော ရှေးယခင်က စစ်သူကြီးတို့ကို လေးစားကြည်ညိုမှုထက် မယုတ်မလျော့နိုင်တော့ပါ'

'ကောင်းတုံခံတပ်သည် ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသည်။ ရန်သူတို့က ဧရာဝတီမြစ်၏ မြစ်ကမ်းနှစ်ဖက်လုံးပေါ်တွင် နေရာယူထားသည်။ အရှေ့ဘက်မြစ်ကမ်း၏ ကုန်းမြေမြင့်ရာနေရာတွင် တင်ဆောက်ထားသော အရှေ့ခံတပ်အနီးတွင် ကျွန်ုပ်တို့က နေရာယူထားပါသည်။ မြန်မာတို့ ခံတပ်၏ အဝန်းတစ်ဘက်သည် နှစ်လီကျယ် ဝန်းပါသည်။ (တရုတ်အတိုင်းအတာအရ တစ်လီတွင် (၆၃၁)ကိုက်ရှိ သဖြင့် မြန်မာတို့ ခံတပ်၏ အဝန်းတစ်ဘက်သည် (၁၂၆၂)ကိုက်

ရှိသည်)။ မြန်မာတို့၏ ခံတပ်ပတ်လည်တွင် ကြီးမားသော သစ်ပင်ကြီးများကို နက်အောင်တူးမြှုပ်၍ စိုက်ထားသည်။ တပ်ဝန်းအပြင်ပတ်လည်တွင် ကျုံးမြောင်းသုံးခု တူးထားသည်။ ကျုံးမြောင်းများ၏ ပတ်လည်တွင် သစ်ပင်ကြီးများကို ခုတ်၍ မြေပြင်တွင် လဲ့ထားသည်။ ပင်စည်များကို ခံတပ်ဘက်တွင်လည်းကောင်း အကိုင်းအခက်အချွန်အတက်တို့ကို အပြင်ဘက်မှ ရန်သူချဉ်းကပ်လာမည့်ဘက်ကို တူးယူချိန်ရွယ်၍လည်း လဲ့ထားသည်'

'ဤသည်တို့မှာ မြန်မာတို့အဖို့ အရေးပါသော နေရာတို့ကို ကာကွယ်ရန် ခံတပ်ဆောက်ရာတွင် ကျွမ်းကျင်လိမ္မာစွာ သုံးနေကျနည်းစနစ်များ ဖြစ်သည်။ ကျွန်ုပ်တို့ ပထမလုပ်ရသော လုပ်ငန်းမှာ မြေကို ဖို့၍ တောင်ကုန်းတည်ပြီးနောက် တောင်ကုန်းပေါ်တွင် အမြောက်များကို တင်၍ ခံတပ်ကို အမြောက်နှင့် ပစ်ခွင်းရခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ ပစ်ခွင်းမှုမှာ အရာမရောက်ပါ။ အကြောင်းမှာ ကျွန်ုပ်တို့၏ ပစ်ချက်ကြောင့် ခံတပ်နံရံကျိုးပေါက်သည်နှင့် တစ်ပြိုင်နက် ကျိုးပေါက်သမျှကို မြန်မာတို့က အတွင်းမှ သစ်များနှင့် အလျင်အမြန် ပြုပြင်ဖာထေးလိုက်သဖြင့် မြန်မာတို့၏ ခံတပ်မှာ မူလပကတိ အနေအထားအတိုင်း မယိမ်းမယိုင် မတုန်မလှုပ် ရှိမြဲရှိနေသည်'

'ကျွန်ုပ်တို့က နွားသားရေဖြင့် လွန်းတင်ထားသော ကြိုးများနှင့် ချည်၍ ခံတပ်တိုင်တို့ကို ဆွဲ၍ လဲ့ရန်ကြိုးပမ်းသော

အခါ နွားရေကြိုးများ ပြတ်ကုန်ကြသည်။ တောတွင်း၌ရှိသော ကြိမ်များကို သုံး၍ရှည်လျားသော ကြိမ်ကြိုးများ ကျစ်ပြီး နောက် ညအချိန်တွင် လူအင်အား နှစ်ထောင်သုံးထောင်နှင့် အလားတူ ကြိုးပမ်းသော်လည်း မြန်မာတို့က ကြိမ်ကြိုးများကို ဓားများနှင့် ဖြတ်ချလိုက်သည်။ (စစ်သူကြီး) 'ဖူဟန်'က ခံတပ်ကို မီးတိုက်ရန် အမိန့်ပေးသောအခါ မြန်မာတို့ ခံတပ်တွင်းမှ ပစ်လွှတ်သော သေနတ်ကျည်ကို ကာကွယ်ရန် အထူးတလည် ထုလုပ်ထားသည့် ဒိုင်းများ၏ အကာကွယ်ကို ယူ၍ ကျွန်ုပ်တို့ လူအင်အားအလုံးအရင်းနှင့် မီးတုတ်များကိုကိုင်လျက် ခံတပ်ရှိရာ ရှေ့သို့ ချီကြသည်။ ရှေ့ဆောင်အုပ်စုသည် ကျုံးမြောင်းသုံးထပ်ကို လွန်၍ ခံတပ်ကို ချဉ်းကပ်နိုင်သော နံနက် (၂) နာရီအချိန်တွင် မြစ်တွင်းမှ မြူခိုးများတက်လာ၍ နံနက် (၈) နာရီတိုင်အောင် အုံ့ဆိုင်းနေသည်။ ခံတပ်၏ သစ်တိုင်များသည် စွတ်စိုထိုင်းမှိုင်းနေသဖြင့် မီးမကူးနိုင်ပါ။ တိုက်လာသော လေကြောင်းသည်လည်း အခန့်မသင့်သော လေကြောင်းဖြစ်သဖြင့် ကျွန်ုပ်တို့ ဆုတ်ခွာခဲ့ရသည်'

'နောက်ဆုံးတွင် မိုင်းဗုံးများကို တူးမြှုပ်၍ ခံတပ်အောက်ခြေကို ဖောက်ခွဲရန် ကြိုးစားသည်။ မိုင်းများ ပေါက်ကွဲသောအခါတွင် ခံတပ်တိုင်လုံးအချို့ လှုပ်ရှား၍ ကြွတက်လာကြသည်။ ဤကဲ့သို့ ကျွန်ုပ်တို့ သုံးကြိမ်ကြိုးစားသည်။ သို့သော် ခံတပ်တိုင်များ မယိုင်မလဲဘဲ ခိုင်ခိုင်မတ်မတ်ပင် ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော် ခံတပ်ကို ကုန်းမြေ

မြင့်ရာတွင် ဆောက်ထားသည့်ပြင် ကျွန်ုပ်တို့တူး၍ မြှုပ်သော မိုင်းများမှာ နက်လွန်းသဖြင့် ၄င်းတို့၏ ပေါက်ကွဲမှုသည် လည်း မြေအောက်တွင် နက်ရှိုင်းလွန်းသည့် အောက်ခြေတွင် သာ ရှိနေသောကြောင့်ပင် ဖြစ်သည်။'

ဤတရုတ်မှတ်တမ်းများကို ထောက်ရှုခြင်းဖြင့် ထိုအခါက ဗလမင်းထင်၏ ကောင်းတုံခံတပ်သည် မည်မျှခိုင်ခံ့သည်ကိုလည်းကောင်း၊ ထိုအခါက မြန်မာစစ်သည်တို့၏ ဇွဲလုံလဝီရိယစွမ်းအား လုပ်ရည်ကိုင်ရည်အပြည့်နှင့် မြဲမြံသေချာမှုကိုလည်းကောင်း စာရှုသူများ ခန့်မှန်းနိုင်မည်ပင်ဖြစ်ပါသည်။ ထို့ပြင် ဤတရုတ်မှတ်တမ်းများကို ထောက်ရှု၍ တရုတ်စစ်သူကြီး မြင်းခုံရဲသည် အနည်ငယ်တာ သာမည စစ်သူကြီးမျှသာ မဟုတ်ဘဲ အမှန်တကယ် လုပ်ရည်ကိုင်ရည်ရှိသော အရည်အချင်း ပြည့်ဝသော စစ်သူကြီးဖြစ်သည်မှာ သိသာပါသည်။ တရုတ်မှတ်တမ်းများအရ မြင်းခုံရဲသည် တာကစ်စတန်ပြည်တွင် တရုတ်တို့အောင်ပွဲရခဲ့သော စစ်ကို ဦးဆောင်ကြီးကြပ်ခဲ့သည့် သူရဲကောင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာတို့သည် အရည်အချင်း ပြည့်ဝသော စစ်သူကြီး ကြီးကြပ်သည့် တရုတ်တပ်ကို အောင်နိုင်သည်မှာ မြန်မာတို့အဖို့ ပို၍ဂုဏ်ယူစရာပင် ဖြစ်ပါသည်။ ဟာဗီကမူ မြင်းခုံရဲ၏ ရဲဘော်ရဲဘက် တပ်မှူးများ၏ ချီယွင်းမူ တာဝန်ပျက်ကွက်မှုများကြောင့်သာ မြင်းခုံရဲ ရှုံးနိမ့်ရခြင်းဖြစ်သည်ဟု မှတ်ချက်ချပါသည်။ ဤနေရာ၌ နောက်ကြောင်းမှ ပြောက်ကျားစနစ်ဖြင့်

မြန်မာတို့၏ တိုက်ခိုက်မှုကြောင့် တရုတ်စစ်ကြောင်း၏ နောက်ပိုင်းမှ တရုတ်တပ်များက မြင်းခုံရဲ၏ တပ်အားမျိုးရိုက်ခွာ မထောက်ပံ့နိုင်သည်ကို ဟာဗီက ထည့်သွင်းစဉ်းစားခြင်း မပြုသည်မှာ ထင်ရှားပါသည်။

ဆင်ဖြူရှင်မင်း၏ ဇာတိမာန်

သေနာပတိချုပ်ဝန်ကြီး မဟာသီဟသူရသည် ရန်ငူးသီရိနော်ရထာကို နေပြည်တော်သို့ လွှတ်ပြီးနောက် တရုတ်တို့ပေးသော လက်ဆောင်များကို ဆက်၍ အရေးတော်ပြီးပြေကြောင်း လျှောက်ထားစေသည်။ မိမိ၏ နိုင်ငံတော်ကို လေးကြိမ်တိုင်အောင် ကျူးကျော်ထိပါးလာသော တရုတ်တို့ကို ခွင့်မလွှတ်နိုင်သော ဆင်ဖြူရှင်မင်း၏ ဆန္ဒမှာ ငတ်မွတ်၍ ဆုတ်ခွာနေသော တရုတ်စစ်သည်တို့ကို ဆုတ်ခွာခွင့်မပေးဘဲ အပြီးအပိုင် သုတ်သင်ချေမှုန်းရန်ဖြစ်သည်။ နေပြည်တော်မှ ဘဝရှင်မင်းတရား၏ အမိန့်တော်ကို မတောင်းခံဘဲ ဝန်ကြီးမဟာသီဟသူရက မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်မှုဖြင့် စစ်ပြေငြိမ်းလိုက်သည်ကို အမျက်တော်ရှိသဖြင့် မဟာသီဟသူရနှင့် ဗိုလ်မှူးတပ်မှူးတို့၏ ကတော်မယားတို့အား တရုတ်တို့၏ လက်ဆောင်များကို ခေါင်းတွင် ရွက်၍ အနောက်ပြင်တံခါးဝနေပူကြဲကြွတွင် သုံးရက်နေစေသည်။ သေနာပတိချုပ်ဝန်ကြီး မဟာသီဟသူရကတော်သည် ဆင်ဖြူရှင်၏ မိဖုရားခေါင်ကြီး၏ အစ်မတော်ဖြစ်သော်လည်း မိဖုရားခေါင်ကြီး၏ အစ်မ

တော်ကြီးကိုယ်တိုင် အခြားကတော် မယားတို့နှင့်အတူ ဘဝ ရှင်မင်း၏ အမိန့်ကို နာခံရသည်။

ရန်ဂူးသီရိတပ်တော်သို့ ပြန်ရောက်လာ၍ ဘုရင်အမျက် တော်ရှိကြောင်း သိရလေလျှင် မဟာသီဟသူရန္ဒင့် တပ်မှူး များနေပြည်တော်သို့ မပြန်ဝံ့ကြတော့သဖြင့် ဘုရင်အမျက် တော်ပြေစေရန် မဏိပူရကသည်းပြည်ကို သွားရောက်နှိမ်နင်း ပြီးမှ နေပြည်တော်သို့ပြန်ရန် သဘောကိုက်ညီကြသည်။ သက္ကရာဇ် ၁၁၃၁ ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်နေ့တွင် ကောင်းတုံမြို့မှ မြစ်အနောက်ဘက်သို့ ကူး၍ ကသည်းမြို့သို့ ချီသည်။ မဏိပူရကသည်းပြည်ကို အောင်နိုင်၍ လူသူသုံ့ပန်း များနှင့် ပြန်ပါသော်လည်း၊ ဆင်ဖြူရှင်အမျက်မပြေသေးဘဲ နယ်နှင်ဒဏ်ပေးလိုက်သဖြင့် ဝန်ကြီးမဟာသီဟသူရန္ဒင့် တပ်မှူးဗိုလ်မှူးများ မြစ်ငယ် အရှေ့ဘက် ရွှေကြက်ယက် လယ်ပြင်တွင် သွား၍ နေကြရသည်။ မဟာသီဟသူရန္ဒင့် တပ်မှူးဗိုလ်မှူးများကို နေပြည်တော်သို့ ပြန်ခွင့်ပေးရန် လျှောက်ထားသည့် မင်းတိုင်ပင်အမတ်ကြီးနှစ်ဦး (မဟာရာဇ သင်္ကြံနှင့် သီရိဥတ္တမဇေယျသင်္ကြံ) တို့ကိုလည်း အမျက်တော် ရှိ၍ တပ်မှူးဗိုလ်မှူးများနှင့်အတူ ရွှေကြက်ယက်လယ်ပြင်တွင် သွား၍ နေစေသည်။ နောက်တစ်လခန့်ကြာမှ အမျက်တော် ပြေ၍ နေပြည်တော်သို့ အားလုံးပြန်လာစေသည်။

□ □ □

အပိုင်း (၁) အခန်း (၄)
ဗြိတိသျှတို့၏ ပြောင်မြောက်မှုနှင့် မြန်မာတို့၏ ပြောင်မြောက်မှု

ဗြိတိသျှနှင့် မြန်မာတို့၏ ပြောင်မြောက်မှု ကဏ္ဍနှစ်မျိုးကို နှိုင်းယှဉ်၍ တင်ပြပါမည်။

၁။ တိုက်ခိုက်ကြရသော အချိန်ကာလ

ဗြိတိသျှတို့က နာဇီတို့၏ တိုက်ခိုက်မှုကိုခုခံရသော ကာလသည် နှစ်လမျှသာ ကြာမြင့်ခဲ့သည်။ သို့သော် တရုတ်တို့၏ ကျူးကျော်တိုက်ခိုက်မှုကို မြန်မာတို့ခုခံခဲ့ရသော ကာလမှာ တစ်ကြိမ်လျှင် (ပထမစစ်ပွဲမှအပ) လေးလမျှ ကြာမြင့်၍ တိုက်ခိုက်မှု စတင်သည့် အချိန်မှ လုံးဝပြီးဆုံးသောအချိန်အထိ လေးနှစ် ကြာမြင့်ခဲ့သည်။

၂။ တိုက်ခိုက်ကြရသော အခြေအနေ

ဒုတိယကမ္ဘာစစ်အတွင်းက စစ်သည်များ၏ စစ်လက်နက် ပစ္စည်းများမှာ (၁၈)ရာစုတွင် မြန်မာနှင့် တရုတ်စစ်သည်များ၏ စစ်လက်နက်များနှင့် ကွာခြားလှပါသည်။ (၁၈)ရာစုနှစ်၏ အမြောက်ကျည်ဆံမှာ သံလုံးကြီးသာ ဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်းက အမြောက်ကျည်ဆံမှာ ပေါက်ကွဲသော ဒုံးကျည်ဖြစ်သည်။ (၁၈)ရာစုနှစ်၏ သေနတ်မှာ ယမ်းထိုးသေနတ်ဖြစ်၍ ဒုတိယကမ္ဘာစစ်အတွင်းက သေနတ်များမှာ ကျည်းထိုးရိုင်ဖယ် သို့မဟုတ် မောင်းပြန်စက်သေနတ်များ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက လေသူရဲတို့သည် လေယာဉ်အတွင်းမှ ခလုတ်ကို နှိပ်ရုံဖြင့် ကျည်ထွက်သော စက်သေနတ်များနှင့် ကိုက်ပေါင်းများစွာသော အကွာအဝေးမှ ရန်သူကို တိုက်ခိုက်နိုင်သည်။ သို့သော် (၁၈)ရာစုနှစ်၏ စစ်ပွဲများတွင် အမြောက်စိန်ပြောင်းများနှင့် သေနတ်များကို အသုံးပြုနိုင်ကြသော်လည်း တိုက်ပွဲများ၏ အောင်မြင်မှုသို့မဟုတ် ရှုံးနိမ့်မှုကို အဆုံးအဖြတ်ပေးသော တိုက်ခိုက်မှုများမှာ စစ်တလင်းတွင် တစ်ဦးနှင့် တစ်ဦး အနီးကပ်ရင်းဆိုင်၍ ဓားများလှံများနှင့် ထိုးရခုတ်ရသည့် တိုက်ခိုက်မှုများ ဖြစ်သည်။ သွေးရဲရဲ သံရဲရဲနှင့် သွေးချင်းချင်းနီသော လူကိုယ်ခန္ဓာအစိတ်အပိုင်းများနှင့် လုံးထွေး၍ သို့မဟုတ် လူကိုယ်

ခန္ဓာအစိတ်အပိုင်းများကို ကျော်၍ နင်း၍ တိုက်ရသော စစ်ပွဲများဖြစ်သည်။ တိုက်လေယာဉ်၏ ထိုင်ခုံပေါ်တွင် ထိုင်၍ လေယာဉ်ကို မောင်းနှင်နေစဉ်တွင် စက်သေနတ်၏ ခလုတ်ကို သာ နှိပ်၍ တိုက်ရသော တိုက်ပွဲများမဟုတ်ပါ။

ထို့ကြောင့် လေသူရဲတို့သည် လေသူရဲအဖြစ် ကျွမ်းကျင်မှုရှိသည့်အပြင် ရဲစွမ်းသတ္တိနှင့် တိုက်ရဲသူသေရဲသူများဖြစ်ရန် လိုအပ်သော်လည်း လက်ရုံးရည် တောင့်တင်းသန်မာမှုရှိရန် အရေးမပါလှပါ။ သို့သော် (၁၈)ရာစုခေတ်က စစ်သည်များအဖို့တွင်ကား ရဲစွမ်းသတ္တိနှင့် တိုက်ရဲသူ သေရဲသူများဖြစ်ရန် လိုအပ်သည့်အပြင် လက်ရုံးရည် တောင့်တင်းသန်မာမှုရှိရန်လည်း အရေးကြီးလှပါသည်။ ထိုခေတ်က မြန်မာတို့သည် နှလုံးရည်နှင့် လက်ရုံးရည် စွယ်စုံပြည့်ဝသူများ ဖြစ်ခဲ့သည်မှာ သိသာပါသည်။

စစ်ပြေငြိမ်းရန် သဘောတူကြပြီးနောက် မြန်မာနှင့် တရုတ်တပ်မှူးတို့၏ တွေ့ဆုံပွဲတွင် 'ကျွန်ုပ်တို့၏ ရိက္ခာပို့တပ်များကို မိုင်းတိမ်လမ်းမှတိုက်၍ ရိက္ခာကို လုယူသည့် ဗိုလ်ကို မြင်ချင်ပါသေးသည်'ဟု တရုတ်တို့က ဆိုသဖြင့် ကိုးသင်းမြင်းဝန် နေမျိုးမဟာသူရက ဗိုလ်မှူးမင်းရဲသီဟကို ပြသည်တွင် တရုတ်တို့က ဗိုလ်မှူး မင်းရဲသီဟ၏ ထွားကြိုင်းတောင့်တင်း သန်မာသော ပကတိကိုယ်ခန္ဓာကို မြင်လိုပါ

သေးသည်ဟု ဆိုသဖြင့် ဗိုလ်မှူးမင်းရဲသီဟက ချပ်ဝတ်တန်ဆာတို့ကို ချွတ်ပြီးနောက် ခါးတောင်းကျိုက်၍ ပြရသည့် အဖြစ်ကို စာရှုသူများစဉ်းစားကြည့်ပါက ထိုခေတ်မြန်မာတို့၏ ထွားကြိုင်းသန်မာပုံကို စာရှုသူများသိနိုင်ပါသည်။

(ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး၊ ပတ္တဲ၊ စာ ၄၇၂)

၃။ လူဦးရေနှင့် နိုင်ငံအင်အား

ဗြိတိသျှတို့နှင့် နာဇီဂျာမန်တို့ စစ်ခင်းနေသောခေတ်က ဗြိတိန်နိုင်ငံလူဦးရေနှင့် ဂျာမနီနိုင်ငံတို့၏ လူဦးရေမှာ သိသိသာသာ ကွာခြားမှုမရှိသလောက်ပင် ဖြစ်သည်။ သို့သော် (၁၈)ရာစုနှစ်က တရုတ်နိုင်ငံ၏ လူဦးရေမှာ ယခု မျက်မှောက်ခေတ်မှာကဲ့သို့ပင် မြန်မာနိုင်ငံလူဦးရေထက် အဆပေါင်းများစွာ ကွာခြားပါသည်။ ခရစ်နှစ် ၁၇၈၄ ခုနှစ်တွင် ကောက်ယူသော ဘိုးတော်ဘုရား၏ စစ်တမ်းများအရ ရခိုင်၊ တနင်္သာရီနှင့် တောင်တန်းဒေသများကို ချန်ချပ်ပါက မြန်မာပြည်လူဦးရေမှာ နှစ်သန်းပင်မပြည့်ပါ။ (Harvey: p.333, JASBengal 1835: p180, Fytche, vol.II: p.288)

ထို့ကြောင့် ဗြိတိသျှတို့သည် မိမိတို့နှင့် လူဦးရေအရ ညီမျှသော ရန်သူကို ရင်ဆိုင်ရခြင်းဖြစ်သော်လည်း မြန်မာတို့အဖို့မှာမူ မိမိတို့ထက် လူဦးရေအရ အဆပေါင်းများစွာ များပြားသော ရန်သူကို ရင်ဆိုင်ရခြင်းဖြစ်ပါသည်။

၄။ ဗြိတိသျှတို့၏ နည်းပညာသာလွန်မှု

ဗြိတိန်နိုင်ငံ၏ လေကြောင်းတိုက်ပွဲ၌ ဗြိတိသျှတို့တွင် နာဇီဂျာမန်တို့ထက် သာလွန်သော နည်းပညာတစ်ခု ရှိနေခဲ့သည်။ ထိုနည်းပညာမှာ ရန်သူလေယာဉ်များ၏ လှုပ်ရှားမှုကို ပြင်သစ်မြေပြင်မှ ထွက်ခွာ၍ ပျံသန်းလာသည့် အချိန်မှစ၍ ထောက်လှမ်းထားနိုင်သည့် 'ရေဒါ' (Radar) နည်းပညာ ဖြစ်သည်။ ရန်သူလေယာဉ်များ အင်္ဂလန်ကမ်းခြေကို မရောက်မီ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်၍ ပျံသန်းနေစဉ်တွင် အင်္ဂလိပ်တိုက်လေယာဉ်များက ဆီးကြို၍ တိုက်ခိုက်နိုင်သည်။

ပျံသန်းလာသော ရန်သူလေယာဉ်များ၏ အရေအတွက်ကို ကြည့်၍ ခုခံတိုက်ခိုက်ရေးကို စနစ်တကျပြင်ဆင်၍ အင်္ဂလိပ်တိုက်လေယာဉ်များ၏ တိုက်ခိုက်မှု ထိရောက်အောင် စီမံနိုင်သည်။ တစ်ချိန်တည်းမှာပင် မြေပြင်မှ လေကြောင်းကာကွယ်ရေးကို လိုအပ်သောနေရာတွင် လိုအပ်သလို ကြိုတင်ပြင်ဆင်မှုများ လုပ်ထားနိုင်သည်။

၅။ ဗြိတိသျှတို့လေသူရဲတပ်၏ အားသာမှုများ

လေကြောင်းတိုက်ပွဲများ၌ မိမိတို့လေယာဉ်ပျက်ကျမည့် အခြေအနေတွင် လေထီးနှင့် ခုန်ဆင်းရလျှင် ဗြိတိသျှလေသူရဲတို့အဖို့ မိမိတို့ မြေပေါ်တွင်သာ သက်ဆင်းရခြင်းဖြစ်သဖြင့် မိမိတို့၏ တပ်သို့ ဘေးမသီရန်မခ ပြန်နိုင်ကြသည်သာ များ

သည်။ သို့သော် ဂျာမန်လေသူရဲတို့အဖို့မှာမူ များသောအားဖြင့် ရန်သူနယ်မြေပေါ်တွင်သာ သို့မဟုတ် ရေလက်ကြားပင်လယ်ပြင်သို့သာ သက်ဆင်းရခြင်းဖြစ်သဖြင့် မိမိတို့၏ တပ်သို့ပြန်မရောက်နိုင်တော့ပါ။ ထိုအခြေအနေကြောင့် ဂျာမန်လေသူရဲတို့၏ သေပျောက်နှုန်းမှာ ဗြိတိသျှလေသူရဲတို့၏ သေပျောက်နှုန်းထက် တစ်စတစ်စ များလာပါသည်။ ထို့ပြင် ဗြိတိသျှတို့ လေသူရဲတပ်တွင် မဟာမိတ်နိုင်ငံများမှ ဝင်ရောက်တိုက်ပေးသော လေသူရဲများ ရှိနေသည်။ သို့သော် မြန်မာတို့တွင်ကား ကူညီ၍ တိုက်ပေးသော ပြည်ပမှ မဟာမိတ်တစ်စုံတစ်ယောက်မျှမရှိခဲ့ပါ။

၆။ ပထမနှင့် ဒုတိယတရုတ်

မြန်မာစစ်ပွဲကာလများတွင် မြန်မာတို့သည် တရုတ်တို့ကို ခုခံရစဉ်တွင် ယိုးဒယားသို့ ဇင်းမယ်စစ်ကြောင်းနှင့် ထားဝယ်စစ်ကြောင်းမှ စစ်ကြောင်းကြီးနှစ်ကြောင်းလွှတ်၍ တစ်ချိန်တည်းတွင် စစ်ပွဲကြီးနှစ်ခုကို ဆင်နွှဲနေရသည့်အခါ ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံငယ်တစ်ခုအဖို့ တရုတ်ပြည်ကဲ့သို့သော နိုင်ငံကြီး၏ ကျူးကျော်မှုကို တွန်းလှန်နေရစဉ်တွင် ဒုတိယစစ်ကြောင်းနှင့် စစ်တပ်ကြီးတစ်ခုကို ရပ်ဝေးမြေခြားသို့ ထောက်ပံ့ထား၍ အောင်ပွဲများကို ခံယူနိုင်သည်မှာ ထူးခြားလှသော စွမ်းဆောင်မှုပင်ဖြစ်ပါသည်။ မြန်မာတို့အား နှိမ်ချ

သော လေသံကို သူ၏ 'မူ' အဖြစ် အသုံးချ၍ မြန်မာ့သမိုင်းကို ပြုစုသော အင်္ဂလိပ်သမိုင်းဆရာ ဟာဗီကိုယ်တိုင်ကပင် လျှင် ဤသမိုင်းကဏ္ဍမှ မြန်မာတို့ကို အတိအလင်း ထုတ်ဖော်၍ ချီးကျူးပါသည်။ 'တိုင်းသူပြည်သားတို့နှင့် တိုင်းပြည်၏ အင်အားကုန်ခန်းစေနိုင်လောက်အောင်ပင် ကာလကြာမြင့်သည့် စစ်ပွဲများကို သက်တမ်း အဆက်ဆက်ဆင်နွှဲ၍ အောင်ပွဲခံနိုင်သော အလောင်းဘုရားမင်းဆက်များ၏ စွမ်းဆောင်မှုများသည် ရွှေကျင်သော လင်ပန်းမှ ခဏတဖြုတ်သာ အရောင်လက်သည့် တောက်ပြောင်မှုမဟုတ်ပါ။ တစ်မျိုးသားလုံး၏ အမာခံစွမ်းအားကို အခြေတည်၍ ဖြစ်ပေါ်သော ပြောင်မြောက်မှုပင်ဖြစ်ပါသည်' ဟု ဟာဗီကိုယ်တိုင်ကပင် မှတ်ချက်ပေးရသည်။ (Harvey: p.255)

သမိုင်း၏ ဤဖြစ်ရပ်များကို ထောက်ရှု၍ ဗြိတိသျှတို့၏ ပြောင်မြောက်မှုနှင့် မြန်မာတို့၏ ပြောင်မြောက်မှုများကို စာရှုသူများ စဉ်းစားချိန်ဆကြည့်နိုင်မည်ဖြစ်ပါသည်။

သမိုင်းမှ ဂုဏ်ယူစရာများနှင့် သင်ခန်းစာများ

မည်သည့်လူမျိုးပင်ဖြစ်စေ မိမိတို့၏ သမိုင်း၌ ဂုဏ်ယူစရာများကိုသာမက မိမိတို့၏ သမိုင်း၌ ဂုဏ်ယူစရာမဟုတ်သည်သာမက ရှက်ဖွယ်ပင်ကောင်းသော ကဏ္ဍများကိုလည်း လေ့လာပြီးနောက် ဂုဏ်ယူထိုက်သည်ကို ဂုဏ်ယူသကဲ့သို့

မိမိတို့၏ ရုက်ဖွယ်ပင်ကောင်းသော သမိုင်းကဏ္ဍများမှလည်း ယူထိုက်သော သင်ခန်းစာကို ယူတတ်ရန်လည်း အရေးကြီးပါသည်။ ဤသည်မှာ သမိုင်းကို လေ့လာရခြင်း၏ ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။ အနောက်နိုင်ငံသားတို့၏ နယ်ချဲ့စနစ်ထွန်းကားသော ကိုလိုနီခေတ်က အုပ်ချုပ်သူ မြန်မာဘုရင်၏ ညှဉ်းဖျင်းမှုကြောင့် မြန်မာတို့သည် တိုင်းတစ်ပါးသားကို သခင်ဟုခေါ်ကာ ဘုရားထူး၍ လက်အုပ်ချီရသောအဖြစ်နှင့်လည်း ကြုံခဲ့ရသည်။

လွတ်လပ်ရေးရပြီးနောက် ဆိုရှယ်လစ်ခေတ်တွင်လည်း မြန်မာပြည်ကို ကမ္ဘာတွင် တိုးတက်မှု ခေါင်းပါးဆုံးသော နိုင်ငံအဖြစ် သတ်မှတ်ပေးပါရန် ကမ္ဘာ့ကုလသမဂ္ဂ၌ လျှောက်ထား၍ နိုင်ငံခြားကြွေးမြီများမှ လွတ်ငြိမ်းခွင့်ပေးပါရန် တောင်းပန်လျက် မျက်နှာငယ်ခဲ့ရသော အဖြစ်နှင့်လည်း မြန်မာတို့ ကြုံခဲ့ရပြီးဖြစ်သည်။ ဗြိတိသျှတို့ လက်အောက်မှ မြန်မာပြည် လွတ်လပ်ရေးရခါစက မြန်မာပြည်၏ စီးပွားရေးအင်အားမှာ ထိုခေတ်က မလေးရှားနိုင်ငံထက်လည်းကောင်း၊ ထိုင်းနိုင်ငံထက်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံထက်လည်းကောင်း အောက်တန်းမကျသည့်ပြင် သာလွန်သော အဆင့်တွင်ရှိခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်မဂ်လာဒုံလေဆိပ်ဖွင့်ပွဲသို့ တက်ရောက်လာသော ထိုင်းနိုင်ငံဝန်ကြီးချုပ် ထနောမ်ကစ်တီကာချွန်က "ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီလို လေယာဉ်ကွင်းမျိုးတစ်ချိန်မှာ ဆောက်နိုင်လိမ့်မယ်လို့ မျှော်

လင့်ပါတယ်'ဟု ထိုအချိန်က မြန်မာဝန်ကြီးချုပ်အား ပြောကြောင်း မြန်မာသတင်းစာများတွင် ဖော်ပြသည်ကို ယနေ့တိုင် မှတ်မိသူများ ရှိကောင်းရှိပါမည်။ ရန်ကုန်တက္ကသိုလ်များ စာကြည့်တိုက်တွင် သိမ်းဆည်းထားသည့် ထိုခေတ်က သတင်းစာများကို ရှာကြည့်ပါက ထိုသတင်းကို တွေ့ရမည် ဖြစ်ပါသည်။ ထိုအချိန်က ရန်ကုန်မဂ်လာဒုံ လေယာဉ်ကွင်းသည် အရှေ့တောင်အာရှတွင် အရှည်လျားဆုံးနှင့် အကျယ်ဝန်းဆုံးဖြစ်ပါသည်။ ထိုအချိန်က မြန်မာ့ငွေတစ်ကျပ်သည် ထိုင်းဘတ် လေးဘတ်နှင့် ညီမျှပါသည်။ ထိုအချိန်က ရေး၊ မြို့တ်၊ ထားဝယ်၊ တနင်္သာရီနယ်များရှိ သံဖြူမိုင်းများနှင့် ကြက်ပေါင်စေးခြံများတွင် လာရောက်၍ အလုပ်လုပ်ကြရသော ထိုင်းလုပ်သားများရှိသည်ကိုလည်း ထိုအရပ်မှ လူကြီးသူမများ မှတ်မိနိုင်ပါသေးသည်။ ၁၉၇၂ ခုနှစ်ခန့်က စာရေးသူသည် အင်ဒိုနီးရှားနိုင်ငံ၏ ဝန်ကြီးဌာနတစ်ခုမှ အမှုထမ်းတစ်ဦးနှင့် တွေ့မိရာတွင် ၁၉၅၀ ပြည့်နှစ်၏ နောက်ပိုင်းနှစ်များက သူ၏ နိုင်ငံသည် မြန်မာပြည်သို့ ပေးဆပ်စရာရှိသော ဆန်ကြွေးကို အချိန်မီ ပေးဆပ်နိုင်ရန် နှစ်စဉ်လိုလိုပင် ကြိုးစားခဲ့ရကြောင်း ပြောပြသည်ကို စာရေးသူ ယနေ့တိုင်မှတ်မိနေပါသေးသည်။ ဒုတိယကမ္ဘာစစ် ရောက်မလာခင်က မြန်မာနိုင်ငံသည် ကမ္ဘာတွင် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့နိုင်ဆုံးသော နိုင်ငံဖြစ်ခဲ့သည်။ ယခုခေတ်၌ ကမ္ဘာတွင် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့နိုင်ဆုံးသော နိုင်ငံမှာ ထိုင်းနိုင်ငံ ဖြစ်ပါသည်။

ယခုမျက်မှောက်ကာလတွင် မြန်မာပြည်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းများသည် အခြားသော အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်လိုက်ပါက မည်သည့်အခြေအနေ၌ ရှိသည်ကို စာရှုသူများသိကြပြီး ဖြစ်ပါသည်။ အနာဂတ်တွင် တိုင်းပြည်အတွက် တာဝန်ရှိသူများသည် သမိုင်းမှ သင်ခန်းစာများကို ယူ၍ စစ်မှန်သော မျိုးချစ်စိတ်ဖြင့် မြန်မာနိုင်ငံကို အဘက်ဘက်မှ ခေတ်မီတိုးတက်သော နိုင်ငံဖြစ်အောင် ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်သော နိုင်ငံဖြစ်အောင် ဆောင်ရွက်နိုင်သူများဖြစ်ရန်သာ ပြည်သူများက မျှော်လင့်ရပါတော့မည်။

□ □ □

အပိုင်း(၂)

အောင်မြင်မှုများ၏ နောက်ဆက်တွဲဖြစ်စဉ်များ
(မြန်မာ့နန်းမြေရောက် ယိုးဒယား၊ ဇင်းမယ်နှင့် လာအိုမင်းမျိုးနွယ်များ)

နိဒါန်း

တောင်ငူခေတ်၏ ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင် နော်ရထာ မင်းကြီးလက်ထက်တွင် မြန်မာ့လက်နက်နိုင်ငံတွင်းသို့ ကျရောက်လာသော ယိုးဒယား၊ ဇင်းမယ်နှင့် လာအိုနိုင်ငံတို့မှ မင်းမျိုးနွယ်မိသားစုများကို စစ်အောင်သူ မြန်မာမင်းများက မြန်မာ့နန်းမြေသို့ သိမ်းပိုက်ခေါ်ဆောင်ခဲ့သည့် သမိုင်းဖြစ်ရပ်များကို ဦးကုလားနှင့် မှန်နန်းမြန်မာရာဇဝင်တော်ကြီးများတွင် ဖော်ပြထားပါသည်။ (လာအိုနိုင်ငံ၏ မြို့တော် 'ဗီယန်ကျင်း'ကို 'လီယင်ဇင်း'သို့မဟုတ် 'လင်ဇင်း' ဟုနားတွင်ကြားသဖြင့် ထိုခေတ်က မြန်မာတို့က လာအိုနိုင်ငံကို 'လင်းဇင်း'ဟုခေါ်ခြင်းဖြစ်ပါသည်)။ ကုန်းဘောင်ခေတ်၏ မြေဒူးမင်း ခေါ် ဆင်ဖြူရှင်မင်းလက်ထက်တွင်လည်း မြန်မာ့လက်နက်နိုင်ငံအတွင်းသို့ ကျရောက်လာသော ယိုးဒယား၊ ဇင်းမယ်နှင့် လာအိုနိုင်ငံမှ မင်းမျိုးမိသားစုများကို စစ်အောင်သူ မြန်မာမင်းက မြန်မာ့နန်းမြေသို့ သိမ်းပိုက်ခေါ်ဆောင်ခဲ့သည့် သမိုင်းဖြစ်ရပ်များကို ကုန်းဘောင်ဆက် မြန်မာရာဇဝင်တော်ကြီးတွင် ဖော်ပြထားပါသည်။

သို့သော် မြန်မာ့နန်းမြေသို့ ရောက်လာသော ထိုမင်းမျိုးနွယ်တို့၏ အကြောင်းကို သီးသန့်အကြောင်းအရာတစ်ခု သို့မဟုတ် သုတေသန ခေါင်းစဉ်တစ်ခုအဖြစ် လေ့လာလိုသူသည် မှန်နန်းရာဇဝင်တော်ကြီးနှင့် ကုန်းဘောင်ဆက် မြန်မာရာဇဝင်တော်ကြီးတွင် ရှာဖွေဖတ်ရှုသောအခါ တွင်ကား ကောက်ရိုးပုံအတွင်းတွင် အပ်တစ်ချောင်းကို ရှာဖွေရသကဲ့သို့ သို့မဟုတ် လယ်ကွင်းတစ်ခုအတွင်း၌ ကောက်ရိတ်ရာမှ မြေပေါ်သို့ ကျလာသော ကောက်နှံများကို ရှာဖွေရာတွင် ကောက်သင်းကောက်ရ သကဲ့သို့ပင် အာရုံစိုက်ရပါသည်။ စိတ်ရှည်ရှည်ထား၍ အချိန်ပေးရပါသည်။ ရာဇဝင်တော်ကြီးတို့၏ အတွဲအမျိုးမျိုး၏ စာမျက်နှာများကို နေရာအနှံ့ အပြားတွင် လှန်လှောရှာဖွေ၍ ဖတ်ရပါသည်။

ဤကဲ့သို့ လေ့လာသူက နေရာအနှံ့အပြားတွင် လှန်လှော ရှာဖွေ၍ ဖတ်ရသည်မှာလည်း ထိုရာဇဝင်တော်ကြီးတို့ကို ပြုစုသော သမိုင်းဆရာတို့၏ ချို့ယွင်းချက်ကြောင့်မဟုတ်ပါ။ ရာဇဝင်တော်ကြီးတို့ကို ပြုစုသော သမိုင်းဆရာတို့အဖို့ အဓိကထားရသည်မှာ ခေတ်အဆက်ဆက်မှ မြန်မာမင်းတို့၏ အကြောင်းကို သမိုင်းခေတ်ကာလများ၏ အချိန်ကာလအစဉ်အဆက်အတိုင်း ဖော်ပြရန်ပင် ဖြစ်ပါသည်။ ထို့ကြောင့်ပင် ထိုနိုင်ငံတို့မှ ထိုမင်းမျိုးနွယ်များ၏ အကြောင်းကို သမိုင်းခေတ်များ၏ အချိန်ကာလအစဉ်အတိုင်း မြန်မာမင်းတို့၏ လုပ်ဆောင်မှုများ စွမ်းဆောင်မှုများနှင့် ယှက်နွယ်ရောထွေး၍

အချိန်ကာလအမျိုးမျိုး၊ သမိုင်းခေတ်အမျိုးမျိုး၌ သက်ဆိုင်ရာ အခန်းများတွင်သာ ဖော်ပြရခြင်းဖြစ်ပါသည်။ စာရေးသူသည် ထိုမင်းမျိုးနွယ်တို့၏ အကြောင်းကို ထိုရာဇဝင်တော်ကြီး တို့တွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာနှင့် ပြုစာထားသော အခြားစာအုပ်စာတမ်းများတွင်လည်းကောင်း ရှာဖွေဖတ်ရှုပြီး သောအခါ စာရေးသူတွင် အတွေးတစ်ခု ပေါ်လာပါသည်။ လက်လှမ်းမှီရာ အကိုးအကား အထောက်အထားများမှ သက်ဆိုင်ရာများကို လေ့လာထုတ်နှုတ်၍ ထိုမင်းမျိုးနွယ်တို့၏ အကြောင်းသိရသမျှကို သီးသန့်စာတမ်းတစ်စောင်အဖြစ် ရေးသားပြုစုပါက မြန်မာ့သမိုင်းကို လေ့လာလိုက်စားလို သူများအဖို့ စိတ်ဝင်စားဖွယ်ကောင်းမည်ဟု တွေးမိပါသည်။

ဤအတွေးအမြင်ကို အကောင်အထည်ဖော်ရန် ရည်ရွယ် ချက်နှင့် အတူ အပိုင်း (၁)နှင့် ဆက်နွယ်မှုလည်းဖြစ်သော ဤအပိုင်း (၂)ကို ဆက်လက်တင်ပြပါမည်။

□ □ □

အပိုင်း (၂) ခန်း (၁)
တောင်ငူခေတ် ယိုးဒယားမင်းမျိုးနွယ်များ
(ဘုရင့်နောင်လက်ထက်)

ဘုရင်နောင်မင်းကြီး၏ ပထမအကြိမ်အောင်မြင်မှု

ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကြီးသည် ပထမအကြိမ် ယိုးဒယားကို တိုက်ယူသိမ်းသွင်းရန်အတွက် မြန်မာသက္ကရာဇ် ၉၂၅ ခု၊ တန်ဆောင်မုန်းလ (ခရစ်နှစ် ၁၅၆၃-ခုနှစ်)တွင် ဟံသာဝတီနေပြည်တော်မှ ချီတော်မူသည်။ ကန်ပန်ပက် (Kampengpet) နှင့် (Sukhotai) ဆုခိုးထိုင်းပြည်နယ်များကို သိမ်းပိုက်ပြီးနောက် ယိုးဒယားမြို့တော်ကို ဝိုင်းရံလုပ်ကြံနေစဉ်တွင် ယိုးဒယားဘုရင် ဗြသာမိရာဇာ လက်နက်ချ၍ စစ်ကို ပြေငြိမ်းသဖြင့် မြန်မာသက္ကရာဇ် ၉၂၅ ခု၊ တပေါင်းလတွင် ယိုးဒယားတစ်ပြည်လုံးကို အောင်တော်မူသည်။ ဆင်ဖြူများရှင် ဘုရင့်နောင် ကျော်ထင်နော်ရထာမင်းကြီးသည် ဘုရင်ဗြသာမိရာဇာ၏ သားတော်ကြီး ဗြမဟိန်ကို မိမိ၏ သစ္စာတော်ကို ခံယူပြီး

သည့် လက်အောက်ခံ မင်းတစ်ပါးအဖြစ် ယိုးဒယားတွင် နန်း တင်ခဲ့သည်။ ဘုရင်ဖြသာဓိရာဇာ၏ သားမက်တော် ပိဿ လောက်စားကိုလည်း ယခင်စားမြဲဖြစ်သော ပိဿလောက်မြို့ ကိုပင် ပေးတော်မူသည်။ ဘုရင်ဖြသာဓိရာဇာ၏ ညီတော် သောက္ကတဲစားကိုလည်း ယခင်စားမြဲဖြစ်သော သောက္ကတဲမြို့ ကိုပင် ဆက်၍ စားစေသည်။ ဘုရင်ဖြသာဓိရာဇာ၏ ညီတော် အငယ် ပိတ်စဲစားကိုလည်း ယခင်စားမြဲဖြစ်သော ပိတ်စဲမြို့ ကိုပင် စားစေသည်။

ဘုရင်ဖြသာဓိရာဇာနှင့်အတူ သားတော်အငယ် ဗြရာ မသွန်၊ အမတ်ကြီးအောက်ဖြစ်ကြီအပြင် အခြားမှူးမတ်များနှင့် ဆင်ဖြူတော်လေးစီးကိုမူ ပညာသည်မျိုးစုံနှင့်တကွ ဟံသာ ဝတီသို့ ခေါ်ဆောင်ခဲ့သည်။ မြန်မာသက္ကရာဇ် ၉၂၆ ခုနှစ်၊ နယုန်လတွင် ဟံသာဝတီ နေပြည်တော်သို့ မင်းကြီးပြန်လည် ရောက်ရှိသည်။ ယိုးဒယားမင်းက တိုက်ဆင်သုံးဆယ်၊ ငွေသုံးရာနှင့် တနသံာရီသဘော်အကောက်အခွန်ကို နှစ်စဉ် ဆက်ရသည်။ မင်းကြီးယိုးဒယားမှ မထွက်ခွာမီ ယိုးဒယား ဘုရင်ဖြသာဓိရာဇာက ကြန်အင်ပြည့်စုံသော ဆင်ကောင်း ဆယ်စီးနှင့်အတူ မိမိ၏ သမီးတော်ကို ဘုရင့်နောင်ကျော်ထင် နော်ရထာမင်းကြီးအား ဆက်သည်ဟု မှန်နန်းရာဇဝင်တော်ကြီး (ဒုတိယတွဲ၊ စာ၊ ၃၅၈) တွင် ဖော်ပြထားပါသည်။ သို့သော် ထိုသမီးတော်၏ အကြောင်းကို မှန်နန်းရာဇဝင်တော်ကြီးတွင်

မည်သို့မျှ ဆက်လက်ဖော်ပြသည်ကို မတွေ့ရသဖြင့် မြန်မာ့နန်းမြေရောက် ထိုသမီးတော်၏ ကံကြမ္မာကို မသိနိုင်တော့ပါ။

မြန်မာသက္ကရာဇ် ၉၂၆-ခုနှစ်၊ နယုန်လတွင် ဟံသာဝတီနေပြည်တော်တွင်းသို့ မင်းကြီးအောင်ပွဲခံလျက် ဝင်ရောက်လာပုံကို ထိုအခါက ဟံသာဝတီနေပြည်တော်တွင် ရောက်ရှိနေသဖြင့် ကိုယ်တိုင်တွေ့မြင် လိုက်ရသော ပေါ်တူဂီတိုင်းသား တစ်ဦး ပြောပြသည့်အတိုင်း ဖာရီယာ ဝိုင်ဆူဇာ (Faria Y Sousa) က ၄င်း၏ ပေါ်တူဂီအာရှ (Asia Portuguesa) စာအုပ်တွင် မှတ်တမ်းတင်ထားပါသည်။ ထိုမှတ်တမ်းကို ကက်ပတိန်ဂျွန်စတီဗင် (Captain John Stevens) က အင်္ဂလိပ်ဘာသာနှင့် ပြန်လည်ရေးသားသော စာအုပ်တွင် -

'Braginoco (Brint Naung/Bayint Naung) entered the city in triumph, many wagons going before loaded with idols and inestimable booty. He came at last in a chariot with the conquered queens loaded with jewels at his feet, and drawn by the captive princes and lords; before him marched two thousand elephants richly adorned, and after him his victorious troops' (cited in Harvey: p.168)

'ဘုရင့်နောင်သည် အောင်ပွဲခံလျက် မြို့တွင်းသို့ ဝင်တော်မူသည်။ ရုပ်တုများအပြင် သိမ်းယူတော်မူခဲ့သည့် အဖိုး

မဖြတ်နိုင်သော ပစ္စည်းဥစ္စာတို့ကို တင်ဆောင်ထားသည့် ဝန်တင်ယာဉ်များက မင်းကြီး၏ ရှေ့မှ ဝင်လာပါသည်။ မင်းကြီးကမူ ရထားပေါ်မှ (စံမြန်း၍) လိုက်ပါလာပါသည်။ အောင်မြင်တော်မူသည့် နယ်မြေများမှ မင်းကြီးသိမ်းပိုက်ခဲ့သော မိဖုရားများက စိန်ရွှေရတနာများကို ကိုယ်လုံးပြည့် ညွှတ်ကိုင်းအောင် ဆင်မြန်းလျက် ခြေတော်ရင်းတွင် ခစား၍ လိုက်ပါလာကြပါသည်။ မင်းကြီး အောင်မြင်တော်မူသည့် နယ်မြေများမှ ခေါ်ဆောင်ခဲ့သော မင်းညီမင်းသားများနှင့် မှူးမတ်များက မင်းကြီး၏ ရထားယာဉ်တော်ကို ဆွဲယူ၍ လာကြပါသည်။ တင့်တယ်စွာ ဆင်ယင်ထားသော ဆင်နှစ်ထောင်ကလည်း မင်းကြီး၏ ရှေ့မှ စီတန်း၍ လာကြပါသည်။ အောင်ပွဲရစစ်သည်တော်များက မင်းကြီး၏ နောက်တော်မှ ချီလာကြပါသည်'ဟု ဖော်ပြထားပါသည်။

မင်းကြီးသည် ဘုရင်ဗြသာဓိရာဇာကို စကြောနှစ်ထပ် အိမ်ဖြူ ဆောက်လုပ်ပေး၍ ကောင်းစွာထားတော်မူသည်။ ဘုရင်ဗြသာဓိရာဇာနှင့်အတူ ယိုးဒယားမင်းမျိုးနွယ်များနှင့် မှူးကြီးမတ်ရာတို့ကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်၍ အပါးတော်တွင် ခစားစေသည်။ ဘုရင့်နောင် ကျော်ထင်နော်ရထာမင်းကြီးသည် ယိုးဒယားမှ ပြန်လည်ရောက်ရှိလာပြီး ငါးလမျှကြာပြီးသောအခါတွင် ဇင်းမယ်ပြည်က ထောင်ထားသဖြင့် မြန်မာသက္ကရာဇ် ၉၂၆ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ဟံသာဝတီနေပြည်တော်မှ ဇင်းမယ်သို့ ချီပြန်သည်။ ဤသို့ ချီတော်မူသော စစ်ကြောင်းတွင် ယိုးဒယားမင်း၏

သားတော်အငယ် ဗြဂုမသွန်သည်လည်း မင်းကြီးနှင့် လိုက်ပါ၍ အမှုတော်ကို ထမ်းရသည်။ သို့သော် ကံဆိုးရှာသော သားတော် ဗြဂုမသွန်သည် ချီတော်မူရာလမ်းတွင်ပင် ဖျားနာ၍ ကံတော်ကုန်သည်။ မင်းသားဗြဂုမသွန်၏ သားမယားတို့မှာ ဟံသာဝတီတွင် မင်းကြီး၏ အပါးတော်၌ ဆက်လက် ခစားမြဲအတိုင်းပင် ခစားနေကြရသည်။

ယိုးဒယားဘုရင် ဗြသာဓိရာဇာ၏ ပရိယာယ်

မင်းကြီးဇင်းမယ်ကို အောင်တော်မူပြီးနောက် သက္ကရာဇ် ၉၂၇ ခုနှစ်၊ ကဆုန်လတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိပြီး နှစ်နှစ်ခန့်အလွန်တွင် ယိုးဒယားဘုရင် ဗြသာဓိရာဇာက ရဟန်းပြုလိုကြောင်း လျှောက်ထား၍ မင်းကြီးထံတွင် ခွင့်တောင်းသည်။ မင်းကြီးက ယုံတော်မူ၍ ပိတ်ရမထီနှင့် ပရိသယစသော ရဟန်းပရိက္ခရာတို့ကို ပေးအပ်၍ ခွင့်ပြုတော်မူသည်။ ထို့နောက် ယိုးဒယားမင်းက ရဟန်းအဖြစ်ဖြင့် ယိုးဒယားပြည်သို့ ဘုရားပုထိုး အဖူးအမြော်သွားလိုကြောင်း လျှောက်ထား၍ မင်းကြီးထံတွင် ခွင့်တောင်းပြန်သည်။ မင်းကြီးက ယုံကြည်စိတ်ချစွာဖြင့် ခွင့်ပြုလိုက်သည်။ ယိုးဒယားမင်း ယိုးဒယားတွင် ဤကဲ့သို့ ရဟန်းအဖြစ်နှင့် ရောက်နေစဉ်တွင် ဇင်းမယ်ကြောင်း ချီစဉ်က ဖျားနာ၍ ကွယ်လွန်သွားသော မင်းသားဗြဂုမသွန်၏ သားမယားတို့က ယိုးဒယားတွင် သွားရောက်နေထိုင်လိုကြောင်း လျှောက်ထား၍ ခွင့်တောင်း

ပြန်သည်။ မင်းကြီးက ကရုဏာရှေ့ထား၍ ခွင့်ပေးသည်။ ရာဇမနုမည်သော အမတ်ကို အကြီးအမှူးခန့်၍ ဗြရာမသွန်၏ သားမယားတို့ကို ယိုးဒယားသို့ လိုက်ပို့စေသည်။

ယိုးဒယားသို့ ပြန်ရာခရီးလမ်းတွင် ဗြာရာမသွန်၏ မယားနှင့် ရာဇမနုအမတ် အရီးအပါးရှိကြသည်။ ထိုအကြောင်းကို ယိုးဒယားမင်း သိလေလျှင် ရာဇမနုသည် မကျစ်မလစ် မချေမငံပြုကျင့်ကြောင်း မင်းကြီးထံသို့ စာဆက်၍ အကြောင်းကြားလိုက်သည်။ ဘဝရှင်မင်းကြီး အမျက်တော်ရှိသဖြင့် ရာဇမနုငယ်ကို ကွပ်မျက်ရန် အမိန့်နှင့် ဇလသင်္ဘ ဟူသော အမတ်ကို ယိုးဒယားသို့ စေလိုက်သည်။ ထိုအချိန်တွင် ယိုးဒယားမင်း ဗြသာဓိရာဇာသည် ရဟန်းဘဝမှ လူထွက်၍ သားတော်ကြီး ဗြမဟိန်နှင့်အတူ ပူးပေါင်းလျက် ဘဝရှင်မင်းတရားကို ဆန့်ကျင်ထောင်ထားရန် ကြံစည်ပြီးဖြစ်သဖြင့် မင်းကြီးစေလိုက်သော အမတ်ဇလသင်္ဘကို လမ်းခရီးမှ ဆီးကြို၍ ကွပ်လေသည်။ ထို့ကြောင့် သက္ကရာဇ် ၉၃၀ ပြည့် နှစ်သီတင်းကျွတ်လတွင် ဘဝရှင်မင်းတရားကြီး နေပြည်တော်မှ ထွက်တော်မူ၍ ယိုးဒယားသို့ ဒုတိယအကြိမ် ချီပြန်သည်။

ဘုရင့်နောင်မင်းကြီး၏ ဒုတိယအကြိမ်အောင်မြင်မှု

မြန်မာတပ်များ ယိုးဒယားမြို့ကို ဝန်းရံထားစဉ် သက္ကရာဇ် ၉၃၁ ခုနှစ်၊ ကဆုန်လဆန်း (၂)ရက်နေ့တွင် ယိုးဒယားမင်း ဗြဟ္မဓိရာဇာ မြို့တွင်း၌ ကံတော်ကုန်သည်။ မင်းကြီးသည် ယိုးဒယားမြို့ရိုးကို ဝန်းရံ၍ အကြိမ်ကြိမ် လုပ်ကြံသော်လည်း မအောင်မြင်နိုင်သဖြင့် မိမိအပေါ်၌ ခံယူထားသော သစ္စာတော်ကို ဖောက်ဖျက်သည့် ယိုးဒယားမင်းကို ပရိယာယ်သုံး၍ပင် လက်စားချေသည်။ မိမိအပါးတွင် အမြဲခစားနေသော ယိုးဒယားအမတ်ကြီး အောက်ဗြစက္ကိုကို သစ္စာတော်ပေး၍ မြန်မာတပ်မှ လွတ်မြောက်လာဟန်နှင့် ယိုးဒယားမြို့တွင်းသို့ ဝင်စေသည်။ ယိုးဒယားဘုရင် ဗြမဟိန်လည်း အောက်ဗြစက္ကိုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆို၍ အမတ်ချုပ်ခန့်သည်။ မြန်မာတပ်များသည် အောက်ဗြစက္ကိုက အချိန်းအချက်ပေးထားသော ညဉ့်၌ အောက်ဗြစက္ကို ညွှန်ကြားသည့် တံခါးမှ ဝင်ရောက်လုပ်ကြံရာတွင်မှ ယိုးဒယားမြို့ ကို အောင်မြင်သည်။ ၉၃၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄)ရက်နေ့တွင် ယိုးဒယားမြို့ ပျက်လေသည်။

မင်းကြီးသည် ယိုးဒယားမင်းဗြမဟိန်နှင့် အမှူးအမတ်အပေါင်းတို့ကို အသက်ချမ်းသာပေးပြီးနောက် သစ္စာတော်ခံစေသည်။ ကံကုန်စဉ်က စစ်အတွင်းကာလဖြစ်၍ သင်္ဂြိုဟ်ရန် မစွမ်းနိုင်သောကြောင့် ပြဒါးသွပ်ထားသည့် ယိုးဒယား

မင်း ဗြသာဓိရာဇာ၏ အလောင်းကိုလည်း ကောင်းမွန်စွာ သင်္ဂြိုဟ်စေသည်။ မင်းကြီးသည် ယိုးဒယားကို ဒုတိယ အကြိမ် အောင်တော်မူရာတွင် 'ဗြမဟိန်မှစ၍ အမှူးအမတ် သူရဲသူခက် ဆင်ကောင်းမြင်းကောင်း အမြောက်သေနတ် တို့ကို ယူတော်မူသည်' ဟုသာ မှန်နန်းရာဇဝင်တော်ကြီး (ဒုတွဲ၊ စာ၊ ၄၁၈) တွင် ဖော်ပြထားပါသည်။ ဗြမဟိန်နှင့်တကွ မင်းကြီးယူခဲ့သော ယိုးဒယား အမှူးအမတ်သူရဲသူခက်တို့၏ အကြောင်းကို မှန်နန်းရာဇဝင်တော်ကြီးတွင် မည်သို့မျှ ဆက် လက်ဖော်ပြမထားသဖြင့် မင်းကြီး၏ လက်အောက်၌ ယင်း တို့၏ ကံကြမ္မာမည်သို့ရှိသည်ကို မသိရတော့ပါ။ ဘုရင့် နောင်ကို ဆက်ခံသော သားတော်ငါးဆူဒါယကာ နန္ဒာ ဘုရင်၏ လက်ထက်တွင် ရခိုင်နှင့် တောင်ငူတို့ ပူးပေါင်း လုပ်ကြံမှုကြောင့် ဟံသာဝတီ နေပြည်တော်ကြီး ပျက်သုဉ်း သောအခါတွင်မှ မြန်မာ့နန်းမြေမှ ယိုးဒယား မင်းဆွေမင်းမျိုးတို့ ယိုးဒယားသို့ ပြန်နိုင်တော့သည်ဟုသာ ယူဆရပါတော့မည်။

မင်းကြီး ယိုးဒယားကို ပထမအကြိမ် အောင်တော်မူ စဉ်က ယိုးဒယားမင်း ဗြသာဓိရာဇာ၏ သားမက်တော် ပိဿ လောက်စားကို ယခင်စားမြဲဖြစ်သော ပိဿလောက်မြို့ကိုပင် ပေးတော်မူခဲ့သည့် မင်းကြီး၏ စေတနာသည် မင်းကြီးအဖို့ ကောင်းသောအကျိုးကို ပေးခဲ့သည်ဟု ဆိုရပေမည်။ အဘယ် ကြောင့်ဆိုသော် မင်းကြီး ယိုးဒယားကို ပထမအကြိမ်

အောင်တော်မူခဲ့သည့် အချိန်မှစ၍ ပိဿလောက်စားသည် မင်းကြီး၏ သစ္စာတော်ကို စောင့်သိရိုသေသော မြို့စားဖြစ်ခဲ့သည်။ ထို့ကြောင့် ဘဝရှင်မင်းတရားကြီးသည် ပိဿလောက်စားကို စော်ဘွားသောင်ကျည်ဘွဲ့နှင့် ထပ်မံမြှောက်စားတော်မူခဲ့သည်။ ထို့ကြောင့်လည်း မင်းကြီးယိုးဒယားကို ဒုတိယအကြိမ် အောင်တော်မူသောအခါတွင် ပိဿလောက်စား စော်ဘွားသောင်ကျည်ကို ယိုးဒယားတွင် မင်းပြုစေခဲ့သည်။

ဘုရင့်နောင်၏ ယိုးဒယားသူ မိဖုရားငယ်များ

ယိုးဒယားမင်း စော်ဘွားသောင်ကျည်က မောင်းမကိုယ်လုပ်တော် (၁၅) ယောက်နှင့်အတူ (၁၇) နှစ်အရွယ် ဗြသဝန်မည်သော သမီးတော်ကို မင်းကြီးအား ဆက်သည်ဟု မှန်နန်း၊ ဒုတွဲ၊ စာ၊ ၄၂၃ တွင် ဖော်ပြပါသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကြီးကို ဆက်ခံသော သားတော် ငါးဆူဒါယကာ နန္ဒာဘုရင့်လက်ထက် ဟံသာဝတီ နေပြည်တော် ပျက်သုဉ်းစဉ် မြန်မာသက္ကရာဇ် ၉၆၁-ခုနှစ်တွင် တောင်ငူသို့ ချီလာပြီးနောက် မျိုးရိက္ခာပြတ်လတ်သဖြင့် မအောင်မြင်ဘဲ ပြန်လည်ဆုတ်ခွာသွားသော ယိုးဒယားမင်းမှာ ဗြနရစ် ဖြစ်ပါသည်။ (မှန်နန်း၊ တတွဲ၊ စာ၊ ၁၀၂-၁၀၅ တွင် ကြည့်ပါ)။

သို့သော် မှန်နန်း၊ တတွဲ၊ (စာ၊ ၇၂)တွင် ဘုရင့်နောင်မင်းကြီး၏ မိဖုရားများနှင့် သားတော်သမီးတော်တို့ကို ဖော်ပြရာတွင် 'ယိုးဒယားမင်း ဗြနရဇနမအမျိုးရုံတွင်မြင်သည်။ သမီးတော် မင်းအထွေးတစ်ပါးသာတည်း'ဟု ဆိုပါသည်။ ဤနေရာ၌ ဗြနရဇဘွဲ့ခံ စော်ဘွားသောင်ကျည်က သမီးတော် ဗြသဝန်အပြင် 'အမျိုးရုံ' အမည်ခံ နှမတော်ကိုလည်း ဆက်သည်လော သို့မဟုတ် မှန်နန်း၊ ဒုတွဲမှ သမီးတော် ဗြသဝန်သည် မှန်နန်း၊ တ-တွဲမှ နှမတော် 'အမျိုးရုံ'ပင် ဖြစ်သည်လောဟု စဉ်းစားစရာဖြစ်လာပါသည်။ ဘုရင့်နောင်မင်းကြီး၏ မိဖုရားများနှင့် သားတော်သမီးတော်တို့ကို ဖော်ပြရာတွင် မိဖုရားငယ်ဖြစ်သည့် ယိုးဒယားမင်းသမီးအဖြစ် တိတိကျကျ ဖော်ပြသည်မှာ အမျိုးရုံတစ်ဦးသာ ရှိပါသည်။

ယိုးဒယားမင်းစော်ဘွားသောင်ကျည်က မောင်းမကိုယ်လုပ်တော် (၁၅) ယောက်နှင့်အတူ (၁၇) နှစ်အရွယ် ဗြသဝန်မည်သော သမီးတော်ကို မင်းကြီးအား ဆက်သည်မှာ မင်းကြီးဒုတိယအကြိမ် ယိုးဒယားကို အောင်တော်မူသည့် သက္ကရာဇ် ၉၃၁-ခုနှစ်တွင် ဖြစ်ပါသည်။ မင်းကြီး ပထမအကြိမ် ယိုးဒယားကို အောင်တော်မူစဉ်က ဘုရင်ဗြသာဓိရာဇာ၏ သားမက်တော် ဝိဿလောက်မြို့စား (နောင်အခါတွင် စော်ဘွားသောင်ကျည်ဘွဲ့ခံ) ကို ယခင်စားမြဲဖြစ်သော ဝိဿလောက်မြို့စား (နောင်အခါတွင် စော်ဘွားသောင်ကျည်ဘွဲ့ခံ) ကို ယခင်စားမြဲ

ဖြစ်သော ပိဿလောက်မြို့ကိုပင် ပေးတော်မူသည်မှာ သက္ကရာဇ် ၉၂၆ ခုနှစ်တွင် ဖြစ်ပါသည်။ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး၊ ပတ္တဲ (စာ၊ ၄၁၇) တွင် ဖော်ပြသည့်အတိုင်း သက္ကရာဇ် ၉၄၃ ခုနှစ်တွင် 'ဗြနရစ်'ဘွဲ့ကို ခံယူကာ မြန်မာ မင်းကို ခြားနားသည့် ယိုးဒယားမင်းမှာ စော်ဘွားသောင် ကျည်မဟုတ်မူ၍ သောင်ကျည်၏သားသာ ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သက္ကရာဇ် ၉၂၇ ခုနှစ်တွင် ဇင်းမယ် ကို အောင်တော်မူစဉ်က မင်းကြီး၏ အမှုတော်ကို လာရောက် ထမ်းဆောင်သော 'ယိုးဒယားမင်းသားမက် သြယာဓမ္မရာဇာ' ကို လွှတ်တော်မူ၍ ပိဿလောက်သို့ ပြန်ရလေသည်ဟု မှန်နန်း၊ ဒုတွဲ၊ စာ၊ ၃၆၆ တွင် ဖော်ပြပါသည်။ ထို့ကြောင့် သက္ကရာဇ် ၉၂၇ ခုနှစ်တွင် ပိဿလောက်မြို့စား စော်ဘွားသောင်ကျည် သည် သြယာဓမ္မရာဇာဟူသော ဘွဲ့ကို ခံယူပြီးဖြစ်ပါသည်။

မင်းကြီးဒုတိယအကြိမ် ယိုးဒယားကို အောင်တော်မူ သောအခါတွင် မြို့တွင်း၌ ကံတော်ကုန်လေပြီးသော ယိုးဒယား ဘုရင် ဗြသာဓိရာဇာ၏ အလောင်းကောင်ကို မင်းကြီးနောက် တော်တွင် ပါလာသည့် သြယာဓမ္မရာဇာက သင်္ဂြိုဟ်ရသည် ဟု ဆိုပါသည်။ (မှန်နန်း၊ ဒုတွဲ၊ စာ၊ ၄၁၈)။ ထိုနှစ် (သက္ကရာဇ်-၉၃၁) ကပင် စော်ဘွားသောင်ကျည်၏ သြယာ ဓမ္မရာဇာဟူသောဘွဲ့သည် တွင်ကျယ်နေပြီ ဖြစ်သည်။ ထို့ ကြောင့် 'ဗြနရစ်'ဟူသော ဘွဲ့ကို ထပ်မံခံယူရန် မလိုအပ်ပါ

ဟုသာ ယူဆရမည်ဖြစ်ပါသည်။ ထို့ကြောင့် သက္ကရာဇ် ၉၄၃ ခုနှစ်တွင် 'ဗြနရစ်'ဘွဲ့ကို ခံယူကာ မြန်မာမင်းကို ခြားနားသည့် ယိုးဒယားမင်းမှာ စော်ဘွားသောင်ကျည်မဟုတ်မူ၍ သောင်ကျည်၏ သားသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မှန်နှန်း၊ တတွဲ (စာ၊ ၇၂)တွင် ဖော်ပြသည့် ဘုရင့်နောင်မင်းကြီး၏ မိဖုရားငယ်တစ်ပါးဖြစ်သည့် ယိုးဒယားမင်း ဗြနရစ်နှမ အမျိုးရုံသည် ငါးဆူဒါယကာ နန္ဒာဘုရင့်လက်ထက်တွင် ဟံသာဝတီနေပြည်တော် ပျက်သုဉ်းစဉ် မြန်မာသက္ကရာဇ် ၉၆၁-ခုနှစ်တွင် တောင်ငူသို့ ချီလာပြီးနောက် မျိုးရိုက်ခွာ ပြတ်လပ်သဖြင့် မအောင်မြင်ဘဲ ပြန်လည်ဆုတ်ခွာသွားသော ယိုးဒယားမင်း ဗြနရစ်၏ နှမ၊ စော်ဘွားသောင်ကျည်၏သမီး ဗြသဝန်ပင် ဖြစ်ဖွယ်ရာရှိပါသည်။

ဘုရင့်နောင်မင်းကြီးလက်ထက်မှ ယိုးဒယားမိဖုရား

ဘုရင့်နောင်မင်းကြီးလက်ထက် သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် ထောင်သင်းမှူး နဝဒေးကြီးပြုစုသော ယိုးဒယားမိဖုရား ဇာတ်းကို ကြားဖူးသူများက ဘုရင့်နောင်မင်းကြီးသည် ယိုးဒယားသူတစ်ဦးကို အထင်အရှား မိဖုရားမြှောက်ခဲ့သည်ဟု ထင်ကောင်းထင်ပါမည်။ ထိုဇာတ်းနှင့် ဂုဏ်ပြုခံရသော သမီးတော်သည် ယိုးဒယားသူ မဟုတ်ပါ။

'အနော်ရထာ စောမည်သာနှင့် သူဇာမပြား၊ မင်းနှစ်ပါး၏၊ သည်းကြားသက်နှင်း၊ မိရှင်ရင်းအား၊ နေမင်းမျိုးရိုး၊ ဘေးဘိုးနန်းဆက်၊ စဉ်မပျက်ကို၊ လေးနက်မှတ်သား၊ ကျွန်ုပ်ကြားသည်' ဟု

ဧချင်းတွင် လာရှိသည့်အတိုင်း ထိုမင်းသမီးသည် ဘုရင့်နောင်မင်းကြီး၏ သားတော် ဇင်းမယ်ဘုရင် အနော်ရထာမင်းစော၏ တစ်ဦးတည်းသော သမီးတော် ဖြစ်ပါသည်။ ထိုမင်းသမီးကို ယိုးဒယား ဘုရင်က မိဖုရားမွှောက်သည်ဟု ဆိုပါသည်။ (မြန်မာစာညွှန့်ပေါင်း ကျမ်း၊ ပတွဲ၊ စာ ၁၂၂-၁၂၃ တွင် ကြည့်ပါ)။ ထို့ကြောင့်ပင် ဤဧချင်းကို ယိုးဒယား မိဖုရား ဧချင်းဟု ခေါ်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ထိုမင်းသမီး၏ မောင်တော်သည် ခမည်းတော် အနော်ရထာ မင်းစော၏ အရိုက်အရာကို ဆက်ခံ၍ ဇင်းမယ်ဘုရင်ဖြစ်လာသဖြင့် ဤဧချင်းကို ဘုရင့်နှမတော်ဧချင်းဟုလည်း ခေါ်သည်ဟု ဆိုပါသည်။

ဤနေရာ၌ မြန်မာစာညွှန့်ပေါင်းကျမ်းတွင် ဖော်ပြသကဲ့သို့ ထိုမင်းသမီးကို မိဖုရားမွှောက်သည့် ယိုးဒယား ဘုရင်သည် မည်သူဖြစ်သည်ကို စစ်ကြောရန် လိုအပ်လာပါသည်။ ထိုမင်းသမီးသည် သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် ဖွားမြင်သဖြင့် သက္ကရာဇ် ၉၆၁ ခုနှစ်တွင် ထိုမင်းသမီးသည် အသက် (၂၀) ကျော်အရွယ်ရှိပေမည်။ မြန်မာစာညွှန့်

ပေါင်းကျမ်းတွင် ဖော်ပြသကဲ့သို့ ထိုမင်းသမီးကို ယိုးဒယား ဘုရင်က မိဖုရားမြှောက်ခဲ့လျှင် ထိုယိုးဒယားဘုရင်သည် သက္ကရာဇ် ၉၆၁ ခုနှစ်တွင် တောင်ငူသို့ ချီလာပြီးနောက် မျိုးရိုက်စွာ ပြတ်လပ်သဖြင့် မအောင်မြင်ဘဲ ပြန်လည်ဆုတ်ခွာသွားသော ယိုးဒယားမင်း ဗြနရစ်ပင် ဖြစ်ပေမည်။ ကုန်းဘောင်ဆက် ရာဇဝင်တော်ကြီး၊ ပတ္တဲ (စာ၊ ၄၁၇) တွင် ဖော်ပြသည့်အတိုင်း ယိုးဒယားမင်းသည် သက္ကရာဇ် ၉၄၃ ခုနှစ်တွင် 'ဗြနရစ်'ဘွဲ့ကို ခံယူကာ မြန်မာမင်းကို ခြားနားနေပြီဖြစ်သဖြင့် သက္ကရာဇ် ၉၄၃-ခုနှစ်နှင့် သက္ကရာဇ် ၉၆၁-ခုနှစ်များအတွင်းတွင် ယိုးဒယားမြန်မာ ရန်မီးပွားနေပြီဖြစ်ပါသည်။ ဤကဲ့သို့ ရန်မီးပွားနေချိန်တွင် ဇင်းမယ်မှ မြန်မာဘုရင် အနော်ရထာမင်းစောဏ၏ သမီးတော်ကို ထိုအခါက ယိုးဒယားမင်းက မိဖုရားမြှောက်သည်ဟူသော အဆိုမှာ စဉ်းစားစရာဖြစ်ပါသည်။

□ □ □

အပိုင်း (၂) ခန်း (၂)
ဇင်းမယ်မင်းမျိုးနွယ်များ
(ဘုရင့်နောင်လက်ထက်)

ဘုရင့်နောင်ကျော်ထင် နော်ရထာမင်းကြီး ပထမအကြိမ် ယိုးဒယားကို အောင်မြင်ပြီးနောက် ငါးလမျှကြာပြီးသော အခါတွင် ဇင်းမယ်ပြည်က ထောင်ထားသဖြင့် မြန်မာ သက္ကရာဇ် ၉၂၆ ခု၊ တန်ဆောင်မုန်းလတွင် ဟံသာဝတီ နေပြည်တော်မှ ဇင်းမယ်သို့ ချီပြန်သည်။ မင်းကြီး ဇင်းမယ် နယ်သို့ရောက်ရှိပြီးနောက် 'လပုန်း' အရပ်တွင် စခန်းချနေစဉ် ဇင်းမယ်မင်း 'ဗြဲသံ'က သားမယားများနှင့်အတူ ဆင်ကောင်း လေးစီးကို ဆက်၍ သစ္စာတော်ခံလာသည်။ သို့သော် ဇင်းမယ် ပြည်မှ ဇင်းငသည်မြို့စားသည် သားမယားများနှင့်အတူ ဇင်းမယ်မှ ထွက်ပြေး၍ လင်းဇင်း (လာအိုပြည်) သို့သွားရန် တောတွင် ပုန်းအောင်းနေသည်။ ဘဝရှင်မင်းကြီးသည်

ညီတော်ပြည်မင်းနှင့် ညီတော်တောင်ငူမင်းတို့၏ တပ်တော်များနှင့် ဇင်းမယ်သို့ ဆက်၍ ချီတော်မူပြီးနောက် မိုင်းလုံးတောတွင် ပုန်းအောင်းနေသည့် ဇင်းငသည် မြို့စား နောက်သို့ လိုက်သည်။ ဇင်းငသည်စားလည်း လွတ်အောင် မပြေးနိုင်သဖြင့် သမီးတော်ကို ဆက်၍ သားမယားများနှင့်အတူ မင်းကြီးထံသို့ လာ၍ သစ္စာတော်ခံသည်။ မင်းကြီး ဇင်းငသည် မြို့တွင် ရပ်နားနေစဉ်တွင် ညီတော်ပြည်ဘုရင်က လာအိုပြည်မှ ဇင်းရုံးမြို့ကို လုပ်ကြံသည်။ ဇင်းရုံးမြို့ပျက်၍ ဇင်းရုံးစား သားမယားနှင့် ထွက်ပြေးသော်လည်း ရရှိသော ဆင်ကောင်း မြင်းကောင်းများနှင့် သူရဲသူခက်တို့ကို ဇင်းငသည် မြို့သို့ ယူလာ၍ မင်းကြီးအား ဆက်သည်။

ဇင်းမယ်နှင့် လာအိုပြည်မှ ဇင်းရုံးကို အောင်မြင်ပြီးနောက် သက္ကရာဇ် ၉၂၇ ခု၊ နယုန်လတွင် နေပြည်တော်သို့ မင်းကြီးပြန်လည် ရောက်ရှိလာသောအခါတွင် ဇင်းမယ်မင်းဗြဲသံနှင့် သားမယားများကို လည်းကောင်း၊ ဇင်းငသည် မြို့စားနှင့် သားမယားများကိုလည်းကောင်း ဆောင်ယူခဲ့သည်။ ဘဝရှင်မင်းတရားကြီးက ယိုးဒယားမင်း ဗြဿာဓိရာဇာကို နေပြည်တော်၌ ကောင်းမွန်စွာထားသကဲ့သို့ပင် ဇင်းမယ် မင်းဗြဲသံကိုလည်း စကြော (စကြော = ဗုံအဆင့်) နှစ်ထပ်အိမ်ဖြူတွင် နေစေ၍ ကောင်းစွာ ပြုစုစောင့်ရှောက်၍ ထားတော်မူသည်။

(မှန်နန်း၊ ဒုတွဲ၊ စာ၊ ၃၈၉)

ဘုရင့်နောင်မင်းကြီး၏ ဇင်းမယ်သူ မောင်းမကိုယ်လုပ် တော်များ

ဘဝရှင်မင်းတရားကြီးသည် မင်းမျိုးနွယ်ဇင်းမယ်သူ အများအပြားကို နေပြည်တော်သို့ ဆောင်ယူလာခဲ့သော်လည်း မင်းကြီး၏ မောင်းမကိုယ်လုပ်တော် မိဖုရားငယ်များ၏ စာရင်း တွင် ဇင်းမယ်သူ ခင်ကောက်တစ်ဦးကိုသာ တွေ့ရပါသည်။ (မင်းကြီး၏ ကိုယ်လုပ်တော် မိဖုရားငယ်ဖြစ်သော) 'ဇင်းမယ် သူ ခင်ကောက်တွင် သမီးတော် ရာဇမိတ္တာတစ်ပါးသာတည်း။ မြောက်သားတော်ကား ပြည်ဘုရင် သတိုးဓမ္မရာဇာသား တိုင်တား မင်းတည်း' ဟုတွေ့ရပါသည် (မှန်နန်း၊ တတွဲ၊ စာ ၇၂)။ သို့သော် ထိုခင်ကောက်သည် ဇင်းမယ်မင်းဗြသံ၏ သမီးတော် လော သို့မဟုတ် ဇင်းငသည်မြို့စားက ဆက်သော သမီးလော သို့မဟုတ် သာမန်အရပ်သူလောဟု မေးစရာဖြစ်လာပါသည်။ သမီးတော် ရာဇမိတ္တာကို ပြည်ဘုရင် သတိုးဓမ္မရာဇာ တိုင်တား မင်းနှင့် လက်ဆက်စေသဖြင့် ခင်ကောက်သည် ဇင်းမယ်မင်း မျိုးနွယ် ဖြစ်ဖွယ်ရှိပါသည်။ မြန်မာ့နန်းမြေရောက် ဇင်းမယ် မင်းမျိုးနွယ်တို့၏ အကြောင်းကို ရာဇဝင်တော်ကြီးများ၌ တွေ့ရသည်မှာ ဤမျှသာ ဖြစ်ပါသည်။

□ □ □

အပိုင်း (၂) ခန်း (၃)
လင်းဇင်း (လာအို) မင်းမျိုးနွယ်များ
(ဘုရင့်နောင်လက်ထက်)

ဇင်းမယ်မင်း 'ဖြသံ'က သားမယားများနှင့်အတူ ဆင်ကောင်းလေးစီးကို မင်းကြီးအားဆက်၍ သစ္စာတော်ခံသည့် အချိန်တွင် ဇင်းမယ်ပြည်မှ မြို့စားသုံးဦး (လက္ခန်းမြို့စား၊ အနန်းမြို့စား၊ တုရိုင်းမြို့စား) တို့သည် လာအိုပြည်သို့ ထွက်ပြေးကြသည်။ လာအိုပြည်တွင် လာအို ဘုရင်ဖြစ်စစ်နှင့် ပူးပေါင်း၍ မိုင်းစံမြို့တွင် အခိုင်အလုံခံနေကြသည်။ ဘဝရှင်မင်းတရားကြီးသည် ဇင်းမယ်ကို အောင်မြင်ပြီးနောက် သက္ကရာဇ် ၉၂၇-ခု၊ နတ်ယုန်လတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသောအခါတွင် သားတော်ဥပရာဇာ (နောင်အခါတွင် နန္ဒာဘုရင် ဖြစ်လာသူ) နှင့်အတူ သားမက်တော် အင်းဝဘုရင် သတိုးမင်းစော၊ တူတော် သာယာဝတီစား မင်းရဲကျော်ထင် တို့၏ တပ်များက မိုင်းစံ မြို့ကို ဝိုင်းဝန်း၍ လုပ်ကြံနေကြပြီဖြစ်သည်။ မြန်မာတပ်များ အလုံးအရင်းဖြင့် မြို့ကို ဖောက်ထွင်း၍ ဝင်နိုင်သောအခါတွင် ဖြစ်စစ်သည် သားမယားတို့ကိုပင် မယူနိုင်ဘဲ အလုံးအရင်းနှင့် မြို့တွင်းမှ ထွက်ပြေး၍ တောတွင် ပုန်းအောင်းနေသည်။

သက္ကရာဇ် ၉၂၈ သားတော် ဥပရာဇာ သားမက်တော် အင်းဝဘုရင် သတိုးမင်းစောနှင့် သာယာဝတီစား မင်းရဲကျော်ထင်တို့၏ တပ်တော်များ မင်းကြီး၏ ခွင့်ပြုချက်ဖြင့် နေပြည်တော်သို့ ပြန်လည် ရောက်ရှိလာသောအခါတွင် မိုင်းစံမြို့မှ သိမ်းယူခဲ့သည့် လင်းဇင်းခေါ် လာအိုမှ နန်းတွင်းသူ နန်းတွင်းသားများကို ရာဇဝင်တော်ကြီးများတွင် အောက်ပါအတိုင်း တွေ့ရပါသည်။

- လင်းဇင်းမင်း ဖြစ်စစ်၏ မိဖုရားခေါင်ကြီးဖြကြည်
- လင်းဇင်းမင်း ဖြစ်စစ်၏ မိဖုရား ယိုးဒယားမင်းသမီး မနုရာ
- လင်းဇင်းမင်း ဖြစ်စစ်၏ မိဖုရား ကျိုင်းတုံစော်ဘွားသမီး သီရိမာ
- လင်းဇင်းမင်း၏ တူမ သီရိလူတာ
- လင်းဇင်းအမတ်များ၏ သမီးများဖြစ်သည့် ကိုယ်လုပ်တော် နှစ်ကျိပ်ကျော်။

၄င်းတို့အားလုံးကို အဝတ်အစား အသုံးအဆောင် အစေအပါး ပေးတော်မူ၍ နန်းတော်တွင်းတွင် ကောင်းစွာနေရသည်။ လင်းဇင်းမင်းညီ မိုင်းစံမြို့စား ဥပရဇ် (ဥပရာဇာ) ယင်းသောအခါ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ကိုလည်း အဆောင်အယောင်အခြေအရံ အိမ်ရာပေးတော်မူ၍ အပါးတော်တွင် မပြတ်စွဲမြဲရသည်။ လင်းဇင်းက ရခဲ့သော လူတစ်ထောင်ကျော်ကိုလည်း အကြီးနှင့် အစုအကွက်ချ၍ အမှုတော်ကို ထမ်းစေသည်။ (မှန်နန်း၊ ဒုတွဲ၊ စာ ၃၇၉)။

ဘုရင့်နောင်မင်းကြီး၏ လင်းဇင်း (လာအို) သူ မောင်းမကိုယ်လုပ်တော်များ

ဘုရင့်နောင်မင်းကြီးသည် ဇင်းမယ်နှင့် ယိုးဒယားသူများ ထက် လင်းဇင်း (လာအို) သူများကို ပို၍ သဘောတွေ့ ဟန်တူပါသည်။ မင်းကြီး၏ မောင်းမကိုယ်လုပ်တော် မိဖုရား ငယ်များ၏ စာရင်းတွင် ယိုးဒယားသူကိုယ်လုပ်တော်အဖြစ် ဗြုနရဇ နှမနှင့် ဇင်းမယ်သူ ကိုယ်လုပ်တော်အဖြစ် ခင်ကောက် တစ်ဦး စုစုပေါင်းနှစ်ဦးကိုသာ တွေ့ရသော်လည်း ထိုစာရင်း တွင် လင်းဇင်း (လာအို) သူများကိုကား ငါးဦးအထိ တွေ့ရပါ သည်။ ၄င်းတို့မှာ ဇင်းရုံးမင်းသမီးအကြီး၊ ဇင်းရုံး မင်းသမီး အငယ်၊ လင်းဇင်းသူ သုဓမ္မ၊ လင်းဇင်းသူ ခင်နှင်းနွယ်၊ လင်းဇင်းသူ 'ရိုအရုံရုံ'တို့ဖြစ်ပါသည်။ (မှန်နန်း၊ တတွဲ၊ စာ ၇၀-၇၂)။ ဇင်းရုံးမင်းသမီးအကြီးတွင် သမီးတော် 'ညွန့်သစ်' တစ်ပါးသာ မြင်သည်။ လင်းဇင်းသူ သုဓမ္မတွင် သားတော် 'သြရပ်' နှင့် သမီးတော် ရာဇကလျာကိုမြင်သည်။ လင်းဇင်းသူ ခင်နှင်းနွယ်တွင် သားတော် ရှင်မြတ်ကျော်ကို မြင်သည်။ ရှင်မြတ်ကျော်သည် မင်းရဲကျော်ထင်ဘွဲ့ကို ခံ၍ ဇင်းမယ်တွင် မိုင်းသတ်မြို့ကို စားရသည်။ လင်းဇင်းသူ 'ရိုအရုံရုံ' တွင် သမီးတော် ဘုန်းမျိုးမြတ်တစ်ပါးသာ မြင် သည်။ ဇင်းရုံးမင်းသမီး အငယ်တွင် သားတော် ကုမ္ဘာကျော်သူ တစ်ပါးသာမြင်သည်ဟု သိရပါသည်။

□ □ □

အပိုင်း (၂) ခန်း (၄)

ယိုးဒယားဇင်းမယ်နှင့် လာအိုမင်းမျိုးနွယ်များ

(ငါးဆူဒါယကာ နန္ဒာဘုရင့်လက်ထက်)

ခမည်းတော် ဘုရင့်နောင်မင်းကြီးလက်ထက်တွင် မြန်မာ့နန်းမြေ၌ ယိုးဒယား၊ ဇင်းမယ်နှင့် လာအိုမင်းမျိုးနွယ်များ အများအပြား ရှိသော်လည်း တောင်ငူခေတ် ငါးဆူဒါယကာ နန္ဒာဘုရင်၏ မိဖုရား များနှင့် မောင်းမကိုယ်လုပ်တော်များ၏ စာရင်းတွင် ယိုးဒယားသူ သော်လည်းကောင်း၊ ဇင်းမယ်သူ သော်လည်းကောင်း၊ လာအိုသူသော်လည်းကောင်း တစ်ဦး တစ်ယောက်မျှမတွေ့ရပါ။ သို့သော် မှန်နန်း၊ တတွဲ (စာ ၇၀) တွင် ဘုရင့်နောင်မင်းကြီး၏ မောင်းမကိုယ်လုပ်တော် မိဖုရားငယ်များကို ဖော်ပြရာတွင် ဇင်းရုံးမင်းသမီး (အကြီး) တွင် သမီးတော် 'ညွန့်သစ်' တစ်ပါးသာတည်း။ ဒီမင်းသမီးကို တောင်ငူရောက် မင်းတရားနန်းတင်လေသည်' ဟု ဆိုပါသည်။ ငါးဆူဒါယကာ နန္ဒာဘုရင်သည် တောင်ငူတွင် အိမ်နီမ့်စံ အဖြစ်နေရစဉ်က နတ်ရှင်နောင် လုပ်ကြံ၍ ကံတော်ကုန်သဖြင့် ရာဇဝင်တော်ကြီးတွင် ထိုမင်းကို တောင်ငူရောက်မင်းတရား ဟုလည်း ဖော်ပြပါသည်။ ထို့ကြောင့် နန္ဒာဘုရင်၏ မိဖုရား ငယ်တစ်ပါးသည် လင်းဇင်းလာအိုသူ ဇင်းရုံး မင်းသမီးနှင့် ခမည်းတော်ဘုရင့်နောင်တို့၏ သမီးတော် 'ညွန့်သစ်' ဖြစ် သည်ဟု မှတ်ယူရပါမည်။

□ □ □

အပိုင်း (၂) ခန်း (၅)
ကုန်းဘောင်ခေတ် ယိုးဒယားမင်းမျိုးနွယ်များ
(ဆင်ဖြူရှင်လက်ထက်)

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဒုတိယသားတော် မြေဒူးမင်းခေါ် ဆင်ဖြူရှင်မင်းတရားလက်ထက်၌ မြန်မာတို့သည် ဒုတိယအကြိမ်တရုတ်တို့၏ ကျူးကျော်မှုကို တွန်းလှန်နေရစဉ် မြန်မာသက္ကရာဇ် ၁၁၂၉ ခုနှစ်၊ တန်ခူးလဆို့စစ်သူကြီး နေမျိုးသီဟပတေ့၏ ဦးဆောင်မှုဖြင့် မြန်မာတို့သည် ယိုးဒယားကို တတိယအကြိမ် အောင်မြင်ခဲ့ပြန်သည်။ ထိုအခါက ယိုးဒယား၌ နန်းထိုင်နေသော ဘုရင်မှာ ၉၃၁ ခုနှစ်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကြီး ယိုးဒယားကို ဒုတိယအကြိမ်အောင်တော်မူပြီးနောက် သစ္စာတော်ပေး၍ နန်းတင်ခဲ့သော စော်ဘွားသောင်ကျည်၏ သားစဉ်မျိုးဆက်မှ ဆင်းသက်လာသည့် 'ကျောက်ဘွားဇကာဒသရာဇာ' ဖြစ်သည်။ မြန်မာတို့ ဥမင်းတူး၍ ဖြိုသော ယိုးဒယားနန်းမြို့ရိုးပြိုကျရာမှ မြန်မာစစ်သည်တို့ ဆင်ပုံမြင်းပုံနှင့် မြို့တွင်းသို့ဝင်၍ အထွေးထွေးအယှက်ယှက် ပစ်ခတ် ထိုးခုတ်နေကြစဉ်တွင် ယိုးဒယားမင်းသည် မိဖုရားသားသမီးတို့နှင့် နန်းမြို့အနောက်တံခါးမှ ရုပ်ဖျက်၍ ထွက်ရန် ကြိုးပမ်းနေစဉ်တွင် ကျည်သင့်၍ ကံကုန်၏။ ယိုးဒယားမင်းက လည်တွင် သံကွင်း

တပ်၍ အကျဉ်းချထားသော ညီတော် 'ကျောက်ဘွားထောက်တို' ဘွဲ့ခံ 'ဗြအုံစောစံ' ကို အကျဉ်းမှထုတ်၍ ယိုးဒယားမင်းကို ရှာဖွေစေရာတွင် လက်နက်ထိ၍ ကံတော်ကုန်သော အလောင်းကို တွေ့သည်။ ယိုးဒယားမင်း၏ အလောင်းကို မြို့တွင်း၌ ကောင်းမွန်စွာ သင်္ဂြိုဟ်စေသည်။

ထိုအခါက မြန်မာ့နန်းမြေသို့ ခေါ်ဆောင်ခဲ့သော ယိုးဒယားမင်းမျိုးနွယ်တို့ကို ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီး (ပတ္တဲ၊ စာ ၄၁၂-၄၁၃) တွင် ပုဂံဝန်ထောက်ဦးတင်က အပြည့်အစုံ တိတိကျကျ မှတ်တမ်းတင်ထားပါသည်။ ၄င်းတို့မှာ -

ယိုးဒယားမင်း၏ မိဖုရားလေးပါး-မင်းမောက်၊ မန်မင်း၊ မွန်သီ၊ မွန်သီလာတို့နှင့် မင်းမိဖုရား ကိုယ်လုပ်တော် ရှစ်ရာကျော်။

ယိုးဒယားမင်း၏ ညီတော် ၁၂ ပါး- ဗြအုံစောစံ၊ သူအူပဒုမ္မရာဇာ၊ ကျဝါအံစွတ်၊ ဗြအုံစောတရိုက်၊ ဗြအုံစောသံ၊ ဗြအုံစော နေရမွန်၊ ဗြအုံစောကွန်၊ ဗြအုံစောစရစ်၊ ဗြအုံစော ဘူနရ၊ ဗြအုံစောသင်၊ ဗြအုံစောကွန်မိတ်၊ ဗြအုံစောသူချမ်း။ (စာရေးသူ၏ မှတ်ချက်-ထိုညီတော် ၁၂-ပါးတွင် ဗြအုံစောစံသာလျှင် မိဖုရားခေါင်မှ မွေးဖွားသော ညီတော်ဖြစ်၍ အခြားညီတော်များမှ အခြားမိဖုရားများမှ ဖွားမြင်သူများ ဖြစ်တန်ရာပါသည်)။

ယိုးဒယားမင်း၏ နှမတော် ၁၄ ပါး-စောဘွားပရမတ်၊ စောဘွားသူရပုံ၊ စောဘွားအိန္ဒ၊ သူဒါဝတီ၊ စောဘွားမုံကွဲ၊

စောကေသွန်၊ စောအုံကြအွံ့ (Sao Ohn Kra-uam)၊ စောဘွားကြအွတ်၊ ဟုံစောလံပူ၊ ဟုံစောပဖွတ်၊ ဟုံစောကြံကွန်၊ ဟုံစောသံအံ၊ ဟုံစောသုံကြည်၊ ဟုံစောအိမ်။

(စာရေးသူ၏ မှတ်ချက် - ဤနှမတော် ၁၄ ပါးသည်လည်း မိဖုရားအမျိုးမျိုးမှ ဖွားမြင်သူများဖြစ်တန်ရာပါသည်။)

ယိုးဒယားမင်း၏ သားတော် (၃) ပါး - ဗြအုံစောပပိုက်၊ ဗြအုံစောသူတေဉ်၊ ဗြအုံစောသေဉ်။

ယိုးဒယားမင်း၏ သမီးတော် (၄) ပါး - ဟုံစောပတိ၊ စောဘွားနွဲ့၊ သဘန်းဘွင့်မင်းသမီး၊ စောလွတ်ကြာ။

ယိုးဒယားမင်း၏ မြေးတော် ယောကျ်ား ၁၄ ပါး - မွန်ချည်ပီး၊ မွန်စာ၊ မွန်သူဝတီ၊ မွန်သွန်ကြည်၊ မွန်သူငယ်၊ မွန်သူလတ်၊ မွန်သူကရွန်၊ မွန်သွန်ဘူ၊ မွန်သူခွန်၊ မွန်သွန်သင်း၊ မွန်မရွန်၊ မွန်သူဘန်၊ မွန်ဥတ္တမံ၊ မွန်ပိုက်ထွန်း။

ယိုးဒယားမင်း၏ မြေးတော်မိန်းမ ၁၄ ပါး မွန်မလွာ၊ မွန်ဆရာ၊ မွန်ဇဝက်၊ မွန်အံ့ပိုင်၊ မွန်အခွန်၊ မွန်အဘံ၊ မွန်သံ၊ မွန်မလိုက်၊ မွန်သူရဝတ်၊ မွန်ဆတာ၊ မွန်မွင်၊ မွန်သစ်၊ စောသည်၊ စောတန်။

ယိုးဒယားမင်း၏ တူတော်များ (နောင်တော်၏ သား ၂ ပါး) - ဗြအုံစောတန်၊ ဗြအုံစောမင်း။

ယိုးဒယားမင်း၏ တူမတော်များ (နောင်တော်၏ သမီး ၂ ပါး) - စောဒါရာ၊ စောရှိ။

စုစုပေါင်း မိဖုရား ၄ ပါး

ညီတော်	၁၂	ပါး
နှမတော်	၁၄	ပါး
သားတော်	၃	ပါး
သမီးတော်	၄	ပါး
မြေးယောကျ်ား	၁၄	ပါး
မြေးမိန်းမ	၁၄	ပါး
တူတော်	၂	ပါး
တူမတော်	၂	ပါး

ဘုရင့်မိသားစုမှ စုစုပေါင်း ၆၉ ပါး အပါအဝင် မင်းမျိုးနွယ် စုစုပေါင်း မင်းဆွေမင်းမျိုး မိန်းမယောကျ်ား နှစ်ထောင်ကျော်ပါသည်။ (ကုန်းဘောင်ခေတ်ဆက်၊ ပတ္တဲ၊ စာ ၄၁၂-၄၁၃)

မင်းမျိုးနွယ်တို့နှင့်အတူခေါ်ဆောင်ခဲ့သည့် အရေးပါသော မှူးကြီးမတ်ကြီးများမှာ -

ဝန်ကြီးဘယားပလခံ၊ ဝန်ကြီးဘယားဘူရ၊ အတွင်းဝန်ဘယား မွန်သီ၊ အတွင်းဝန်ဘယားမွန်သပိုတိုက်၊ ရွှေတိုက်ဝန်ဘယားသရဘတ်၊ ကျိုဝန်ဘယားဘလဒေပ၊ မြို့ဝန်ဘယားရမယာ၊ သေနတ်ဝန် လုံဟူရတိုက် စုစုပေါင်း ကိုးယောက်ဖြစ်သည်။

မင်းမျိုးနွယ်များ မှူးကြီးမတ်ကြီးများနှင့်အတူ သူဌေးသူကြွယ်များနှင့် ပညာသည် မြောက်အမြားကိုလည်း ဆောင်ယူခဲ့သည်။ ခေါ်ဆောင်ခဲ့သော အရပ်သူအရပ်သားများ၏

အိမ်ထောင်စုများကို ခရီးလမ်း၌ ကြီးကြပ်ထိန်းသိမ်းပေးရန် မြန်မာစစ်မှုထမ်းတို့အား ရာထူးအလိုက် အိမ်ထောင်စုဦးရေ သတ်မှတ်၍ တာဝန်ပေးသည်။ ရာထူးအလိုက် အိမ်ထောင်စု ဦးရေသတ်မှတ်၍ တာဝန်ပေးသည့် အချိုးအစားမှာ အောက် ပါအတိုင်းဖြစ်သည်။

တပ်မှူးတစ်ယောက်လျှင် အိမ်ထောင်စုံ ၁၀၀
စစ်ကဲတစ်ယောက်လျှင် အိမ်ထောင်စုံ ၇၅
နာခံတော်တစ်ယောက်လျှင် အိမ်ထောင်စုံ ၅၀
တပ်ရေးတစ်ယောက်လျှင် အိမ်ထောင်စုံ ၅
ရဲမက်တစ်ယောက်လျှင် အိမ်ထောင်စုံ ၂

ဤနှုန်းထားအတိုင်း စုစုပေါင်း အိမ်ထောင်စုံ တစ်သိန်း ခြောက်ထောင့်တစ်ရာရှိသည်ဟု ဆိုပါသည်။ (ကုန်းဘောင် ဆက်၊ ပတွဲ၊ စာ ၄၁၅)

ဆင်ဖြူရှင်မင်းကြီးသည် ယိုးဒယားမင်း၊ မိဖုရား၊ သမီး၊ နှမ၊ မြေးတို့ကို မည့်ဦးနွမ်းစေရအောင် နန်းတော်အတွင်းမှာ အိမ်နှင့် ချည်းထားတော်မူ၍ မူးတော် မတ်တော်တို့ကို တစ်ပါးစီအပ်၍ ပြုစုစေသည်။ ယိုးဒယားမင်း၊ သား၊ ညီ၊ မြေးယောက်ျားတို့ကိုမူကား အပြင်အိမ်မှာ ထားတော်မူ၍ မျိုးရိက္ခာအဝတ်အစား အသုံးအဆောင် လုံလောက်အောင် ပေးတော်မူသည်။ ယိုးဒယားမှူးမတ် ဆင်းရဲသား ဆိုသမျှကို လည်း အစုအကွက်ချ၍ နေစေသည်။ (ကုန်းဘောင်ဆက်၊ ပတွဲ၊ စာ ၄၁၈)

ဤနေရာ၌ စိတ်ပါဝင်စားသူများ၏ စိတ်တွင် အတွေး တစ်ခု သို့မဟုတ် သုတေသနမေးခွန်းတစ်ခု ပေါ်လာနိုင်ပါ သည်။ 'မြန်မာ့နေပြည်တော်သို့ ရောက်လာသော မင်းမျိုးနွယ် များနှင့်တကွ အရပ်သူ အရပ်သားများနှင့် ပညာသည်များ၏ ဘဝသည် နောင်လာသည့် မြန်မာ့သမိုင်းခေတ် အဆက် ဆက်တွင် မည်သို့မည်ပုံရှိခဲ့သနည်း' ဟူသည့် အတွေးတစ်ခု ပင် ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်၌ (ခုနှစ်ရက်သာ အုပ်စိုးခဲ့သော ဖောင်းကားစားမောင်မောင်ကို စာရင်းမတင်ပါက) ဆင်ဖြူရှင် မင်း၏ နောက်တွင် ဆက်ခံအုပ်စိုးသော မင်းခုနစ်ဆက်ရှိပါ သည်။ (စဉ့်ကူး၊ ဘိုးတော်၊ ဘကြီးတော်၊ သာယာဝတီ၊ ပုဂံ၊ မင်းတုန်း၊ သီပေါ)။ သီပေါမင်း လက်ထက်တွင်မှ မြန်မာ့ထီးနန်းပျက်သုဉ်းသဖြင့် ကုန်းဘောင်ခေတ်၌ မြန်မာ ပြည်သို့ ရောက်လာသော ယိုးဒယား အရပ်သူအရပ်သားများ သည်လည်းကောင်း၊ ယိုးဒယားမင်းမျိုးနွယ်များသည်လည်း ကောင်း၊ ယင်းတို့၏ သားစဉ်မြေးဆက်တို့သည်လည်းကောင်း ထိုမင်းခုနစ်ဆက် အုပ်စိုးခဲ့သော အချိန်ကာလအတွင်းတွင် မြန်မာပြည်တွင် နေထိုင်လျက် မြန်မာတို့နှင့် သွေးနှောသွား သည်ဟူ၍သာ ယူဆရမည်ဖြစ်ပါသည်။ မြန်မာပြည်သို့ ရောက် လာသော ယိုးဒယားအနုပညာရှင်များနှင့် စာပေပညာရှင် များကြောင့် မြန်မာ့ဂီတ၊ မြန်မာ့သဘင်နှင့် မြန်မာစာပေတွင် အထူးသဖြင့် ဘကြီးတော်ဘုရားလက်ထက်မှ စတင်၍ ပေါ် ပေါက်လာသည့် ဖွဲ့ဖြိုးတိုးတက်မှုများသည် ယခုမျက်မှောက်

ခေတ်၌ အထင်အရှား ရှိနေပြီဖြစ်ပါသည်။ ထို့ကြောင့်ပင်လည်း ဆင်ဖြူရှင်မင်းလက်ထက်တွင် မြန်မာပြည်သို့ ရောက်လာသော ယိုးဒယားလူမျိုးအများစုသည် မြန်မာပြည်တွင်သာသားစဉ်မြေးဆက် ဆက်လက်နေထိုင်ကြ၍ ကာလကြာမြင့်သောအခါတွင် မြန်မာတို့နှင့် သွေးနှောသွားသည်ဟု ယူဆရမည် ဖြစ်ပါသည်။

အင်းဝဆင်ဖြူရှင် မြေဒူးမင်းလက်ထက်တော်တွင် မြန်မာ့နေပြည်တော်သို့ ရောက်ရှိလာသော ယိုးဒယားမင်းမျိုးနွယ်များတွင် ယိုးဒယားမင်း၏ ညီတော် 'ကျောက်ဘွားထောက်တို' ဘွဲ့ခံ 'ဗြဒုံစောစံ'၏ ဘဝသည် စိတ်ဝင်စားဖွယ်ကောင်းပါသည်။ 'ဗြဒုံစောစံ'သည် သားတော်အငယ် ဖြစ်သော်လည်း ခမည်းတော်မင်းကြီး ဗြသီရိခမ္မရာဇာက သားတော်ကြီး ကျောက်ဘွား ဧကာဒသ်သည် ထီးနန်းကို ထိန်းအုပ်နိုင်မည့် သူမဟုတ်ဟု ထင်မြင်သောကြောင့် မိမိမရှိလျှင် သားတော်ငယ် 'ကျောက်ဘွားထောက်တို'ကိုသာ ထီးနန်းလွှဲအပ်ရန် မှူးမတ်တို့အား မှာခဲ့သည်။ မှူးမတ်တို့သည် ဗြသီရိခမ္မရာဇာမင်းကြီးမှာခဲ့သည့်အတိုင်း ညီတော် 'ကျောက်ဘွားထောက်တို'ကို မင်းမြှောက်ကြသည်။ နန်းတက်၍ လေးငါးရက်ရှိလျှင် ဘုရင်ကျောက်ဘွား ထောက်တိုသည် သာသနာပိုင် ဆရာတော်၏ ကျောင်းသို့သွား၍ ရဟန်းပြုပါရစေဟု လျှောက်ထားသည်။ သာသနာပိုင်က ရဟန်းမပြုသင့်ကြောင်း၊ မင်းကျင့်တရားဆယ်ပါးကို စောင့်ထိန်း၍ တိုင်းပြည်ကို အုပ်ချုပ်သင့်ကြောင်း ပြော၍ နန်းတော်သို့ ပြန်စေသည်။ နောက်သုံးလ

ခန့်ရှိလျှင် ကျောက်ဘွားထောက်တိုသည် ကျောက်ဘွား ၈ကာ ဒသ်ကို နန်းတော်သို့ခေါ်၍ ထီးနန်းကို လွှဲအပ်ပြီးနောက် ရဟန်းပြုသည်။

မြန်မာတပ်တော်များ မြို့တွင်းသို့ ဝင်ရောက်လာသော အခါ လည်တွင် သံကွင်းတပ်၍ အကျဉ်းချထားသော ဘုရင့် ညီတော်ကို တွေ့ရသည်ဟုသာ ရာဇဝင်တော်ကြီးတို့တွင် ဖော်ပြထားသော်လည်း အဘယ်ကြောင့် ဤကဲ့သို့ အပြစ်ပေး ခံရသည်ကို ရာဇဝင်တော်ကြီးတို့တွင် ဖော်ပြမထားပါ။ သက္ကရာဇ် ၁၁၂၉ ခုတွင် ကျောက်ဘွားထောက်တို အင်းဝသို့ ရောက်လာသောအခါတွင် ရဟန်းဝတ်နှင့် ရောက်လာခြင်း ဖြစ်သည်။ သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် ဘိုးတော်မင်းတရား အမရပူရမြို့နန်းတည်ပြီးသောအခါတွင် ကျောက်ဘွားထောက်တိုလည်း အမရပူရမြို့တော်သို့ရောက်လာ၍ (၁၃) နှစ် သီတင်းသုံးပြီးနောက် သက္ကရာဇ် ၁၁၅၈ ခုနှစ်တွင် ပျံလွန်တော်မူသည်။ (ကုန်းဘောင်ဆက်၊ ပတ္တဲ၊ စာ ၄၁၇-၄၁၈)

ဆင်ဖြူရှင်မင်းကြီး၏ နန်းမြေ၌ ယိုးဒယားသူ အမြောက် အမြားရှိသော်လည်း ကုန်းဘောင်ဆက်ရာဇဝင်တော်ကြီးတွင် ဆင်ဖြူရှင်မင်းကြီး၏ မိဖုရားများနှင့် မောင်းမကိုယ်လုပ်တော်တို့ကို ဖော်ပြရာတွင် ယိုးဒယားသူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါ။ မင်းကြီး၏ မထင်ရှားသော ကိုယ်လုပ်တော်များတွင် ယိုးဒယားသူများ ရှိကောင်းရှိမည်ဖြစ်သော်လည်း မင်းကြီးသည် မည်သည့်ယိုးဒယားသူကိုမျှ အထင်အရှား နန်းမတင်ခဲ့ပါဟု ယူဆရမည်ဖြစ်ပါသည်။

□ □ □

နောက်ဆက်တွဲ

စစ်ပွဲများမှ သိရသမျှ တရုတ်-မြန်မာ သေနာပတိများနှင့် တပ်မှူးများဇိုလ်များ

ပထမစစ်ပွဲ

တရုတ်

သေနာပတိ — ရည်တာလောရဲ

မြန်မာ

သေနာပတိ — လက်ဝဲဝင်းမှူးနေမျိုးစည်သူ စစ်ကဲဗလမင်းထင်

ကျိုင်းတုံခံတပ်တပ်မှူးများ — ရွှေတောင်တက်၊ သီရိန်သူ၊ ရဲလှနရာ

ဒုတိယစစ်ပွဲ

တရုတ်

သေနာပတိများ — ရင်စုတာရည်၊ ဆင်တာလောရဲ

မြန်မာ

သေနာပတိ — ဝန်ကြီးမဟာသီဟသူရ လက်ဝဲဝင်းမှူး နေမျိုးစည်သူ ဝန်ကြီးမဟာစည်သူ (မိုင်းလောအရောက်တွင် နာမကျန်းဖြစ်၍ နေပြည်တော်သို့ အမိန့်တော်အရ ပြန်ရသည်)

ကျိုင်းတုံခံတပ်စစ်ကဲ	ကျိုင်းတုံမြို့ဝန် ဗလမင်းထင်
တပ်မှူးများ	ဓမ္မတာ၊ ပုတ္တစံလွန်၊ ဗညားဦး
ကင်းထောက်တပ်မှူး	ရာမကျော်ထင်
ဗိုလ်များ	သမန်သာဗိုလ်၊ မက္ခရာဗိုလ်

တတိယစစ်ပွဲ

တရုတ်

သေနာပတိများ	မြင်းခုံရဲ
	(တရုတ်ဧကရာဇ်၏ သားမက်)
	စူတာလောရဲ (ဧကရာဇ်၏ ညီ)
ဗိုလ်များ	စူတာလောရဲ၏ ယောက်ဖ
	ဗိုလ်ခဲဝါဗိုလ်၊
	ပန်းသေးဗိုလ်၊ ရည်စုံရဲ၊
	ရည်တာရဲ၊ ကွင်လောရဲ
	(၄င်းတို့၏ မြင်းများနှင့်တကွ မြန်မာ
	တို့က ဖမ်းမိသည်)

မြန်မာ

သေနာပတိများ	ဝန်ကြီးမဟာ သီဟသူရ
	ဝန်ကြီးမဟာ စည်သူ
	လက်ဝဲဝင်းမှူး နေမျိုးစည်သူ
ကျိုင်းတုံခံတပ်စစ်ကဲ	ကျိုင်းတုံမြို့ဝန် ဗလမင်းထင်

တပ်မှူးများ- လက်ဝဲ ကောင်းထွတ်
ဒီပစက်ရောင်၊ ရွှေပြင်းကြီး
(မြင်းခုံရဲ၏ တပ်များကို ခုခံနေစဉ်
ကျဆုံးသူ များတွင် ပါဝင်သည်)
ရန်ဂူးသီရိနော်ရထာ

စတုတ္ထစစ်ပွဲ

တရုတ်

သေနာပတိများ သူကုန်ရဲ၊ အာကုန်ရဲ၊ ယွန်းကုန်ရဲ
ဗိုလ်မှူးများ လျည်းရည်းမြို့စား ရိုတာရည်၊
ဟိုက်တာရည်
ဗိုလ်များ နင်ကျန်ဗိုလ်ဆင်တာရည်
သူကျင်မြို့စားရိတာရည်
စေတမန် ကွေ့စေဗိုလ်

မြန်မာ

သေနာပတိများ ဝန်ကြီးမဟာသီဟသူရ
စစ်ကဲများ လက်ဝဲဝင်းမှူး နေမျိုးစည်သူ
အမြောက်ဝန် နေမျိုးသီဟသူ
တိမ်ကြားမင်းခေါင် (အရှေ့ဝင်းမှူး)
ရွှေတောင်နော်ရထာ
(မြောက်ဘက်မြင်းဝန်)

မိုးမိတ်စော်ဘွား၊ ကျော်ထင်ရာဇာ
ကိုးသင်းမြင်းဝန် နေမျိုးမဟာသူရ
ကျိုင်းတုံခံတပ်စစ်ကဲ ကျိုင်းတုံမြို့ဝန်ဗလမင်းထင်
တပ်မှူးများ မကွရာဗိုလ်၊ မင်းရဲဇေယျကျော်ထင်၊
ကသည်းဝန်၊ လေးတော်စား
မြေထဲစာ၊ မင်းရဲရန်နောင်၊
လယ်ကိုင်းစား၊ မင်းကြီးဂါမဏိစန္ဒ၊
ဗိုလ်မှူးမင်းရဲသီဟ၊ ရန်ဂူးသီရိနော်ရထာ
ဗိုလ်များ စံလှကြီး၊ ဓမ္မတာ၊ ဗညားဦး
ရွှေတောင်ငယ်၊ သမန္တာရဲ၊ အဂ္ဂရဲ၊
မြင်းတစ်ရာတပ်ဗိုလ်ဘရုံးစား၊
မင်းငယ်ဗလ၊ လိုင်ဗိုလ်၊ တုရင်သိပ္ပ၊
တုရင်စစ်၊ ကျော်ဂသူ၊ သူရိန်တန်ဆောင်
ကျားရွာဗိုလ်၊ ဆပ်ပြာကုန်းဗိုလ်
စေတမန် ငချစ်ကြွယ်

ကျမ်းကိုးစာရင်း

- မြန်မာစာညွှန့်ပေါင်းကျမ်း၊ ပတွဲ၊ ဦးမြင့်ကြည် (မြန်မာစာအဖွဲ့ ဦးစီးဌာန) တည်းဖြတ်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ၁၉၉၁ ခုနှစ်၊ ရန်ကုန်။
- မှန်နန်းရာဇဝင်တော်ကြီး၊ ဒုတိယတွဲနှင့် တတိယတွဲ၊ ပြည်ကြီး မဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၂၉ ခုနှစ်၊ ရန်ကုန်။
- ဦးမောင်မောင်တင် (ပုဂံဝန်ထောက် ဦးတင်)၊ ကုန်းဘောင်ဆက် မြန်မာရာဇဝင်တော်ကြီး၊ ပတွဲ၊ လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်၊ ၁၃၂၉ ခုနှစ်၊ တတိယ အကြိမ်၊ ရန်ကုန်။
- Rob Attor, ed., History Magazine, Feb.2014
- Faria Y Sousa, Manuel De. 'Asia Portuguesa' three vols., Craebeeck, Lisbon: 1666-74. (Translation into English by Captain John Stevens and published by Brome in London, 1695: cited in Harvey.)
- Fytche A., "Burmg Past and Present", two Vols., Pub. Kegan Paul, London: 1878.
- Harvey, G.E. 'History of Burma", Longman, London: 1925.

- Htin Aung, Naung"A Hustirt if /byrna", Columbia University press, New York and London: 1967.
- JASBengal (Journal of the Asiatic Society, Bengal): 1835. (Cited in Harvey).
- Luce, G.H. 'Chinese Invasions of Burma in the Eighteenth Century', J.B.R.S., Vol.xv (1925).
- Warry, W. 'A precis of Chinese State Papers', printed departmentally in Rangoon. Warry was Adviser on Chinese Affairs to Government of Burma circa 1893. (Cited in Harvey)
- ဗြိတိန်နိုင်ငံ လေကြောင်းတိုက်ပွဲနှင့်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်နှင့်လည်းကောင်း ပတ်သက်သမျှ အကြောင်းအရာများအတွက် ဒုတိယကမ္ဘာစစ်အပြီးတွင် စာရင်းဇယားမှတ်တမ်း အထောက်အထား အပြည့်အစုံနှင့် အင်္ဂလန်၌ ထုတ်ဝေသည့် Orbis, World War II Magazine; (Edt.) Eddy Bauer and Peter Young; Chapters 1 to 26: 1957 ကို ကိုးကားပါသည်။

ဒေါက်တာသိန်းထွန်း

(ကိုယ်ရေးအကျဉ်း)

၁၉၄၄-ခုနှစ်တွင် ငါးသိုင်းချောင်းမြို့၌ မွေးဖွားသည်။ အဖ ဦးတင်၊ အမိ ဒေါ်မြကြည် ဖြစ်သည်။ ၁၉၆၅-ခုနှစ်တွင် အရှေ့တိုင်း ပညာ ဘာသာရပ်ဖြင့် ဝိဇ္ဇာဂုဏ်ထူးတန်း အောင်သည်။ ၁၉၆၅-ခုနှစ် မှ ၁၉၇၂-ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်း ပညာဌာနတွင် နည်းပြဆရာအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၇၆-ခုနှစ်တွင် ဆစ်ဒနီမြို့ မက္ကာရီတက္ကသိုလ်မှ ဘာသာဗေဒ မဟာဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို ရရှိသည်။ ၁၉၇၉-ခုနှစ်တွင် ဩစတြေးလျနိုင်ငံ Canberra University မှ စာကြည့်တိုက်ပညာ ဘွဲ့လွန် ဒီပလိုမာ Post-Grad. Dip. Lib. ကို ရရှိသည်။ ၁၉၈၀-ခုနှစ်တွင် ၁၉၈၆-ခုနှစ်အထိ ဩစတြေးလျနိုင်ငံ၏ သုတေသီပညာရှင် (Commonwealth Research Fellow) အဖြစ် မက္ကာရီတက္ကသိုလ်တွင် အမှုထမ်းခဲ့သည်။ ၁၉၈၆-ခုနှစ်တွင် မက္ကာရီ တက္ကသိုလ်မှ ဘာသာဗေဒပါရဂူ (Ph.D) ဘွဲ့ကို ရရှိသည်။ ၁၉၈၆-ခုနှစ်မှ

၁၉၉၉-ခုနှစ်အထိ မဲလ်ဘုန်းမြို့လာထြေဖ်တက္ကသိုလ်တွင် ဘာသာဗေဒနှင့် ဘာသာစကားသိပ္ပံဆိုင်ရာ ကထိကအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၉၀-ခုနှစ်တွင် ကိမ်းဘရစ်တက္ကသိုလ် (Cambridge University, School of Medieval and Modern Languages, Phonetics Laboratories) တွင် ဧည့်သုတေသီ (Visiting Research Fellow) အဖြစ် လေးလ အမှုထမ်းခဲ့သည်။ ၁၉၉၂-ခုနှစ်တွင် ဘန်ကောက်မြို့ မဟီဒေါ် တက္ကသိုလ်တွင် ဘာသာဗေဒနှင့် ဘာသာစကား သိပ္ပံပညာဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။

၁၉၇၅-ခုနှစ်မှ ၁၉၉၆-ခုနှစ်အတွင်း ဘာသာဗေဒနှင့် ဘာသာစကား သိပ္ပံပညာဆိုင်ရာ လေ့လာပြုစုထားသော သုတေသန တွေ့ရှိချက်များကို အပြည်ပြည်ဆိုင်ရာ သုတေသန စာစောင်များတွင် ရေးသားတင်ပြခဲ့သည်။ ၁၉၉၂-ခုနှစ်မှ ၁၉၉၄-ခုနှစ်များအတွင်း လာတြုံဗ်တက္ကသိုလ်၌ သုံးနှစ်တာ သုတေသနလုပ်ငန်းအတွက် ဩစတြေးလျနိုင်ငံ သုတေသနကောင်စီ၏ သုတေသနဆုငွေ ဒေါ်လာကိုးသောင်း ချီးမြှင့်ခြင်းခံရသည်။ ၁၉၉၆-ခုနှစ်တွင် ဩစတြေးလျ နိုင်ငံလုံးဆိုင်ရာ သိပ္ပံအကယ်ဒမီ (Australian Academy of Sciences) ၏ ဘာသာစကား သင်ကြားရေးမူဝါဒ ဆပ်ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည်။

ဒေါက်တာသိန်းထွန်းရေးသားခဲ့သော စာအုပ်များ

ဝင်းရတနာစာပေမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ

(အမှတ်-၅၁၃၊ ၄၆-ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း)

(အမှတ်-၄၉၊ သီရိမြိုင်လမ်း၊ ဘောက်ထော်၊ ရန်ကုန်မြို့။ ဖုန်း-၇၂၄၉၅၁၊ ၀၉ ၇၃၀၉၀၁၂၆)

- ချစ်သမီးများသို့ အဆင့်မြင့် အင်္ဂလိပ်စာရေးနည်း ဖတ်နည်း သဒ္ဒါသစ် (၂၀၀၃)
- တည်ဆောင်မှုသဒ္ဒါနှင့် စံပြအင်္ဂလိပ်စာစီစာကုံးများ (ပထမအကြိမ်၊ ၂၀၀၅)
- လေလှိုင်းသဒ္ဒဗေဒနှင့် မြန်မာ့သဒ္ဒဝိဝုမိုနိယာမဗေဒ (လေလှိုင်းသဒ္ဒဗေဒနှင့် မြန်မာစကားသံပြောင်းလဲမှုစနစ်) Acoustic Phonetics and the Phonology of the Myanmar Language (၂၀၀၇)
- မြန်မာ-အင်္ဂလိပ်နှင့် အင်္ဂလိပ်-မြန်မာ အသုံးအနှုန်းအဘိဓာန် (၂၀၀၉)
- ပေးစာရေးနည်းလက်စွဲနှင့် စံပြအင်္ဂလိပ်စာစီစာကုံးငယ်များ (၂၀၁၁)
- မြန်မာဘာသာစကား၏ သိမ်မွေ့မှုများ (၂၀၁၂)
- ရှိတ်စပီးယား အသည်းနှလုံး၏ စကားပုလဲကုံးများ အမှတ်(၁) ရိမီယိုနှင့် ဂျူးလီယက် (၂၀၁၃)

အင်္ဂလိပ်စာပေအိမ်မှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ

- ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမှုနောက်ကွယ်မှ နှစ်ဘက်ချုန်းလောက်ကောင်များ
- မြန်မာ့အတွေးနှင့် အင်္ဂလိပ်စာအရေးအတွက် လက်တွေ့လေ့ကျင့်ခန်းများ (၂၀၁၆)

ဩစတြေးလျနိုင်ငံတွင် ထုတ်ဝေပြီးသော စာအုပ်များ

- "A short Guide to Advanced English Writing Skills". (for native and non-native speakers), New Century Publications, Bundaberg, Australia, 2000.
- "ESL student Workbook of Advanced English Sentence Construction Skills". (U Thein Tun and Shirley Patricia Schmitt), New Century Publications, Bundaberg, Australia, 2001.
- "Burmese Phonology: Interaction of Meaning, Grammar, Prosody and Segments". New Century Publications, Bundaberg, Australia, 2009.

□ □ □

ဗြိတိသျှတို့၏ လေကြောင်းတိုက်ပွဲ နှင့် ဆင်ဖြူရှင်လက်ထက် မြန်မာတို့၏ မျိုးချစ်စစ်ပွဲ

နိ ဒ် း ယု ဉ် ချ က်
ဒေါက်တာသိန်းထွန်း

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမဏီ၏ နာဇီအာဏာရှင် "ဟစ်တလာ"သည် အင်္ဂလိပ်ရေလက်ကြားကို ကူး၍ ဗြိတိန်နိုင်ငံကို သိမ်းပိုက်ရန်အတွက် လေကြောင်းစစ်ပွဲကို စတင်ခဲ့သည်။ လေကြောင်းစစ်ပွဲ စတင်သောအခါက ဗြိတိန်နိုင်ငံ၏ တိုက်လေယာဉ်နှင့် လေသူရဲ (fighter pilot) ဦးရေသည် နာဇီတို့၏ ထက်ဝက်မျှသာ ရှိခဲ့သည်။ သို့သော် ဗြိတိသျှလူငယ်တို့သည် အရေးပေါ် ရက်တို လေသူရဲသင်တန်းကို တက်ရောက်ကာ တိုင်းပြည်အတွက် နှစ်လအတွင်း နာဇီ လေတပ် ဦးကျိုးသွားအောင် တိုက်နိုင်ခဲ့သည်။ ဗြိတိသျှသုတေသီတို့က နောင် အခါတွင် ဤနှစ်လမျှသော သမိုင်းကာလကို ဗြိတိန်နိုင်ငံ၏ ပြောင်မြောက်ဆုံး သော သမိုင်းကာလ (Britain's finest hour) ဟု အမည်ပေး၍ သမိုင်းကို ပြုစုကြသည်။

မြန်မာတို့သည်လည်း ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက်က မြန်မာ တစ်နိုင်ငံလုံးကို သိမ်းပိုက်ရန် (၄) နှစ်အတွင်း လေးကြိမ်တိုင်တိုင် ကျူးကျော် ခဲ့သည့် မိမိတို့ထက် အဆပေါင်းများစွာ အင်အားကြီးမားသည့် တရုတ်တပ်ကြီး ကို လေးကြိမ်တိုင်တိုင်ပင် ပြတ်ပြတ်သားသား တိုက်ခိုက်တွန်းလှန်နိုင်ခဲ့သည်။ ဤစာအုပ်တွင် "မြန်မာတို့ ပြောင်မြောက်ခဲ့သော သမိုင်းကာလ" နှင့် "ဗြိတိသျှ တို့ ပြောင်မြောက်ခဲ့သော သမိုင်းကာလ" ဤသမိုင်းကာလနှစ်မျိုးကို နှိုင်းယှဉ်၍ တင်ပြထားပါသည်။

သူ့ခေတ်နှင့်သူ ခေတ်ကာလ၏ အခြေအနေများကို ထည့်သွင်းစဉ်းစား၍ မည်သည့် ကာလက မည်သည့်ကာလထက် ပိုမိုပြောင်မြောက်ခဲ့သည်ကို စာရှုသူများက အဆုံးအဖြတ်ပေးရန်ပင် ဖြစ်ပါသည်။